ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ Friday, 8 September 2017 (၉၀၄၁)

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ စွယ်တော်မြတ်စေတီတော်သို့ သွားရောက်ဖူးမြော်

စာမျက်နှာ » ၅

ကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသားကျောင်းသူများ လတ်တလောပညာသင်ကြားနိုင်ရေး အသုံးစရိတ်များ ကူညီထောက်ပံ့

စာမျက်နှာ » ၈

ကနီမြို့နယ်တွင် ပျားရည်ထုတ်လုပ်ငန်းရာသီ သုံးလအတွင်း တစ်ရက်လျှင် လူဦးရေ ၁၅၀၀ ကျော် အလုပ်အကိုင်ရရှိ

စာမျက်နှာ » ၁၁



Photo: Narendra Modi/Twitter

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသည့် အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ရင်းနှီးခင်မင်စွာ နှုတ်ဆက်စကားပြောစဉ်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသည့် အိန္ဒိယဝန်ကြီးချုပ်အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကြိုဆိုနှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်း(ယခင်တာဝါလိန်းလမ်း) အမှတ်(၂၅)ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✱

ဒစ်ဂျစ်တယ်နည်းပညာကမ္ဘာမှာ စာတတ်မြောက်ရေးသည်အခရာ

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခါသမယအတွက်
ယူနက်စကိုညွှန်ကြားရေးမှူးချုပ် Ms.Irina Bokova ထံမှ ပေးပို့သောသဝဏ်လွှာ
ဒစ်ဂျစ်တယ်နည်းပညာကမ္ဘာမှာ စာတတ်မြောက်ရေးသည်အခရာ
၂၀၁၇ ခုနှစ် စက်တင်ဘာ (၈) ရက်

ဒစ်ဂျစ်တယ်နည်းပညာများသည် ကျွန်ုပ်တို့၏လူနေမှုဘဝ ကမ္ဘာအသီးသီးသို့ စိမ့်ဝင်ထိုးဖောက်ဝင်ရောက်လျက်ရှိပြီး မည်သို့မည်ပုံ နေထိုင်လုပ်ကိုင် သင်ယူပေါင်းသင်းဆက်ဆံကြရမည်ကို အခြေခံကျကျ ပုံသွင်းဖော်ဆောင်ပေးလျက်ရှိပေသည်။

ဆန်းသစ်သော နည်းပညာရပ်များသည် ကျွန်ုပ်တို့၏ လူနေမှုဘဝတိုးတက်မြင့်မားစေရေးနှင့် ကမ္ဘာအနှံ့ချိတ်ဆက်ဆက်သွယ်နိုင်စေရေးအတွက် မဟာအခွင့်အလမ်းသစ်များစွာကို ဖွင့်ပေးလျက်ရှိပေသည်။ သို့ရာတွင် စာတတ်ခြင်းကဲ့သို့ အရေးပါသော စွမ်းရည်များချို့တဲ့သူများအတွက် မူဘောင်အကန့်အသတ်များဖြစ်ပေါ်လာစေသောကြောင့် ယင်းတို့ကို စီမံကိုင်တွယ်ထိန်းချုပ်ရန် လိုအပ်ပေသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱

KBZ BANK
STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

နက်ရှိုင်းလျက်ရှိသော မြန်မာ-အိန္ဒိယချစ်ကြည်ရေး

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး (တစ်နည်း)တိုင်းပြည်၏ ကဏ္ဍပေါင်းစုံရှိ နိုင်ငံသူနိုင်ငံသားတို့၏ စွမ်းဆောင်ရည်မြင့်မားရေးသည် အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ဖြတ်သန်းခဲ့ရသော အတိတ်သမိုင်းအခြေအနေတို့အရ မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတကာ၏ပံ့ပိုးကူညီမှု လိုအပ်လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်တက်ကြွကြွကူညီဆောင်ရွက်နေသည်မှာ ကြိုဆိုဂုဏ်ပြုရမည့်ကိစ္စရပ် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံက ပခုက္ကူနှင့်မြင်းခြံမြို့များတွင် စက်မှုသင်တန်းကျောင်းများတည်ထောင်ရန် မြန်မာနိုင်ငံကို ကူညီပံ့ပိုးပေးခဲ့ပြီးဖြစ်ပါသည်။ ပခုက္ကူနှင့်မြင်းခြံမြို့များတွင် ရရှိခဲ့သောအတွေ့အကြုံတို့ကို အခြေခံလျက် အိန္ဒိယနိုင်ငံက မုံရွာနှင့်သထုံမြို့တို့တွင် စက်မှုသင်တန်းကျောင်းနှစ်ခုကို ထပ်မံကူညီတည်ထောင်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ စက်မှုအတတ်ပညာ မြင့်မားလာရေးအတွက် ထပ်မံအားသစ်လောင်းလိုက်ခြင်း ဖြစ်ပါသည်။ စက်မှုအတတ်ပညာနှင့် သိပ္ပံနည်းပညာတို့သည် ဆက်စပ်လျက်ရှိသည့်အားလျော်စွာ မြန်မာလူငယ်တို့အကြား သိပ္ပံနည်းကျစူးစမ်းလိုစိတ်ကို ပျိုးထောင်ပေးရန် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံကို နက္ခတ်တာရာပြခန်းတစ်ခု တည်ဆောက်ပေးရန် ကမ်းလှမ်းခဲ့ခြင်းသည် ကြိုဆိုရမည့်ကိစ္စရပ် ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တိုင်းပြည်လူဦးရေ၏ သုံးပုံနှစ်ပုံခန့် မှီခိုနေရသောကဏ္ဍဖြစ်၍ မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးသိပ္ပံပညာရပ် ထွန်းကားလာရန် အရေးတကြီးလိုအပ်နေပါသည်။ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးအဆင့်မြင့်ဗဟိုဌာနတို့ ပုံမှန်လည်ပတ်နိုင်ခြင်းအတွက် အိန္ဒိယနိုင်ငံ၏ ပံ့ပိုးကူညီမှုကို ကျေးဇူးတင်ဂုဏ်ပြုရမည်ဖြစ်ပါသည်။စိုက်ပျိုးရေးသုတေသနဌာနတွင် တည်ထောင်ထားသော ဆန်စပါးဇီဝဥယျာဉ်သည် ဆန်စပါးကို အဓိကထားစိုက်ပျိုးထုတ်လုပ်သော မြန်မာနိုင်ငံအတွက် များစွာအရေးပါပါသည်။

တိုင်းပြည်၏ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိုင်တီကျွမ်းကျင်မှုမြင့်မားရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံက မြန်မာ-အိန္ဒိယသတင်းအချက်အလက်နှင့် နည်းပညာဗဟိုဌာနနှင့် မြန်မာ-အိန္ဒိယ အိုင်တီကျွမ်းကျင်မှုအရည်အသွေးမြှင့်တင်ရေး ဗဟိုဌာနတို့တွင် ပံ့ပိုးမှုကာလ သက်တမ်းတိုးမြှင့်ရန်ဆုံးဖြတ်ခဲ့ခြင်းသည် ကျေးဇူးတင်ဝမ်းမြောက်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ သံတမန်သင်တန်းကျောင်းတွင် မြန်မာသံတမန်များအတွက် ပုံမှန်သင်တန်းများ ဖွင့်လှစ်ပေးရန် အိန္ဒိယနိုင်ငံက ဆုံးဖြတ်ခဲ့ခြင်းသည် နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုခိုင်မာစေသည့် ခြေလှမ်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်း ၁၅၀ ကို အိန္ဒိယနိုင်ငံရှိ သင်တန်းကျောင်းများတွင် အင်္ဂလိပ်ဘာသာစကား ငါးနှစ်တာကာလအထိ နှစ်စဉ်သင်ကြားပေးမည်ဟူသော အစီအစဉ်သည် နိုင်ငံ့ဝန်ထမ်းယန္တရားတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသွားမည် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံက ရမည်းသင်းရှိ အမျိုးသမီးရဲလေ့ကျင့်ရေးသင်တန်းကျောင်း အဆင့်မြှင့်တင်ရေးနှင့် ရန်ကုန်မြို့တွင် ရဲသင်တန်းကျောင်းဖွင့်လှစ်ရေးတို့ကို စီစဉ်ဆောင်ရွက်နေခြင်းသည်လည်း မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးအတွက် အထောက်အပံ့ကောင်းတို့ကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နက်ရှိုင်းစွာ ကူညီပံ့ပိုးနေသော အိန္ဒိယနိုင်ငံကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ပထမလေးလပတ်အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၇

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ပထမလေးလပတ်အစည်းအဝေးကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ယမန်နေ့ နံနက် ၉ နာရီကပြုလုပ်ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ အမြဲတမ်းအတွင်းဝန် ဦးရည်မွန်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (ယာပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အသင်းဝင်များ ညီညွတ်စွာဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ ဒေသနေ ပြည်သူများ အလုပ်အကိုင်ရရှိရေးကို တစ်ဖက်တစ်လမ်းမှ တတ်နိုင်သမျှ ကူညီပေးရေး၊ ဟိုတယ်များ သန့်ရှင်းသပ်ရပ်၍ ဝန်ဆောင်မှုအဆင့်မြင့်မားရေးအတွက် ကြိုးပမ်းကြရန် မှာကြားသည်။

ထို့နောက် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်က ဇန်နဝါရီလ မှ ဩဂုတ်လအထိ ဇုန်အလိုက် လုပ်ဆောင်မှုများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဝင် ဟိုတယ်များတွင် ဝင်ရောက်သည့် ဧည့်သည်များ၏ ဝင်ရောက်မှုစာရင်း ပုံစံ-စီနှင့် မြနန်းစံကျော် ရွှေနန်းတော်နှင့် ရှေးဟောင်း အင်းဝမြို့ဟောင်းတို့နှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းမှ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းသည်။ ကော်မတီအဖွဲ့ဝင်များက မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေ (မူကြမ်း)နှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပေါ်တွင် ပြင်ဆင်ဖြည့်စွက်အကြံပြုလိုသော အကြောင်းအရာများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မီးသတ်ယာဉ်များအလွယ်တကူဝင်ရောက်ရေထည့်နိုင်ရန် ရေတင်စက်အဆောက်အအုံများထားရှိ

ပြည် စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး(အနောက်) ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန တည်ဆောက်ရေး(၂) ပြည်မြို့ ဘုရားကြီးဆည်မြောင်းဝင်းအတွင်း၌ မီးသတ်ယာဉ်များ အချိန်မရွေးအလွယ်တကူ ဝင်ရောက်ရေထည့်နိုင်ရန်အတွက် ရေတင်စက်အဆောက်အအုံတစ်လုံး တည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံရေသိုလှောင်ကန်မှာ ရေဂါလန် ၈၀၀၀ ခန့် ဝင်ဆံ့နိုင်ပြီး ရေထည့်နိုင်စွမ်းဂါလန်မှာ တစ်နာရီလျှင် ဂါလန် ၈၀၀၀ ထည့်နိုင်သည်။ အလားတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂) ပြည်မြို့၏ ခေတ္တရာဆည်မြောင်း ဝင်းအတွင်း၌ မီးသတ်ယာဉ်များ အချိန်မရွေးအလွယ်တကူ ဝင်ရောက်ရေထည့် နိုင်ရန် ရေတင်စက် အဆောက်အအုံတစ်လုံး တည်ဆောက်ထားရှိပြီး ဖြစ်သည်။

(ကြေးမုံ)

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၇

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇွန်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၉၆ ဒသမ ၄၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၄ ဒသမ ၂၈ သန်း စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၀ ဒသမ ၆၉ သန်းဖြစ်သည်။ ပုံမှန် သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၃၈ ဒသမ ၄၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၀ ဒသမ ၅၁ သန်း စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၉၈ ဒသမ ၉၂ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇွန်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၄၉ ဒသမ ၆၁ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၄၈ ဒသမ ၂၃ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၃၀ ဒသမ ၅၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၉၀ ဒသမ ၅၄ သန်း စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၂၁ ဒသမ ၀၄ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၈၆၃ ဒသမ ၅၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၁၁ ဒသမ ၂၃ သန်း စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၇၄ ဒသမ ၇၅ သန်း ဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇွန်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၇၇၉၅ ဒသမ ၇၉ သန်းဖြစ်ပြီး ကုန်သွယ်မှု လိုငွေအမေရိကန်ဒေါ်လာ ၁၃၅၃ ဒသမ ၇၁ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရသည်။

(ကြေးမုံ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်(ရွှေဈေး) ၉၄၇၅၀၀ - ၉၄၇၅၀၀ မန္တလေး(ရွှေဈေး) ၉၄၇၅၀၀ - ၉၄၇၅၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၆၇၀/၆၉၅ ကျပ်၊	၆၉၀/၇၁၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၇၂၅/၇၄၅ ကျပ်၊	၈၁၀/၈၃၅ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၆၈၀/၇၀၅ ကျပ်၊	၇၂၀/၇၄၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၆၉၀/၇၁၅ ကျပ်၊	၇၁၀/၇၃၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၄၀/၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀/၆၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၀/၆၇၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၃၅၉. ၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၆၂၀. ၄
(ဂ)	တရုတ်	တစ်ယွမ်	=	၂၀၈. ၃၉
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၁. ၀၂၀
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၂၂. ၂၇
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၁. ၂၁၅
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၂၄၅. ၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၂၀. ၃၂
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၈၇. ၀
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၀၇. ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲသင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ဈေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်း အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ လှည့်လည်ကြည့်ရှုစဉ်။

*** ရွှေဖုံးမှ**

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်သည် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ထမင်းစားခန်း၊ ဧည့်ခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများ အိပ်ခန်း၊ အထူးအစည်းအဝေးခန်းနှင့် ပြတိုက်ပရဝဏ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါလာကြသည့် အိန္ဒိယသမ္မတနိုင်ငံမှ Asian News International(ANI) နှင့် Doordarshan News(DD News) သတင်းဌာနတို့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံမေးမြန်းမှုပြုလုပ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သည် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင် (၁၉)ရက် ကျဆုံးခဲ့သည့်နေ့အထိ မိသားစုနှင့်အတူ နေထိုင်ခဲ့သောနေအိမ်ကို ပြတိုက်အဖြစ် ခင်းကျင်းပြသထားခြင်းဖြစ်သည်။ ခြံဝင်းအကျယ်မှာ ၂ ဒသမ ၄၂၃ ဧကဖြစ်ပြီး မြေကွက်မှာ ဘဲဥပုံသဏ္ဌာန်ဖြစ်သည်။ နေအိမ်အဆောက်အအုံအား ခြံဝင်းအတွင်းရှိ ၁၈ ပေ မြင့်သည့် ကုန်းပေါ်တွင် တောင်ဘက်သို့မျက်နှာစာပြုကာ တည်ဆောက်ထားသည်။ ယင်းအဆောက်အအုံကို ၁၉၂၁ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အနောက်တိုင်း ဗိသုကာပုံစံ ရောနှောတည်ဆောက်ထားသည့် ၂၀ ရာစု ဥရောပပုံစံ ဖြစ်သည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့တွင်း ကြည့်ရှုလေ့လာကာ ပြန်လည်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်သည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ပူဇော်၍ အလှူငွေများပေးအပ်လှူဒါန်းပြီး လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြကာ သာသနိကဆိုင်ရာ အဆောက်အအုံများကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ပရိဝုဏ်အတွင်းရှိ ပန်းဥယျာဉ်၌ အထိမ်းအမှတ်အဖြစ် ဗောဓိညောင်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အာဇာနည်ဗိမာန်သို့ သွားရောက်ကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပန်းဘဲတန်းမြို့နယ်ရှိ ကာလီဘာရီဘုရားကျောင်းသို့ သွားရောက်ပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူရှိခိုးပူဇော်ဆုတောင်းကြကာ ဂေါပကအဖွဲ့ဝင်များ၊ အကျိုးတော်ဆောင်များနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ သွားရောက်လေ့လာကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဖာရ်ရှားဂူဗိမာန်သို့ သွားရောက်ဂါရဝပြုကြသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော်အား အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဖာရ်ရှားဂူဗိမာန်တွင် ဂါရဝပြုစဉ်။

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

ပြုံယမ်းနျူကလီးယားအရေးသည် ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိဟု သမ္မတပူတင် ပြောကြား

မော်စကို စက်တင်ဘာ ၇

မြောက်ကိုရီးယားနျူကလီးယားစမ်းသပ်မှုသည် ဒေသတွင်းလုံခြုံရေးကိုထိခိုက်စေသည့် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်ဦးသဘောတူပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ခေါင်းဆောင်နှစ်ဦးက ရုရှားနိုင်ငံအရှေ့ဖျားပိုင်းရှိ ဗလာဒီဗိုစတုတ်ခ်မြို့တွင်ကျင်းပသည့် နိုင်ငံတကာ စီးပွားရေးဖိုရမ်ကို တက်ရောက်ပြီးနောက် သီးခြားတွေ့ဆုံခဲ့သည်။ ထို့နောက် သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစမ်းသပ်မှုသည် ဒေသတွင်းနိုင်ငံများအတွက် အဓိကကျသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက သဘောတူပြောကြားခဲ့သည်ဟု ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဆိုသည်။

ထို့ပြင် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက မြောက်ကိုရီးယား၏ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များ ပစ်လွှတ်မှုနှင့် ခြောက်ကြိမ်မြောက်ဒုံးကျည် အပြင်းစားစမ်းသပ်ပစ်လွှတ်မှုကိုလည်း ရှုတ်ချပါကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ယခုကဲ့သို့ နျူကလီးယားလက်နက်များကို ဆက်လက်စမ်းသပ်ပစ်လွှတ်ဦးမည်ဆိုပါက ၎င်း၏ ရှေ့အနာဂတ်အတွက် ကောင်းမွန်သည့်အကျိုးကျေးဇူးများရရှိနိုင်မည် မဟုတ်ကြောင်းနှင့် ယခုလုပ်ရပ်များကို နားလည်သဘောပေါက်က ၎င်း၏ ကျင့်သုံးလျက်ရှိသည့် မူဝါဒကို ပြောင်းလဲသင့်သည်ဟု ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဆိုသည်။

ခေါင်းဆောင်နှစ်ဦးအနေဖြင့် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အခြားသောအစည်းအဝေးများ၌ ဆုံးဖြတ်ချက်ချမှတ်သည့်ကိစ္စရပ်များတွင် အတူတကွပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယား၏ နျူကလီးယားအရေးကို ဖြေရှင်းရာတွင် နိုင်ငံရေးနှင့်သံတမန်အရေးနှင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။ ကနဦးလုပ်ဆောင်ရမည့်အရာမှာ ဒေသတွင်းတင်းမာမှုများကို ပြေလျော့စေရန် လုပ်ဆောင်သင့်ကြောင်းနှင့် ဒေသတွင်းနိုင်ငံအချင်းချင်း ဆွေးနွေးပွဲများပြုလုပ်ကာ ညှိနှိုင်းအဖြေရှာသင့်ကြောင်း သမ္မတပူတင်က ဆိုသည်။

ယခုပြောကြားခဲ့သည့် ဖြေရှင်းရေးနည်းလမ်းသည် ရုရှားနှင့်တရုတ်နိုင်ငံတို့ ချပြထားသည့် လမ်းပြမြေပုံတစ်ခု၏ အနှစ်ချုပ်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ။

တောင်ကိုရီးယားတွင် ဖြန့်ကြက်မည့် တီအိတ်ချ်အေဒီဒီဒုံးခွင်းဒုံးစနစ်မှ နောက်ဆုံးကျန်ရှိသည့် အစိတ်အပိုင်းများ ရောက်ရှိ

ဆောင်ဂျူ စက်တင်ဘာ ၇

တောင်ကိုရီးယားနိုင်ငံတွင် ဖြန့်ကြက်မည့် အမေရိကန်၏ တီအိတ်ချ်အေဒီဒီ အဆင့်မြင့်ဒုံးခွင်းဒုံးစနစ်မှ နောက်ဆုံးကျန်ရှိသော အစိတ်အပိုင်းများကို တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းဒေသတို့ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဂျောင်ဆန်းပြည်နယ်မြောက်ပိုင်း ဆောင်ဂျူစီရင်စု ဆိုဆောင်းရီကျေးရွာ ခန်းမအပြင်ဘက်တွင် စုဝေးရောက်ရှိနေသာ ဒုံးခွင်းဒုံးစနစ်ဖြန့်ကြက်မှု ဆန့်ကျင်ဆန္ဒပြသူများ အနီးအပါးမှ ဖြတ်ကျော်၍ အမေရိကန် စစ်ဘက်က ရွှေ့လျားဒုံးပစ်လောင်ချာလေးခုနှင့် ဓာတ်အားပေးစက်ကဲ့သို့သော အခြားပစ္စည်းများကို ထရပ်ကားများဖြင့် သယ်ဆောင်သွားခဲ့သည်။

နံနက် ၈ နာရီ ၁၀ မိနစ်ခန့်တွင် ကုန်တင်ယာဉ်များနှင့်အတူ အခြားမော်တော်ယာဉ်များက တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို သယ်ဆောင်ကာ ဆန္ဒပြသူများ အနီးအပါးမှ ဖြတ်သန်းခဲ့သည်။

ဒုံးခွင်းဒုံးစနစ်၏ အစိတ်အပိုင်းများ ထပ်မံရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးသည့်အခါ ဒုံးလက်နက် ကြားဖြတ်ဟန့်တားရေးစနစ်ကို အမေရိကန်တပ်ဖွဲ့က အပြည့်အဝ တာဝန်ယူမည်ဖြစ်သည်။

ဆန္ဒပြသူများ ရှေ့မတိုးနိုင်အောင် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင် ၈၀၀၀ ခန့်က တားဆီးပိတ်ဆို့ထားခဲ့သည်။ ညသန်းခေါင်ယံ ကျော်လွန်ချိန်မှစ၍ ငြိမ်းချမ်းရေးလှုပ်ရှားသူ ဆန္ဒပြသမား ၄၀၀ ခန့်ကို ရဲတပ်ဖွဲ့က ဖြိုခွင်းခဲ့ရသည်။

ဆင်ဟွာ။

၁၉၉၃ ခုနှစ် မွမ်ဘိုင်း ဗုံးဖောက်ခွဲမှု ပြစ်ဒဏ်စီရင်ချက်များချမှတ်

မွမ်ဘိုင်း စက်တင်ဘာ ၇

အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးအချက်အချာမြို့ကြီးဖြစ်သော မွမ်ဘိုင်းမြို့၌ ၁၉၉၃ ခုနှစ်က လူပေါင်း ၂၅၇ ဦးသေဆုံးမှု ဖြစ်ပေါ်စေခဲ့သော ဗုံးဖောက်ခွဲမှုများတွင် ပါဝင်ပတ်သက်ခဲ့မှုဖြင့် အဘူဆာလမ်ဆိုသူနှင့် အခြားအမျိုးသားတစ်ဦးတို့ကို ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျခံစေရန်လည်းကောင်း၊ အခြားအမျိုးသားနှစ်ဦးကိုမူ သေဒဏ်အမိန့်ကျခံစေရန်လည်းကောင်း တရားရုံးတစ်ရုံးက ပြစ်ဒဏ်စီရင်ချက်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

မွမ်ဘိုင်းမြို့၌ အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်ဆောင်ရွက်ခဲ့သည့် အုပ်စုတစ်စု၏ ထင်ပေါ်ကျော်ကြားသော အဖွဲ့ဝင်တစ်ဦးဖြစ်သူ အဘူဆာလမ်နှင့်အတူ ပြစ်မှုထင်ရှားတွေ့ရှိရသော အခြားအမျိုးသား သုံးဦးတို့သည် လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်စုကျော်က မွမ်ဘိုင်းမြို့ကို တုန်လှုပ်စေခဲ့သော ဗုံးဖောက်ခွဲမှုများတွင် ပါဝင်ပတ်သက်မှုဖြင့် ပြစ်မှုထင်ရှား တွေ့ရှိရသည်ဟု ဇွန်လအတွင်း တရားရုံးတော်က ဆုံးဖြတ်ခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ရဲတပ်ဖွဲ့က အလိုရှိဆုံး အကြမ်းဖက်သမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူ ဒါဝတ်အီဘရာဟင်မှာ မွမ်ဘိုင်း အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်သူဖြစ်ပြီး ယခုအခါ ပါကစ္စတန်နိုင်ငံ၌ ပုန်းအောင်းနေသည်ဟု စုံစမ်းစစ်ဆေးရေးမှူးများက ယူဆကြသည်။ သို့ရာတွင် ပါကစ္စတန်နိုင်ငံက ယင်းအချက်ကို ငြင်းဆိုသည်။

၁၉၉၂ ခုနှစ်တွင် သဘောထားတင်းမာသော ဟိန္ဒူဘာသာဝင်များက အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ သမိုင်းဝင်ဗလီဝတ်ကျောင်းတစ်ကျောင်းကို ဖျက်ဆီးခဲ့ခြင်းအတွက် လက်တုံ့ပြန်သည့်အနေဖြင့် ဒါဝတ်အီဘရာဟင်က မွမ်ဘိုင်းမြို့၌ ဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်ရန် ညွှန်ကြားခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့သည့် ပဥ္စမမြောက် အမျိုးသားတစ်ဦးဖြစ်သူ ရီဇက်ဆာဒီး ဆိုသူမှာ ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် ပြစ်ဒဏ်စီရင်ချက်ချမှတ်ခံရကြောင်း ပြည်ထောင်စုရဲတပ်ဖွဲ့၏ ရှေ့နေ ဒီပက်ဆယ်လ်ဗီက သတင်းထောက်များကို ပြောကြားသည်။

ရိုက်တာ။

တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံလမ်းအစီအစဉ် ဒေသငြိမ်းချမ်းရေးအတွက် အာမခံချက်ဖြစ်စေဟုဆို

အစ္စလာမ္မာဘတ် စက်တင်ဘာ ၇

ဒေါ်လာငွေ ဘီလီယံပေါင်းများစွာ အကုန်အကျခံ အကောင်အထည်ဖော်မည့် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံလမ်းအစီအစဉ်သည် ဒေသတွင်း၌ ငြိမ်းချမ်းရေး ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် အာမခံချက်တစ်ခုဖြစ်စေမည်ဖြစ်ကြောင်း ပါကစ္စတန် ကြည်းတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကာမာဂျာဗက် ဘာဂျဝါက ပြောကြားသည်။

ရာဝါပင်ဒီမြို့ရှိ စစ်ဌာနချုပ်၌ စက်တင်ဘာ ၆ ရက်က ကျင်းပသော အခမ်းအနားတစ်ရပ်၌ မိန့်ခွန်းပြောကြားရာတွင် ဗိုလ်ချုပ်ကြီး ဘာဂျဝါက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံလမ်းအစီအစဉ်သည် ပါကစ္စတန်နိုင်ငံအတွင်း ငြိမ်းချမ်းရေးဖြစ်ထွန်းမှုအတွက် အာမခံသည်သာမက ဒေသတစ်ခုလုံး၏ ငြိမ်းချမ်းရေးအတွက်ပါ အထောက်အကူပြုမည်ဖြစ်ကြောင်း ပါကစ္စတန် ကြည်းတပ်အကြီးအကဲက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲအတွက် အားကြိုးမာန်တက် ကြိုးပမ်းနေသည့်အပြင် မိမိတို့၏ တပ်မတော်သားများမှာလည်း အသက်၊ သွေး၊ ချွေးတို့ဖြင့် ပေးဆပ်လျက်ရှိကြကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ။**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ စွယ်တော်မြတ်စေတီတော်သို့ သွားရောက်ဖူးမြော်

နေပြည်တော် စက်တင်ဘာ ၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွန်းဘုရားကျောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓစွယ်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဆရာတော် Shin Chan Zang အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ရှေးဟောင်းနန်းတော်သို့လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် ပြည်သူ့ခန်းမဆောင်ကြီးသို့ လည်းကောင်း ရောက်ရှိလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီရုံး၌ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ သမိုင်းကြောင်းအရ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ရေးရာကော်မတီ အဖွဲ့ဝင်များဖြစ်ကြသော မန်းညွန့်သိန်း၊ ဦးသန်းညွန့်၊ ဦးခွန်သန်းထူး၊ ဒေါ်ဝင့်ဝါထွန်း၊ ဦးတင်နု (ခ)ဦးတင်နုအောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သည့် မြန်မာလွှတ်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr. Zhang Dejiang ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ချစ်ကြည်ရေး လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ခန်းမဆောင်ကြီးသို့ ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr. Zhang Dejiang က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌတို့သည် ပြည်သူ့ခန်းမဆောင်ကြီး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် မြန်မာနိုင်ငံ လွှတ်တော်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ အနာဂတ်ကာလတွင် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ကြသည်။

ထို့နောက် ပြည်သူ့ခန်းမဆောင်ကြီး ထမင်းစားခန်းမဆောင်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr. Zhang Dejiang က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံသည်။

တွေ့ဆုံပွဲနှင့် ညစာစားပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ လွှတ်တော်ရေးရာကော်မတီ အဖွဲ့ဝင်များဖြစ်ကြသော မန်းညွန့်သိန်း၊ ဦးသန်းညွန့်၊ ဦးခွန်သန်းထူး၊ ဒေါ်ဝင့်ဝါထွန်း၊ ဦးတင်နု (ခ)ဦးတင်နုအောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အေဆမ် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၇

အေဆမ်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ၌ ကျင်းပသည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက အေဆမ်မိတ်ဖက်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုသည် အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ အေဆမ်မိတ်ဖက်များအနေဖြင့် အေဆမ်အဖွဲ့၏ ကောင်းမွန်ပြီး နီးကပ်သည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအစဉ်အလာကို တတိယဆယ်စုနှစ်ထိတိုင် ဆက်လက်ထိန်းသိမ်းလာခဲ့ခြင်းအတွက် ဝမ်းမြောက်ပါကြောင်း၊ (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နိုဝင်ဘာလတွင် ပြုလုပ်သွားမည်ဖြစ်ရာ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါမှုအား အဓိက Theme အဖြစ် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးအတွက် အရေးကြီးပါကြောင်းနှင့် အားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

နံနက်ပိုင်းတွင် အေဆမ်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သည့် အုပ်စုခွဲအစည်းအဝေးများကို အဆိုပါဌာနရှိ သတ်မှတ်နေရာများ၌ ကျင်းပရာ ဦးကျော်ဇေယျက အာဆီယံနှင့် အာရှအုပ်စုအစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ညပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ အေဆမ်အဆင့်မြင့် အရာရှိကြီးများနှင့် ကိုယ်စားလှယ်များအား အေဆမ်မြန်မာအဆင့်မြင့် အရာရှိကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့သည်။

အေဆမ်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံအပါအဝင် အေဆမ်မိတ်ဖက်နိုင်ငံ ၅၁ နိုင်ငံ၊ အီးယူ၊ အာဆီယံအတွင်းရေးမှူးရုံးနှင့် အာရှ-ဥရောပဖောင်ဒေးရှင်းတို့မှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တစ်မျိုးသားလုံးစာတတ်မြောက်ရေး ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေး

ရေနံ့သာမောင်ကျော်ညွန့်

ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများကို လေ့လာကြည့်ပါက စာတတ်မြောက်မှုနှုန်း မြင့်မားလျက်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကို လေ့လာကြည့်ပါက စာတတ်မြောက်မှုနှုန်းနိမ့်ကျလျက်ရှိပါသည်။ စာတတ်မြောက်မှုနှုန်း မြင့်မားနေပါက ဖွံ့ဖြိုးတိုးတက်မှုလျင်မြန်လျက်ရှိပြီး စာတတ်မြောက်မှုနှုန်း နိမ့်ကျနေပါက ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလေးလံလျက်ရှိပေသည်။

နိုင်ငံတစ်နိုင်ငံ၏ စာတတ်မြောက်မှုနှုန်း နိမ့်ကျနေခြင်းသည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကြီးမားသောအဟန့်အတားဖြစ်နေသည်။ စာတတ်မြောက်မှုနှုန်းမြင့်မားနေခြင်းသည် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ကြီးမားသော မောင်းနှင်အားဖြစ်နေပေတော့၏။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရေးအတွက် စာတတ်မြောက်မှုနှုန်းမြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရလေသည်။

ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို အစဉ်သဖြင့် ဖွံ့ဖြိုးတိုးတက်နေစေရန်နှင့် နိုင်ငံသူနိုင်ငံသားအားလုံး လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန်အတွက် စာတတ်မြောက်မှုနှုန်းမြင့်မားအောင် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ စာတတ်မြောက်မှုနှုန်း မြင့်မားလာအောင် ဆောင်ရွက်ပေးနေရခြင်းသည် စာမတတ်သူများ ရှိနေသေးသောကြောင့်ဖြစ်သည်။ စာမတတ်သူများသည် ငယ်စဉ်ကာလ ကျောင်းနေအရွယ်ဘဝတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ကြရဘဲ စာမသင်ခဲ့ကြရသူများဖြစ်ကြပေသည်။ ကျောင်းနေအရွယ်ကာလတွင် ကျောင်းမနေခဲ့ရဘဲ စာမသင်ခဲ့ရသော အကြောင်းရင်းကြောင့် သက်ကြီးစာမတတ်သူများ ဖြစ်ပေါ်လာရသည်။

သက်ကြီးစာမတတ်သူများကို စာတတ်သူများဖြစ်လာအောင် သင်ကြားလေ့ကျင့်ပေးရန် လိုအပ်သကဲ့သို့ တစ်ချိန်ချိန်တွင် လူကြီးများဖြစ်လာမည့် ယနေ့ကာလ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်အောင် စီမံဆောင်ရွက်ရန်လိုအပ်ပါသည်။ သို့မှသာ သက်ကြီးစာမတတ်သူ လျော့ပါးပပျောက်သွားမည်ဖြစ်ပါသည်။ သက်ကြီးစာမတတ်သူ လျော့ပါးပပျောက်ရေးအတွက် ရည်မှန်းဆောင်ရွက်ရာတွင် လတ်တလော ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းနှင့် ရေရှည်အကျိုးကိုမျှော်မှန်းပြီး ဆောင်ရွက်ရမည့်နည်းလမ်းဟူ၍ နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယနေ့ သက်ကြီးစာမတတ်သူများသည် ရောဂါစွဲကပ်နေသော လူနာတစ်ဦးကဲ့သို့ ဖြစ်ချေသည်။ ရောဂါစွဲကပ်နေသောလူနာကို ရောဂါပျောက်ကင်းအောင် ကုသပေးရသကဲ့သို့ ထိုရောဂါမျိုး နောက်ထပ်ဖြစ်ပေါ်မလာအောင် တားဆီးကာကွယ်ကြရပေသည်။ သို့ဆိုလျှင် သက်ကြီးစာမတတ်သူ လျော့ပါးပပျောက်ရေးအတွက် တားဆီးကာကွယ်ခြင်းနည်းလမ်းနှင့် ကုသခြင်းနည်းလမ်းကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ကြရပေမည်။

တားဆီးကာကွယ်ခြင်းနည်းလမ်းမှာ ယနေ့ကာလ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးပင်ဖြစ်သည်။ ယနေ့ ပြည်သူ့အစိုးရလက်ထက်တွင် **ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းထွက်သူပပျောက်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး မူလတန်းပညာ သင်ယူပြီးမြောက်ရေး**နှင့် မူလတန်းပညာသင်ယူပြီးမြောက်ပြီးပါက အလယ်တန်း၊ အထက်တန်းများသို့ ကူးပြောင်းသင်ယူမှု မြင့်မားတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အခမဲ့ အခြေခံပညာရေးအစီအစဉ်ကို ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။

အခမဲ့အခြေခံပညာရေးအစီအစဉ်ဖြင့် ယခုပညာသင်နှစ်တွင် KG တန်းကလေးများအားလုံး တစ်ဦးချင်းစီအတွက် ကျောင်းဝတ်စုံ တစ်စုံစီ၊ မူလတန်းကျောင်းသားကျောင်းသူအားလုံး တစ်ဦးချင်းစီအတွက် ကျောင်းဝတ်စုံတစ်စုံစီ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်အပြည့်အစုံနှင့် ဗလာစာအုပ်အပါအဝင် စာရေးကိရိယာများ၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် အပြည့်အစုံကို အခမဲ့ထောက်ပံ့ပေးလျက်ရှိပါသည်။ ထို့ပြင် ကျောင်းနေရန်အခက်အခဲရှိသည့် အတန်းလိုက် ဆင်းရဲနွမ်းပါးသော ကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများကိုလည်း ထောက်ပံ့ချီးမြှင့်ပေးလျက်ရှိပါသည်။

ကျောင်းနေအရွယ်ကလေးများအားလုံး၏ မိဘများ၊ အုပ်ထိန်းသူများအပေါ်တွင် ဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိသော **ကျောင်းဝင်ကြေး၊ ကျောင်းလခများ၊ မိဘဆရာအသင်းကြေး၊ စာကြည့်တိုက်ကြေး၊ အားကစားကြေး**စသည့် မိဘများ၊ အုပ်ထိန်းသူများက ပေးသွင်းရသော ငွေကြေးဟူသမျှကို မည်သည့်ခေါင်းစဉ်နှင့်မျှ ကောက်ခံခြင်းမပြုရဘဲ ကင်းလွတ်ခွင့်ပေးထားပါသည်။ အခြေခံပညာကျောင်းများ၌ အဆိုပါခေါင်းစဉ်များဖြင့် သုံးစွဲရန်လိုအပ်မည်ဖြစ်သော ငွေကြေးအတွက် ပညာရေးဝန်ကြီးဌာနက ကျောင်းသားဦးရေအပေါ် မူတည်တွက်ချက်ပြီး ကျောင်းထောက်ပံ့ကြေးငွေများကို ခွဲဝေပေးထားပါသည်။

ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် လက်လှမ်းမမီနိုင်အောင် အဟန့်အတားများဖြစ်နေသော **လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများ၊ ဝေးလံသီခေါင်ဒေသများ၊ ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျလျက်ရှိသောဒေသများ၊ နယ်စွန်နယ်ဖျားဒေသများ** အစရှိသည့် ဒေသများကို အထူးဦးစားပေးလျက် နိုင်ငံတစ်ဝန်း၌ **ကျောင်းအဆင့်များ တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ကျောင်းဥပဓိရုပ်ကောင်းမွန်အောင် ပြင်ဆင်ပေးခြင်း၊ ကျောင်းသုံးပရိဘောဂများ၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ သိပ္ပံခန်းသုံးပစ္စည်းများ၊ အားကစားပစ္စည်းများ၊ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များဖြည့်ဆည်းပေးခြင်း** စသည်တို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ သင်ယူမှုအခွင့်အလမ်းအမျိုးမျိုးကို ဘက်စုံထောင့်စုံအောင် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသောကြောင့် သင်ယူမှုအခွင့်အလမ်း မြင့်မားလာသည့်အတွက် အတန်းလိုက်သင်ယူသူဦးရေ တိုးတက်များပြားလာသည့်အပြင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနှုန်း တိုးတက်များပြားလာကာ ကျောင်းထွက်နှုန်းကလည်း သိသိသာသာလျော့ပါးကျဆင်းသွားသည်ကို တွေ့မြင်နေရပြီဖြစ်ပါသည်။

❝ ယနေ့ သက်ကြီးစာမတတ်သူများသည် ရောဂါစွဲကပ်နေသော လူနာတစ်ဦးကဲ့သို့ဖြစ်ချေသည်။ ရောဂါစွဲကပ်နေသောလူနာကို ရောဂါပျောက်ကင်းအောင် ကုသပေးရသကဲ့သို့ ထိုရောဂါမျိုး နောက်ထပ်ဖြစ်ပေါ်မလာအောင် တားဆီးကာကွယ်ကြရပေသည်။ သို့ဆိုလျှင် သက်ကြီးစာမတတ်သူ လျော့ပါးပပျောက်ရေးအတွက် တားဆီးကာကွယ်ခြင်းနည်းလမ်းနှင့် ကုသခြင်းနည်းလမ်းကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ကြရပေမည်။ ❞

သင်ယူမှုအခွင့်အလမ်းအမျိုးမျိုး တိုးမြှင့်ထားသော်ငြား အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်ကလေးအချို့သည် ကျောင်းမနေကြရရှာပေ။ ထိုထိုသော ကျောင်းနေအရွယ်ကလေးများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းရရှိစေရန်အတွက် ပညာရေးဝန်ကြီးဌာနအောက်ရှိ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနက ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်၊ ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်တို့ဖြင့် သင်ကြားလေ့ကျင့်ပေးလျက်ရှိပါသည်။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနအနေဖြင့် သက်တမ်းအားဖြင့် တစ်နှစ်ကျော်မျှသာ ရှိသေးသည်။ သို့လင့်ကစား ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနနှင့် ပူးပေါင်းပြီး ၄၇ မြို့နယ်၌လည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်းပညာရေး(စမ်းသပ်) တစ်မြို့နယ်၌လည်းကောင်း ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို မြို့နယ် ၈၀ မြို့နယ်၌လည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်းပညာရေး(စမ်းသပ်) တစ်မြို့နယ်၌လည်းကောင်း ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ကျောင်းပြင်ပမူလတန်းပညာရေးဖြင့် level (1) အောင်မြင်သူများသည် level (2)သို့ လည်းကောင်း၊ level(2) အောင်မြင်သူများသည် အခြေခံပညာအလယ်တန်းကျောင်းများသို့ လည်းကောင်း ကူးပြောင်းသင်ယူနိုင်ကြပါသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းပြင်ပရောက် ကျောင်းနေအရွယ်ကလေးများအတွက် အခြေခံပညာသင်ယူမှု အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ပေသည်။

ကျောင်းပညာရေးအစီအစဉ်၊ ကျောင်းပြင်ပ ပညာရေးအစီအစဉ်တို့ဖြင့် ကျောင်းနေအရွယ်ကလေးများအတွက် သင်ကြားသင်ယူမှုအခွင့်အလမ်း တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသောကြောင့် ပညာရေးဝန်ကြီးဌာနက တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသော ကျောင်းနေအရွယ်ကလေးအားလုံး မူလတန်းပညာ သင်ယူပြီးမြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားနေပြီဖြစ်ပါသည်။ ကျောင်းနေအရွယ်ကလေးများအားလုံး မူလတန်းပညာသင်ယူပြီးမြောက်နေပြီဆိုပါက အနာဂတ်ကာလတွင် သက်ကြီးစာမတတ်သူဟူ၍ မရှိသလောက်ပျောက်ကွယ်သွားမည်မှာ သေချာပါသည်။

စာမတတ်သူများကို စာတတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးခြင်းအားဖြင့် စာတတ်မြောက်ခြင်းမှတစ်ဆင့် စာဖတ်ခြင်းအလေ့ ရင့်သန်လာကာ အစဉ်လေ့လာသင်ယူဆည်းပူးလိုစိတ်ထက်သန်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိသက်ကြီးစာမတတ်သူများကို စာတတ်သူများဖြစ်လာစေရန်အတွက် ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသော အခြေခံစာတတ်မြောက်ရေးလုပ်ငန်းသည် လက်ရှိ သက်ကြီးစာမတတ်သူများကို လတ်တလော ကုသပေးခြင်းနည်းဖြင့် ကုသပေးနေသော သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များဖြစ်ပါသည်။

၂၀၁၆ ခုနှစ် ကယားပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၀ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၅၃၃၅ ဦးအနက် ၄၇၇၅ ဦး တတ်မြောက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်မှ မတ်လ ၂၀ ရက်အထိ ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၂၆၇၉၄ ဦးအနက် ၂၆၅၈၂ ဦး တတ်မြောက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ် မြောက်ဦးခရိုင်၊ ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ၂၀၁၇ ခုနှစ် ဇွန်လ ၉ ရက်မှ ဇူလိုင်လ ၈ ရက်အထိ ဆောင်ရွက်ခဲ့ရာ သင်ယူသူ ၃၂၂၈ ဦးအနက် ၃၁၄၅ ဦး တတ်မြောက်ခဲ့ပါသည်။

ယနေ့ ပြည်သူ့အစိုးရလက်ထက်တွင် နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လောကပါလတရားထွန်းကားရေး၊ အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေးတို့ကို ဦးတည်ဆောင်ရွက်ပေးရာ၌ တစ်မျိုးသားလုံးစာတတ်မြောက်ရေးက အဓိကအခရာဖြစ်နေပါသည်။ ထို့ကြောင့် တစ်မျိုးသားလုံး စာတတ်မြောက်ရေးအတွက် ကျောင်းပညာရေးဖြင့်လည်းကောင်း၊ ကျောင်းပြင်ပပညာရေးဖြင့်လည်းကောင်း အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် **ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ မူလတန်းပညာသင်ယူပြီးမြောက်ရေး၊ ကျောင်းထွက်သူပပျောက်ရေးလုပ်ငန်း**များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် သင်ယူမှုအခွင့်အလမ်းအမျိုးမျိုး တိုးမြှင့်ပေးပြီး ဆောင်ရွက်လျက်ရှိရာ ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်မှု အားကောင်းသောကြောင့် သိသိသာသာ တိုးတက်အောင်မြင်နေခြင်းဖြစ်ပါသည်။ ဆက်လက်ပြီး တစ်မျိုးသားလုံးစာတတ်မြောက်ရေးအတွက် ပညာရေးဝန်ကြီးဌာနသည် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်နေရဦးမည်ဖြစ်ပါသတည်း။ ။

အိမ်သုံးဆိုလာစနစ်မီးလင်းရေးဖွင့်ပွဲနှင့် ဆိုလာဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲကျင်းပ

မိုးမိတ် စက်တင်ဘာ ၇

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) မီးလင်းရေးဖွင့်ပွဲနှင့် ဆိုလာမီးလင်းရေးဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် မန်ကျည်းပင်ကျေးရွာတွင် ကျင်းပခဲ့သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးမြင့်နှင့် တာဝန်ရှိသူများက NEP ဆိုလာမီးလင်းရေးဆက်စပ်ပစ္စည်းများကို ပေးအပ်ခဲ့ပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) မီးလင်းရေးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်ပြီး မန်ကျည်းပင်ကျေးရွာတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) ဆိုလာမီးလင်းရေးအတွက် အိမ်သုံးဆိုလာ 30W၊ 45W၊ 60W စုစုပေါင်း ၂၆၂ စုံနှင့် ကျန်းမာရေးဌာနအတွက် 180 W နှစ်စုံ၊ အထက်တန်းကျောင်းခွဲအတွက် 480 W တစ်စုံ၊ ဘုန်းတော်ကြီးကျောင်းအတွက် 120 W တစ်စုံ၊ လမ်းမီးတိုင် ငါးတိုင်တို့ကို တပ်ဆင်ပြီးစီးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)

ဓာတ်အားခနှုန်းထားပြဿနာ ဝိုင်းဝန်းအဖြေရှာ

ဦးကြည်သာ(ဂွ)

ခုတစ်လော လျှပ်စစ်ဓာတ်အားခနှုန်းထား (မီတာခ)ကိစ္စ လူပြောသူပြောများနေပါတယ်။ လွှတ်တော်ထဲမှာ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ မီဒီယာစုံလို့ပါပဲ။ လျှပ်စစ်ဌာနကလည်း ဓာတ်အားထုတ်လုပ်ရေးကဏ္ဍကပင် တစ်ရက် ကျပ်တစ်ဘီလီယံ ကျော်ရှုံးနေတယ်တဲ့။ ဆိုလိုတာက မီတာခဈေးမတက်လို့ မဖြစ်တဲ့အခြေအနေကို ဆိုက်နေပြီဆိုပါတော့။

နေ့စဉ် တိုးတက်များပြားလာတဲ့ ကုန်ကျစရိတ်တွေကို ကာမိအောင် ဓာတ်အားခနှုန်းထားကို လိုက်တက်ဖို့အခက်ကြုံနေတယ်ဆိုတာ မကောင်းပါဘူး။ ဓာတ်အားစနစ်ထဲမှာ ဖြစ်ပေါ်နေတဲ့ ကုန်ကျစရိတ်တွေကို ဆင်ခြင်တုံတရားရှိရှိ၊ စီးပွားရေး၊ လူမှုရေး ရှုထောင့်ပေါင်းစုံက ဝိုင်းဝန်းကြည့်ပြီး အများလက်ခံနိုင်တဲ့ မီတာခချမှတ်ပေးနိုင်မှသာ မီတာသုံးစွဲသူတွေရော ဒီကဏ္ဍမှာ လာရောက်ရင်းနှီးမြှုပ်နှံသူတွေပါ အကျိုးရှိမှာပါ။

၁၉၈၂ ခုနှစ်က အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ရဲ့ အစီအစဉ်နဲ့ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ဩဂုတ် ၂၃ ရက်မှ ၂၈ ရက်အထိ ခြောက်ရက်ကြာ ကျင်းပခဲ့တဲ့ "ဒေသဆိုင်ရာ ဓာတ်အားခနှုန်းထား စာတမ်းဖတ်ပွဲ (Regional Power Utility Tariff Symposium)"မှာ အာရှ-ပစိဖိတ်ဒေသက နိုင်ငံပေါင်း ၂၀ ကျော်တက်ရောက်ပြီး ဓာတ်အားခပြဿနာကို ဝိုင်းဝန်းအဖြေရှာခဲ့ကြပါတယ်။ ဒီစာတမ်းဖတ်ပွဲမှာ စီးပွားရေးကျွမ်းကျင်သူ ပညာရှင်များက စာတမ်း ကိုးစောင် တင်သွင်းခဲ့သလို ဒေသအလိုက် တက်ရောက်တဲ့ပညာရှင်များကလည်း နိုင်ငံအလိုက် စာတမ်း ၁၀ စောင် တင်သွင်းခဲ့ပါတယ်။ ထိုစဉ်က မြန်မာနိုင်ငံက လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း (EPC)ရဲ့ ငွေစာရင်းကိုင်အရာရှိချုပ် (CAO) ဦးတင်ထွန်းကလည်း မြန်မာနိုင်ငံရဲ့ ဓာတ်အားခနှုန်းထားများအကြောင်း တင်သွင်းခဲ့ပါတယ်။

၁၉၈၂-၁၉၈၃ ဘဏ္ဍာနှစ်က အာရှ-ပစိဖိတ်ဒေသ နိုင်ငံပေါင်း ၂၀ ရဲ့ ပျမ်းမျှဓာတ်အားခမှာ ဆော်လမွန်ကျွန်းစုနိုင်ငံက တစ်ယူနစ် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၄ ဆင့်နဲ့ အများဆုံးဖြစ်ပြီး လာအိုနိုင်ငံက တစ်ယူနစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဆင့်နဲ့ ဒုတိယအနည်းဆုံးဖြစ်တယ်။ မြန်မာနိုင်ငံကတော့ တစ်ယူနစ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၂ ဆင့်နဲ့ တတိယအနည်းဆုံးပါ။ သုံးသပ်ကြည့်ရင် ရှင်းပါတယ်။ ဆော်လမွန်ကျွန်းမှာ ဒီဇယ်စက်တွေနဲ့ပဲ ဓာတ်အားထုတ်လုပ်ရတော့ ဈေးကြီးတာပေါ့။ လာအိုနိုင်ငံကျတော့ ရေအားလျှပ်စစ်နဲ့ တစ်နိုင်ငံလုံးပေးပြီး ထိုင်းနိုင်ငံကိုပါ ရောင်းရတော့ ဈေးအနည်းဆုံးပါ။ မြန်မာနိုင်ငံကတော့ ထိုစဉ်ကပင် ရေအားလျှပ်စစ်က ရာနှုန်းများပြီး သဘာဝဓာတ်ငွေ့ကလည်း ခုခေတ်လို ဈေးတွေမမြင့်တက်သေးတော့ ဓာတ်အားခနှုန်းထားနည်းတာ မဆန်းပါဘူး။

ဒီနေ့ မြန်မာနိုင်ငံမှာ နေ့စဉ်ထုတ်လုပ်နေတဲ့ ဓာတ်အားစုစုပေါင်းရဲ့ ၆၅ ရာခိုင်နှုန်းဟာ ရေအားလျှပ်စစ်စက်ရုံများကဖြစ်ပြီး ကျန် ၃၅ ရာခိုင်နှုန်းက သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွေကပါ။ တစ်ရုံတည်းသော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံဟာ မလည်တာကြာပါပြီ။ မီတာခဈေးနှုန်းတက်ဖို့ဘက် အလေးပေးသူတွေက အာဆီယံနိုင်ငံတွေမှာ မြန်မာနိုင်ငံဟာ မီတာခအနည်းဆုံးနီးပါးဖြစ်တာမို့ တက်သင့်တယ်လို့ ပြောကြတယ်။ ဒါပေမယ့် အာဆီယံနိုင်ငံတွေထဲမှာ လာအိုနိုင်ငံကလွဲရင် ရေအားလျှပ်စစ်စက်ရုံတွေရဲ့ ထုတ်လုပ်မှုဟာ စုစုပေါင်းတပ်ဆင်မှုရဲ့ ၆၅ ရာခိုင်နှုန်းကျော်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်တာမို့ မြန်မာနိုင်ငံက မီတာခနည်းရတယ်ဆိုတာ လက်တွေ့ကျကျ လက်ခံရပါမယ်။ ဒါပေမယ့် လက်ဖက်ရည်တစ်ခွက်ကျပ် ၁၅၀-၂၀၀ လောက်ပေးသောက်ရတဲ့ခေတ်၊ နွေရာသီမှာ ဖရဲသီးတစ်စိတ်ကျပ် ၁၀၀-၁၅၀ ပေးရတဲ့ခေတ်မှာ မီတာခတစ်ယူနစ် ၃၅ ကျပ်ဆိုတာက နည်းတာတော့အမှန်ပါပဲ။ ဆန်နို့ဆီဘူး ငါးဘူးလောက်ကို ထမင်းချက်အိုး (Rice Cooker) နဲ့ ချက်ရင် တစ်ယူနစ်မကျပါဘူး။ ၂၅ ကျပ်လောက်ပဲကျမှာပေ့ါ။ ဆန်နို့ဆီဘူး ငါးဘူးလောက်ကို မီးသွေးနဲ့ချက်ကြည့်ပါ။ ၁၀၀-၁၅၀ လောက်ကျပါတယ်။ ဒီလို နေ့စဉ်တခြားဈေးတွေနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ မီတာခကို တိုးပေးသင့်ပါတယ်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ကျင်းပတဲ့ စာတမ်းဖတ်ပွဲမှာ ပညာရှင်တွေရဲ့ ဖတ်ကြားတဲ့စာတမ်းတွေကို လေ့လာကြည့်မယ်ဆိုရင် မီတာခကို တွက်ချက်ခြင်း၊ သတ်မှတ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ဖို့လိုတယ်ဆိုတာ သိရပါတယ်။ မီတာခသတ်မှတ်ဖို့ တွက်ချက်ရာမှာ အောက်ပါနည်းလမ်းများကို အသုံးပြုရပါတယ်။

(၁) **ကုန်ကျစရိတ်အပေါ် အခြေပြုတဲ့နည်းလမ်း** (Cost-Plus Method) ဒီနည်းလမ်းကတော့ ဓာတ်အားထုတ်လုပ်တဲ့စနစ်က ကုန်ကျငွေကို တွက်ချက်ပြီး ပေးဆောင်ရမယ့် အခွန်အတုတ်တွေရယ်၊ ဖြစ်သင့်တဲ့ အမြတ်ကို သတ်မှတ်ပြီး တွက်ချက်တဲ့နည်းလမ်းပါ။

(၂) **စွမ်းဆောင်ချက်အပေါ် အခြေခံသတ်မှတ်ခြင်း (Performance Basal Regulation)** ဒီနည်းကတော့ ကုမ္ပဏီရဲ့ စွမ်းဆောင်ချက် ဥပမာ ဓာတ်အားခပျောက်ဆုံးမှု လျော့နည်းအောင်လုပ်နိုင်ပြီး ဓာတ်အားစနစ် တိုးချဲ့နိုင်တာ၊ စနစ်ကျတာတွေကိုကြည့်ပြီး ဆုံးဖြတ်ပေးတာပါ။

(၃) **ဈေးကွက်အခြေခံသတ်မှတ်ခြင်း** (Market Basal Tariff) ဒီနည်းကတော့ ပါဝင်ပတ်သက်တဲ့ ကုမ္ပဏီတွေကို ပြိုင်ဆိုင်ပြီး ဆောင်ရွက်တဲ့ ဈေးကွက်ကိုဖန်တီးပြီး ဆောင်ရွက်ခြင်းတို့ဖြစ်ပါတယ်။

ပြီးရင် ဒီလိုနည်းလမ်းတွေထဲက သင့်တော်တဲ့ နည်းလမ်းကို ရွေးချယ်တွက်ချက်ကာ ပြီးခဲ့တဲ့နှစ်တွေထဲက အချက်အလက်တွေကို အခြေခံပြီးတွက်တဲ့ Historical Cost ကို အခြေခံမလား၊ လာမယ့်နှစ်မှာ ဆောင်ရွက်မယ့်လုပ်ငန်းတွေအပေါ် အခြေခံပြီး သတ်မှတ်တဲ့ Marginal Costကို အခြေခံမလား၊ နောင်လာမယ့် ငါးနှစ်၊ ၁၀ နှစ်မှာ ဆောင်ရွက်မယ့်လုပ်ငန်းတွေကို အခြေခံပြီးတွက်ချက်တဲ့ Long-Run Marginal Cost- LRMC စနစ်နဲ့ တွက်မလားဆိုတာ ဆုံးဖြတ်ရတော့မှာပါ။ စနစ်တကျပေါ်လစီသတ်မှတ်ပြီး ကွပ်ကဲဆောင်ရွက်ရင် မီတာခဈေးနှုန်းဟာ မကျရင်တောင် တည်ငြိမ်နေပါတယ်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံမှာ ၁၉၃၀ ခုနှစ်က မီတာခဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင် ၁၉၇၀ ခုနှစ်မှာ ဈေးနှုန်းက အမေရိကန်ဒေါ်လာ ခြောက်ဆင့်ကနေ နှစ်ဆင့်အထိ ကျဆင်းခဲ့တယ်ဆိုပါတယ်။ မြန်မာနိုင်ငံမှာတော့ လောပိတရေအားလျှပ်စစ်စက်ရုံပြီးခဲ့လို့ ၁၉၆၁ ခုနှစ်မှာ မီတာခကို လျှော့ပေးဖူးတဲ့ သာဓကရှိခဲ့ပါတယ်။

လက်ရှိ လျှပ်စစ်ကဏ္ဍကို အကောင်အထည်ဖော် တာဝန်ယူဆောင်ရွက်နေရတဲ့ အစိုးရပိုင်းဆိုင်ရာက ပုဂ္ဂိုလ်တွေနဲ့ ဒီနယ်ပယ်မှာ မြေစမ်းခရမ်းပျိုးဝင်လုပ်နေကြတဲ့ ဓာတ်အားထုတ်လုပ်တဲ့ IPP ကုမ္ပဏီတွေ၊ Franchisee ဆိုတဲ့ ကုမ္ပဏီတွေဟာ နိုင်ငံတကာကပညာရှင်တွေ ရေးသားတဲ့ စာတမ်းတွေကို စနစ်တကျလေ့လာဖတ်ရှုပြီး ဆောင်ရွက်မှုကောရှိရဲ့လားဆိုတာကို ဆန်းစစ်ကြည့်ရမှာဖြစ်။

ဒါ့အပြင် မီတာခသတ်မှတ်ရတဲ့ကိစ္စဟာ တိုင်းပြည်ရဲ့ မိုက်ခရိုစီးပွားစနစ်ထဲမှာ ပါဝင်ဆက်စပ်နေလို့လည်း ပိုပြီးအလေးထားရသလို မီးသုံးစွဲသူတွေရဲ့ အကြိုက်ကို လုံးဝလိုက်လို့လည်းမရပါဘူး။ ဒါကြောင့်မို့ ပညာရှင်တစ်ဦးက မီတာခသတ်မှတ်ချက်ဆိုတာ အနုပညာဆန်ရတယ်၊ ဦးနှောက်တင်မက နှလုံးသားနဲ့ပါ စဉ်းစားပေးရတယ်လို့ ပြောခဲ့တာပါ။

လက်ရှိ လျှပ်စစ်ကဏ္ဍကို အကောင်အထည်ဖော် တာဝန်ယူဆောင်ရွက်နေရတဲ့ အစိုးရပိုင်းဆိုင်ရာက ပုဂ္ဂိုလ်တွေနဲ့ ဒီနယ်ပယ်မှာ မြေစမ်းခရမ်းပျိုးဝင်လုပ်နေကြတဲ့ ဓာတ်အားထုတ်လုပ်တဲ့ IPP ကုမ္ပဏီတွေ၊ Franchisee ဆိုတဲ့ ကုမ္ပဏီတွေဟာ နိုင်ငံတကာကပညာရှင်တွေ ရေးသားတဲ့စာတမ်းတွေကို စနစ်တကျလေ့လာဖတ်ရှုပြီး ဆောင်ရွက်မှုကောရှိရဲ့လားဆိုတာကို ဆန်းစစ်ကြည့်ရမှာဖြစ်ပါတယ်။

၁၉၈၂ ခုနှစ် မနီလာအစည်းအဝေးမှာ အများလက်ခံသတ်မှတ်ကြတဲ့အချက်က ဒီနယ်ပယ်မှာရှိတဲ့ ဝန်ထမ်းတွေရဲ့လုပ်ဆောင်ချက်တွေကို (Capacity Building) အရည်အချင်းမြှင့်တင်တဲ့လုပ်ငန်း မလွဲမသွေလုပ်ရမယ်ဆိုတာပါပဲ။

ဒါ့အပြင် ဒီမိုကရေစီစနစ်ကိုချီတက်နေတဲ့ကာလမို့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းဖြစ်တဲ့ လျှပ်စစ်ဌာနကဝန်ထမ်းတွေ ခံယူချက်ပြောင်းလဲရပါမယ်။ လျှပ်စစ်ဌာနက Enterprise ဖြစ်စေ၊ ကော်ပိုရေးရှင်းဖြစ်စေ ပြင်ပကုမ္ပဏီတွေနဲ့ ညီမျှခြေ(Fair playing Ground)မှာ ကစားကြရမှာပါ။

ဒီနေရာမှာ ဒိုင်လုပ်ရမယ့် လျှပ်စစ်စည်းမျဉ်းကော်မရှင် (E.R.C) ကို ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေမှာ ရေးဆွဲသတ်မှတ်ပြီးဖြစ်ပေမယ့် လက်တွေ့စတင်အကောင်အထည်မဖော်နိုင်သေးတာကတော့ လိုအပ်ချက်တစ်ခုပါပဲဗျာ။ ။

သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းလေးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အဆိပ်သင့်ဓာတုပစ္စည်း မာကျူရီ (ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများဖြစ်ပွားနိုင်ပါသည်။

အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့် ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

စဉ်	အလှကုန်ပစ္စည်းအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ	တွေ့ရှိချက်
၁။	JIAOBI WhiteningMake Up Base	တရုတ်ဘာသာဖြင့်ဖော်ပြထားပါသည်။	Mercury (+)
၂။	JIAOBI WhiteningNightCream	တရုတ်ဘာသာဖြင့်ဖော်ပြထားပါသည်။	Mercury (+)
၃။	JIAOBI Whitening & Moisturizing 3 in 1 SampleSack	တရုတ်ဘာသာဖြင့်ဖော်ပြထားပါသည်။	Mercury (+)
၄။	Jiao Li Speckle-Removing And NourishingAssembly	တရုတ်ဘာသာဖြင့်ဖော်ပြထားပါသည်။	Mercury (+)

JIAOBI Whitening & Moisturizing 3 in 1 Sample Sack

JIAOBI Whitening Make Up Base

Jiao Li Speckle-Removing And Nourishing Assembly

JIAOBI Whitening Night Cream

ပိဋကတ်သုံးပုံ ကျမ်းစာအုပ်များ ပုံနှိပ်ဖြန့်ချိဆောင်ရွက်နိုင်ရန် ပုံနှိပ်စက်များဝယ်ယူရေးအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ၏ ဩဝါဒဖြင့် အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ စည်သူဝဏ္ဏကျော်ထင် ဦးရန်ဝင်း-ဒေါ်လွင်လွင်ဝေ သားသမီးမြေးတစ်စုတို့က ပိဋကတ်သုံးပုံ ကျမ်းစာအုပ်များ ပုံနှိပ်ဖြန့်ချိဆောင်ရွက်နိုင်ရန် ပုံနှိပ်စက်များ ဝယ်ယူနိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဩဝါဒကထာ မြွက်ကြားသည်။

ဆက်လက်၍ အလှူရှင် အေဝမ်းဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌ စည်သူဝဏ္ဏကျော်ထင် ဦးရန်ဝင်းက အလှူငွေလှူဒါန်းရခြင်းအကြောင်း ပြောကြားပြီး အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက လက်ခံရယူပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

ကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသား ကျောင်းသူများ လတ်တလောပညာသင်ကြားနိုင်ရေး အသုံးစရိတ်များကူညီထောက်ပံ့

စစ်တွေ စက်တင်ဘာ ၇

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် စစ်တွေမြို့ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာသော နေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားများအား လတ်တလော ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသား ကျောင်းသူများအား မူ၊ လယ်၊ ထက် အဆင့်အလိုက် အသုံးစရိတ် ကူညီထောက်ပံ့ပေးမှုများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

"ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေ အခုလိုဘေးဒုက္ခနဲ့ကြုံတဲ့ အခါမှာ ကူညီထောက်ပံ့ပေးဖို့ တာဝန်ဝတ္တရားတွေရှိပါတယ်။ အဲဒီထဲမှာ စားနပ်ရိက္ခာ၊ ယာယီတည်းခိုနေထိုင်မှုနဲ့ အခြားသောလူမှုထောက်ပံ့ပေးမှုတွေကို ဆောင်ရွက်ပေးနေပါတယ်။ ဒီနေ့တော့ စစ်တွေမြို့ပေါ် ကယ်ဆယ်ရေးစခန်းတွေမှာရောက်ရှိနေတဲ့ ကျောင်းသားလေးတွေအတွက် နီးစပ်ရာကျောင်းတွေမှာ ဆက်လက်ပညာသင်ကြားနိုင်ဖို့ စီစဉ်နေတာတွေရှိပါတယ်။

ဒါကြောင့် ကျောင်းသားတွေအတွက် မဖြစ်မနေလိုအပ်လာမှုတွေရှိလာမှာပါ။ ဒီလိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်ဖို့ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်နေသလို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်း အလှူရှင်တွေ လှူဒါန်းထားတဲ့ငွေတွေထဲက ထက်၊ လယ်၊ မူကျောင်းသားတွေအတွက် အတန်းလိုက် ငွေပမာဏခွဲဝေကူညီထောက်ပံ့နေပါတယ်။ ဒါကိုလည်း နိုင်ငံတော်တာဝန်ရှိသူတွေရဲ့ လမ်းညွှန်မှုနဲ့အညီ ဆောင်ရွက်ပေးတာပါ။ အလှူရှင်တွေအနေနဲ့လည်း ကျေနပ်မှုရမယ်လို့ ထင်ပါတယ်။ ဒါတွေအပြင် အမိုးအကာကအစ လိုအပ်မှုမှန်သမျှကိုလည်း ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမှာပါ" ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြောသည်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်။

မောရဝတီကျေးရွာမှ ကျောင်းသူ မဦးအေးဆန်း။

ဩဂုတ် ၂၅ ရက်တွင်ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် စစ်တွေမြို့ပေါ်၌ နေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားများထားရှိသော ကယ်ဆယ်ရေးစခန်း ၂၀ ၌ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၄၃ ဦးရှိပြီး အထက်တန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ်နှစ်သောင်း၊ အလယ်တန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ်တစ်သောင်းခွဲနှင့် မူလတန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ်တစ်သောင်းသတ်မှတ်ကာ စုစုပေါင်းငွေကျပ် ၁၄၈၂၅၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စစ်တွေမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများမှ ကျောင်းသား ကျောင်းသူများအား ယနေ့ညနေပိုင်းတွင် လိုက်လံကူညီထောက်ပံ့ပေးလျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် လတ်တလောစစ်တွေမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ ကျောင်းသား ကျောင်းသူများအဆင်ပြေစေရန် ကူညီထောက်ပံ့ပေးသကဲ့သို့ နယ်များရှိ ကယ်ဆယ်ရေးစခန်းများတွင်လည်း ယင်းကဲ့သို့ လိုက်လံကူညီထောက်ပံ့ပေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်တွေမြို့ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်း၌ ရောက်ရှိနေသော မောင်တောတောင်ပိုင်းဒေသခံတစ်ဦးဖြစ်သည့် တက္ကသိုလ်ဝင်တန်းကျောင်းသူ မဦးအေးဆန်းက "ကျွန်မက ကျောင်းဆက်ပြီးတော့ တက်လို့မရဘူးထင်ထားတာ။ ခုဒီစစ်တွေမှာ ကျောင်းတက်ရမယ်ဆိုတော့ အလွန်ပဲဝမ်းသာပါတယ်။ ကျောင်းစာအုပ်တွေက ဒီကိုဘာမှ ပါမလာပါဘူး။ ဒါပေမယ့် ပညာရေးဝန်ကြီးဌာနက ဆရာကြီးတွေက အဆင်ပြေအောင် စီစဉ်ပေးမယ်လို့ ပြောပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကလည်း အခုလိုထောက်ပံ့ငွေပေးအပ်တာ ဝမ်းသာပါတယ်။ ဒီကျောင်းမှာ စားရေး၊ သောက်ရေးကအစ အဆင်ပြေပါတယ်။ ဒါပေမယ့် အမှန်အတိုင်းပြောရရင်တော့ မောင်တောကို အမြန်ဆုံးပြန်ရောက်ပြီး ကျောင်းသွားတက်ချင်ပါတယ်" ဟုပြောသည်။

စစ်တွေမြို့ပေါ်ရှိ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း၌ ရောက်ရှိနေသော ဒေသခံတိုင်းရင်းသားများထဲတွင် အထက်တန်း၄၊ဦး၊ အလယ်တန်း ၂၂ ဦးနှင့် မူလတန်းကျောင်းသား ကျောင်းသူ ၉၈ ဦးရှိပြီး ယင်းဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်း ထပ်မံတိုးချဲ့တည်ဆောက်ရန်အတွက် သွပ်အချပ် ၅၈၀၊ ငွေကျပ်သိန်း ၆၀ နှင့် အမိုးအကာအတွက် တာပေါ်လင် ကိုက် ၃၀၀ ကျော်ကိုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းအဖွဲ့)

❋ ဒစ်ဂျစ်တယ်နည်းပညာမှ

ထုံးတမ်းစဉ်လာအရ စာတတ်ခြင်းဟူသည် သတ်မှတ်ထားသော အခြေအနေတစ်ခုတွင် အသုံးချရမည့် အရေး၊ အဖတ်၊ အတွက် စွမ်းရည်အစုအပေါင်းဟု ခံယူထားကြပေသည်။ ဒစ်ဂျစ်တယ်နည်းပညာများကို ကြားခံအသုံးပြုရသော ပညာခေတ်လူ့အဖွဲ့အစည်းတွင်မူ စာတတ်ခြင်း၏ဆိုလိုရင်းသည် ပြောင်းလဲလာပြီဖြစ်ပေသည်။ ဆန်းသစ်သော အဆင့်မြင့်ပညာတတ်မြောက်ရေး အဆင့်အထိ ပါဝင်လာပြီဖြစ်ပေသည်။ တစ်ချိန်တည်းတွင်ပင် အပြန်အလှန်အားဖြင့် နည်းပညာသည် စာတတ်မြောက်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်အကျွေးပြုနိုင်ပေသည်။

ဤသည်ကို ပိုမိုကျယ်ပြန့်သော ရှုထောင့်အမြင်ဖြင့် နားလည်ရန် လိုအပ်ပေသည်။ ယခုအခါ ကမ္ဘာတစ်ဝန်းတွင် သန်းပေါင်း ၇၅၀ သော အရွယ်ရောက်ပြီးသူများသည် အခြေခံ အရေး၊ အဖတ်၊ အတွက် စွမ်းရည်များပင်ချို့တဲ့လျက်ရှိကြပြီး ၂၆၄ သန်းခန့်သော ကလေးသူငယ်နှင့် လူငယ်တို့သည် ကျောင်းပညာရေးအကျိုးခံစားခွင့် မရရှိကြပေ။ ထို့အပြင် နိုင်ငံတကာစစ်တမ်းကောက်ယူလေ့လာချက်များအရ ဖွံ့ဖြိုးပြီးနိုင်ငံအပါအဝင် ကမ္ဘာအနှံ့အပြားရှိ အရွယ်ရောက်ပြီးသူများနှင့် လူငယ်များသည် ယနေ့ခေတ် လူမှုအဖွဲ့အစည်းနှင့် လုပ်ငန်းခွင်တွင် အပြည့်အဝအသုံးချရန် လိုအပ်သော အခြေခံဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာစွမ်းရည်များ မပြည့်စုံကြသေးသည်ကို တွေ့ရှိရပေသည်။ ဤသို့စွမ်းရည်ကွာခြားမှုကို ကျဉ်းမြောင်းစေခြင်းသည်ပင် ပညာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် အရေးကြီးပေသည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများသည် ဤစိန်ခေါ်ချက်များကို ရင်ဆိုင်နိုင်ရန် အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိပေသည်။ ဒစ်ဂျစ်တယ်ပစ္စည်းကိရိယာများသည် သင်ကြားရေးနည်းလမ်းများချဲ့ထွင်ခြင်းနှင့် အရည်အသွေးမြှင့်တင်ရေးအတွက် အထောက်အကူပြုပေသည်။ ၎င်းတို့သည် လက်လှမ်းမမီသောအရာများ လက်လှမ်းမီရောက်ရှိနိုင်ရေး၊ စာတတ်မြောက်ရေးစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုကို စောင့်ကြည့်ကြီးကြပ်ရေးကို တိုးတက်စေရေး၊ စွမ်းရည်စစ်ဆေးမှုကို ပိုမိုချောမွေ့အဆင်ပြေစေရေး၊ စွမ်းရည်ဖြန့်ဝေရေးစနစ် စီမံကွပ်ကဲရေးနှင့် ထိန်းသိမ်းအုပ်ချုပ်ရေးကို ပိုမိုထိရောက်စေရေးတို့အတွက် အင်အားစွမ်းရည်များ ပိုင်ဆိုင်ထားကြပေသည်။

ပညာရေးအပေါ်ထားရှိသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်အမှတ်(၄)နှင့် အားလုံးအတွက် တစ်သက်တာသင်ယူမှုကို ရှေးရှု၍ အခွင့်အလမ်းသစ်များ ဖန်တီးရန်နှင့် ယင်းတို့ကို ဆုပ်ကိုင်အသုံးပြုရန်အတွက် ကျွန်ုပ်တို့သည် စုစည်းဆောင်ရွက်မှုလိုအပ်ပါသည်။ ဒစ်ဂျစ်တယ်ခေတ်တွင် စာတတ်မြောက်ရေးကို တွန်းအားပေးမြှင့်တင်ရန်အတွက် အစိုးရ၊ လူမှုရေးအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ် အရေးကြီးလှပေသည်။ ကျွန်ုပ်အနေဖြင့် တစ်သက်တာလေ့လာသင်ယူနေသော အဝန်းအဝိုင်းအတွင်း စာတတ်မြောက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို ကျွန်ုပ်တို့လိုအပ်နေသော ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းစဉ်နှင့် ပံ့ပိုးကူညီရန်လိုအပ်သော အမျိုးသားစာတတ်မြောက်ရေးပဏာမခြေလှမ်းစသည့် စုပေါင်းအားထုတ်မှု နမူနာပုံစံတစ်ခုအဖြစ် ရှုမြင်မိပေသည်။

အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနေ့သည် ဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်သုံးသပ်ရန်၊ စိန်ခေါ်မှုများကို ရှေ့လျှောက်အတူတကွရင်ဆိုင်ဖြေရှင်းရန် အချိန်အခါသမယပင်ဖြစ်ပေသည်။ ယခုနှစ်တွင် ဤအရေးပါသော ဖြစ်ရပ်သည် အားလုံးပါဝင်နိုင်သော၊ သာတူညီမျှရှိသော၊ အခွန့်ရှည်တည်တံ့သော လူ့ဘောင်လောကကို တည်ဆောက်ရန်၊ ဒစ်ဂျစ်တယ်ခေတ်ကမ္ဘာ လောကကြီးတွင် လိုအပ်သော စာတတ်ခြင်းပုံစံအမျိုးအစားအသစ်ကို ပိုမိုအဓိပ္ပာယ်ပြည့်စုံစွာ နားလည်သဘောပေါက်ရန်အတွက် နက်ရှိုင်းသောအနှစ်သာရများ ပါဝင်လျက်ရှိပေသည်။ လူတိုင်းသည် လူ့အခွင့်အရေး၊ ပြောရေးဆိုခွင့်၊ နိုးနှော ဖလှယ်ခွင့်နှင့် ပိုမို၍စဉ်ဆက်မပြတ်တိုးတက်ရေးတို့အတွက် ဒစ်ဂျစ်တယ်ခေတ်သစ်၏ အကျိုးကျေးဇူးများကို ခံစားနိုင်သောစွမ်းရည်များ ပိုင်ဆိုင်သင့်ပါသည်။

(မစ္စ အီရီနာဘိုကိုဗာ)

❐

❑ ကျောဖုံးမှ

စိတ်ကြိုက်ဖိကစားသွားခဲ့ပြီး အနိုင်ဂိုးများကို ၇၄ မိနစ်တွင် လီကျန်တူ၊ ၇၇ မိနစ်တွင် ဒေါင်ဗန်တွိုင်၊ ၇၈၊ ၉၀+၁ မိနစ်တွင် ငုယင်ခမ်၊ ၈၉ မိနစ်တွင် မိုင်ဆာဟောင်တို့က သွင်းယူခဲ့သည်။

ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ကစားသည့် ဒုတိယပွဲတွင် အင်ဒိုနီးရှားအသင်းက ဖိလစ်ပိုင်အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် အဖွင့်ပွဲတွင် မြန်မာကို အနိုင်ရခဲ့သောကြောင့် စိတ်ဓာတ်ပိုင်းအမြင့်ဆုံး ရောက်နေပြီး ယခုပွဲတွင်လည်း ခြေအသာဖြင့် ကစားကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းအတွက် အနိုင်ဂိုးများကို ပူထရာတစ်ဦးတည်း သုံးဂိုးသွင်းယူကာ ဟက်ထရစ်ရခဲ့ပြီး ဗစ်ကာရီနှင့် မိုဟာမက်အီဘရယ်တို့က နှစ်ဂိုးစီ၊ ရာဖလီနှင့်ဖန်ဒီတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။

စက်တင်ဘာ ၈ ရက်တွင် အုပ်စု(က) တတိယပွဲများကို ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် အောင်ဆန်းကွင်း၌ လာအိုနှင့် စင်ကာပူ၊ သုဝဏ္ဏကွင်း၌ ထိုင်းနှင့် ကမ္ဘောဒီးယား၊ ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ တီမောနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ဖိုးသော်ဇင်

❐

ရခိုင်ပြည်နယ်ကူညီထောက်ပံ့ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်၍ Red Cross Movement မှ တာဝန်ရှိသူများသည် ARSA အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်မောင်တောဒေသမှ ဘေးသင့်ပြည်သူများအား ထိရောက်မြန်ဆန်သည့် ထောက်ပံ့ကူညီမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက အဆိုပါဝန်ကြီးရုံး၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးက မောင်တောဒေသဖြစ်စဉ်များကြောင့် ခေတ္တနေရပ်စွန့်ခွာ ပြည်သူများအားလုံးအတွက် ထောက်ပံ့မှုများ အမြန်ဆုံးရောက်ရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ အစိုးရဦးဆောင်မှုဖြင့် Red Cross Movement အဖွဲ့တို့ပူးပေါင်းကာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လတ်တလော အဓိကလိုအပ်သည့် ထောက်ပံ့ပစ္စည်းများ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာလိုအပ်ချက်များအားသိရှိအောင် ကြိုးပမ်းပြီး အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်းများ ဖော်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ယခုလို ဆွေးနွေးညှိနှိုင်းရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ Red Cross Movement အနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် စီစဉ်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

အစည်းအဝေးတွင် ကြက်ခြေနီလှုပ်ရှားမှုမှ စေတနာ့ဝန်ထမ်းများအား လုံခြုံရေးဆောင်ရွက်ပေးရေး၊ Cash Transfer & Relief Assistance ဆောင်ရွက်ရာတွင် အကျိုးခံစားခွင့်ရှိသူများ မထပ်စေရေး၊ Timeframe ထားရှိပြီး နေ့စဉ်ဆောင်ရွက်မည့် အစီအစဉ်လျာထားရေး၊ Psycho Social Support လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဒုတိယဝန်ကြီးနှင့် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှတာဝန်ရှိသူများ မောင်တောဒေသခံများနှင့် တွေ့ဆုံဆွေးနွေး

စစ်တွေ စက်တင်ဘာ ၇

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည့် မောင်တောဒေသသို့ ယနေ့ နံနက်ပိုင်းတွင် သွားရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရသေ့တောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြပြီး ဒေသခံတိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့်တွေ့ဆုံပြီး အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ၎င်းတို့၏အမြင်များနှင့် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့သို့ ရောက်ရှိကြပြီး မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းဦးတို့နှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက မိမိတို့ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့အနေဖြင့် သက်တမ်းတစ်နှစ်ကျော်ကာလအတွင်း အခက်အခဲများ၊ စိန်ခေါ်မှုများစွာဖြင့် ဆောင်ရွက်နေရသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ မောင်တောဒေသကိစ္စသည် ပြည်နယ်တစ်ခုအတွက်သာမဟုတ်ဘဲ တစ်နိုင်ငံလုံးအရေး၊ နိုင်ငံတကာအရေးထိပါ ဆက်စပ်နေသည့်အတွက် သိမ်မွေ့နက်နဲစွာ ဆောင်ရွက်ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုအချိန်သည် ငြိမ်းချမ်းရေးတည်ဆောက်နေသည့် ကာလဖြစ်သည့်အတွက် ယခုကဲ့သို့ ကြီးမားသည့်ဖြစ်စဉ်မျိုး ဆက်လက်မဖြစ်ပွားအောင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် တာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြလျှင် လာမည့်အနာဂတ်သည် အကောင်းဆုံးဖြစ်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က လက်ရှိဖြစ်ပျက်နေသည့် အခြေအနေမှန် မြေပြင်အနေအထားများကို ဘာသာပေါင်းစုံအဖွဲ့အနေဖြင့် သိရှိရန်၊ ပြည်တွင်း၊ ပြည်ပသို့ ယခုဖြစ်စဉ်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့သို့ ဆက်လက်သွားရောက်ပြီး ဘူးသီးတောင်မြို့ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံတိုင်းရင်းသားများ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့် အလားတူ တွေ့ဆုံမေးမြန်းဆွေးနွေးကြသည်။

မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်တွင် စက်တင်ဘာ ၄ ရက်အထိ ကောက်ယူရရှိသော စာရင်းအရ ပျက်စီးဆုံးရှုံးမှုမှာ မီးလောင်သည့်ကျေးရွာ ၅၉ ရွာ၊ နေအိမ် ၆၈၄၂ လုံး၊ ခန့်မှန်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၆၀၀၀ ကျော် ဆုံးရှုံးခဲ့ကြောင်း၊ နေရပ်စွန့်ခွာ အိမ်ထောင်စုပေါင်း ၆၁၅၈ စုနှင့် လူဦးရေ ၂၆၇၄၇ ဦးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

■

ပြည်တွင်း၊ ပြည်ပမီဒီယာများပါဝင်သော သတင်းအဖွဲ့ မောင်တောမြို့၌ ဆက်လက်သတင်းရယူ

နေပြည်တော် စက်တင်ဘာ ၇

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းများရယူနိုင်ရန် ပြည်တွင်း၊ ပြည်ပ မီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မောင်တောမြို့ မြို့မကညင်တန်းရပ်ကွက်ရှိ ဘင်္ဂါလီဈေးတွင် ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားနေမှုနှင့် အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းမရှိဘဲ ပုံမှန်ရောင်းဝယ်နေမှု အခြေအနေကို အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

ထို့နောက် မောရဝတီတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာရပ်မိရပ်ဖ ဦးစံလှဖြူနှင့် ကျေးရွာသားအချို့အား တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

ဆက်လက်၍ အလယ်သံကျော်ကျေးရွာအုပ်စု မောင်တူလာကျေးရွာနှင့် ဈေးကုန်တန်းကျေးရွာတို့ရှိ မီးလောင်မှု အပျက်အစီးများကို ဓာတ်ပုံမှတ်တမ်းများရယူပြီး ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ARSA အစွန်းရောက်အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်မှုကို ပြန်လည်ခုခံကာကွယ်နိုင်ခဲ့သည့် နယ်ခြားစောင့်စခန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်း သတင်းရယူသည်။

ထို့နောက် အထက်ကမ်းပိုင်ကြီးကျေးရွာနှင့် ကံဗူးကျေးရွာတို့၌ မီးလောင်ပျက်စီးနေမှုများကို ဓာတ်ပုံမှတ်တမ်းများရယူကြသည်။

ယင်းနောက် မောင်တောမြို့သို့ အပြန်လမ်း၌ ဂေါ်ဒူသာရကျေးရွာတွင် မီးလောင်မှုအပျက်အစီးများကို မှတ်တမ်းဓာတ်ပုံများ ရယူကြသည်။

သတင်းအဖွဲ့များ ဂေါ်ဒူသာရကျေးရွာတွင် မီးလောင်မှုသတင်းရယူနေစဉ် မသင်္ကာဖွယ် လေး၊ ငါးဦးခန့်ကို တွေ့ရှိရသဖြင့် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများကို ဆက်သွယ်မေးမြန်းရာ ယင်းသတင်းကို ကြားသိရသဖြင့် ယင်းနေရာအနီးတစ်ဝိုက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ဆက်သွယ်ပြီး ရှာဖွေစစ်ဆေးစေလျက်ရှိကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာအဖွဲ့များသည် မောင်တောမြို့မအနောက်ရပ်ကွက်ရှိ အမှတ် (၁) အဝင်/အထွက် စစ်ဆေးရေးစခန်းနှင့် စခန်းအနီးရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုးကာရံထားမှုကို ဓာတ်ပုံမှတ်တမ်း ရယူခဲ့ကြကြောင်း သတင်းထုတ်ပြန်ရေး ကော်မတီမှ ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် လူဦးရေသုံးသောင်းကျော် နယ်စပ်တွင် သွားရောက်နေထိုင်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၇

ARSA အစွန်းရောက်အကြမ်းဖက်သမားများ အသုံးပြုသည့် လက်လုပ်သေနတ်တစ်လက်နှင့် မိုင်းများကို ယမန်နေ့ ညနေပိုင်းက တွေ့ရှိခဲ့ကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှတ်တိုင်(၂၆) မှ (၃၅)အကြားတွင် ယာယီတဲများဖြင့် သွားရောက်နေထိုင်သူ သုံးသောင်းကျော်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် မောင်နှမကျေးရွာအုပ်စု အောင်မင်္ဂလာကျေးရွာနေ ဦးထွန်းအေးမောင်နှင့် ရွာသားသုံးဦးသည် မောင်နှမရွာ(အလယ်ရွာ) ကြံခင်းထဲမှ ဖြတ်သန်းသွားစဉ် လုပ်သေနတ်တစ်လက်နှင့် မိုင်းသုံးလုံးအား တွေ့ရှိသဖြင့် အောင်မင်္ဂလာကင်းစခန်းသို့ သွားရောက်သတင်းပို့ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီခန့်တွင် သွားရောက်သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း ရခိုင်ပြည်နယ်မြောက်ခြမ်းရှိ နယ်ခြားစောင့်ရဲစခန်းများအား ဝင်ရောက်တိုက်ခိုက်ခဲ့မှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့၊ ကွမ်းသီးပင်၊ သဲချောင်း၊ မီးတိုက်ကျေးရွာအုပ်စုများနှင့် တောင်ပြိုလက်ဝဲမြို့ပေါ် ရပ်ကွက်ငါးရပ်ကွက်တို့ရှိ ဒေသနေထိုင်သူများမှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှတ်တိုင် (၃၁) မှ (၃၂) အကြားတွင် လူဦးရေ ၁၂၀၀ ခန့်၊ နယ်စပ်မှတ်တိုင် (၃၂) မှ (၃၃) အကြားတွင် လူဦးရေ ၁၁၀၀၀ ခန့်၊ နယ်စပ်မှတ်တိုင်(၃၄) မှ (၃၅) အကြားတွင် လူဦးရေ ၁၈၀၀၀ ခန့် စုစုပေါင်း လူဦးရေ ၃၀၂၀၀ ခန့်မှာ ယာယီတဲများဖြင့် တရားမဝင် သွားရောက်နေထိုင်လျက်ရှိကြောင်းလည်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

တာဝန်ရှိတဲ့သူတွေအသီးသီးက ဒီလိုဆောင်ရွက်ပေးနေတဲ့အတွက် တည်ငြိမ်အေးချမ်းသွားရင် ကိုယ့်နေရာ ကိုယ့်ဒေသကို ပြန်သင့်တယ်

စစ်တွေ စက်တင်ဘာ ၇

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့များမှ နေရပ်စွန့်ခွာ တိမ်းရှောင်နေသည့် တိုင်းရင်းသားများ ယာယီခိုလှုံရာ စုရပ်နေရာများနှင့် ကျေးရွာများတွင် ကျန်ရှိနေသည့် တိုင်းရင်းသားများအား အလိုတော်ပြည့်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအရိယဝံသနှင့် သံဃာတော်များက စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့နေသကဲ့သို့ နယ်မြေအေးချမ်းပါက တိုင်းရင်းသားများ မိမိတို့နေရပ်ဒေသသို့ ပြန်လည်နေထိုင်ရန်အတွက်လည်း စိတ်ဓာတ်ခွန်အား မိန့်ကြားခြင်းများလည်း သွားရောက်ဆောင်ရွက်လျက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းများနှင့် တိုင်းရင်းသားကျေးရွာများသို့ သွားရောက်ထောက်ပံ့သည့် ခရီးစဉ်အတွင်း တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ပါသည်။

မေး။ ။နေရပ်စွန့်ခွာ တိမ်းရှောင်လာတဲ့ ဒေသခံတိုင်းရင်းသားတွေအတွက် ဆရာတော်အနေနဲ့ ကူညီထောက်ပံ့ရေး အစီအစဉ်တွေအပြင် စိတ်ဓာတ်ခွန်အားတွေ တိုးပွားလာအောင် ဘယ်လိုဆောင်ရွက်ပေးတယ်ဆိုတာ မိန့်ကြားပေးပါဦး။

ဖြေ။ ။စစ်တွေ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော ဒုက္ခသည်စခန်းတွေကို ရောက်ရှိနေသူတွေက နယ်အသီးသီးက တစ်ဖက်ရန်ကို ကြောက်လန့်ပြီး ထွက်ပြေးလာတဲ့သူတွေ ဖြစ်ကြပါတယ်။ ဒီလူတွေဟာ တကယ်တော့ ကိုယ့်ဒေသ၊ ကိုယ့်ရေ၊ ကိုယ့်မြေကို အင်မတန် ချစ်ကြတဲ့၊ မြတ်နိုးကြတဲ့ သူတွေပါ။ ဒါပေမယ့်လည်း အသက်နဲ့စည်းစိမ်မှာ အသက်က အရေးကြီးတယ်။ အသက်တစ်ချောင်းဟာ ရခဲတယ်ဆိုပြီး ကျွဲ၊ နွား၊ လယ်၊ စပါးစိုက်ခင်း အကုန်လုံးစွန့်ပြီး ဘေးကင်းရာကို ရှောင်ရှားပြီးတော့ လာကြတဲ့သူတွေဖြစ်ကြပါတယ်။ ဒါပေမယ့် ဒီလူတွေရဲ့စိတ်ထဲမှာ ဒေသအခြေအနေ အေးအေးဆေးဆေးဖြစ်ခဲ့ရင် လူတိုင်း ကိုယ့်ဒေသ၊ ကိုယ့်နေရာကို ပြန်လာချင်တဲ့စိတ်တွေရှိပါတယ်။ အခုလောလောဆယ်မှာ ရှင်းလင်းရေးကိစ္စတွေ မပြီးသေးတဲ့အတွက် ဒီလူတွေဟာ ခဏတာ တိမ်းရှောင်ပြီးတော့ ဒုက္ခနဲ့ကင်းဝေးတဲ့နေရာ၊ ရရိုင်အစုအဝေး အများအပြားရှိနေတဲ့နေရာတွေကို လာရောက်မှီတင်းနေထိုင်တာ ဖြစ်ပါတယ်။

စစ်တွေမြို့ပေါ်မှာ ဒုက္ခသည်ဌာန ၁၂ ဌာနရှိပါတယ်။ မနေ့က ဒုက္ခသည်စခန်းတွေကို ဘုန်းကြီးသွားပြီး စခန်းတစ်ခုကို ဆန် ၁၅ အိတ်၊ ဆီ၊ ငရုတ်၊ ကြက်သွန် စတာတွေ လိုက်ပေးခဲ့ပါတယ်။ လိုက်ပေးရင်း သူတို့စိတ်ကို တီးခေါက်ကြည့်လိုက်တဲ့အခါ ဒေသတည်ငြိမ်တဲ့အခါ ကိုယ့်ဒေသကို ပြန်ချင်တဲ့လူတွေများပါတယ်။ အဲဒါနဲ့ ဘုန်းကြီးက အားပေးစကားပြောပါတယ်။ ဒေသအခြေအနေတည်ငြိမ်လာရင် ကိုယ့်ဒေသကိုပြန်ဖို့ အခုလည်း တည်ငြိမ်အေးချမ်းခါစပြုနေပါပြီ။ ပြန်ချင်ရင် ပြန်လို့ရပါပြီ။ လုံခြုံမှုဆိုတာကတော့ တပ်မတော်က လောလောလတ်လတ် အကာအကွယ်ပေးထားတယ်။ စောင့်ရှောက်ထားတယ်။ ရဲတပ်ဖွဲ့ဝင်တွေကလည်း လုံခြုံအောင် စောင့်ရှောက်ထားတယ်။ လုံခြုံရေးဘက်ကတော့ တပ်မတော်နဲ့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ တာဝန်ဖြစ်တယ်။

မေး။ ။ဒီဒေသအတွက် ကူညီထောက်ပံ့ရေးလုပ်ငန်းတွေ စီစဉ်ဆောင်ရွက်ပေးနေတဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ အလှူရှင်အဖွဲ့အစည်းတွေအပေါ် ဆရာတော်အနေနဲ့ ဘယ်လိုများမိန့်ကြားချင်ပါသလဲ။

ဖြေ။ ။ဒီဒေသမှာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာအသီးသီးရှိရမယ်။ သူတို့တွေဟာ ဒေသအကျိုးဆောင်ရွက်ကြသူတွေ၊ ပံ့ပိုးကူညီနေကြတဲ့သူတွေဖြစ်ကြပါတယ်။ အားလည်းအားကိုးရပါတယ်။ နောက်ပြီး မြန်မာနိုင်ငံမှာ အမျိုးသားရေးစိတ်ဓာတ်ရှိနေတဲ့သူတွေပေါ့။ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ ဒုက္ခရောက်နေတဲ့အချိန်မှာ ကူညီရမှာပဲဆိုတဲ့ တာဝန်သိသိနဲ့ ပံ့ပိုးပေးနေကြတဲ့၊ လှူဒါန်းနေကြတဲ့သူတွေလည်း အများကြီးပါပဲ။ ရန်ကုန်က “လေးကျွန်းသူ”ဆိုတဲ့ အမျိုးသမီးအဖွဲ့ကလည်း မော်တော်တစ်စင်းအပြည့် သိန်းလေး၊ ငါးရာဖိုးလောက် လှူဒါန်းပါတယ်။ နောက်ပြီး ရုပ်ရှင်သရုပ်ဆောင်အဖွဲ့ကလည်းပဲ သိန်း ၉၀ ၊ ဆန်၊ ဆီ၊ ဆားအတွက် လှူဒါန်းပါတယ်။ တခြားအဖွဲ့တွေကလည်း ဒီဒေသကို တတ်နိုင်သလောက် လှူဒါန်းကြပါတယ်။

ဒီဒေသကို ရုတ်တရက် လာဖို့ဆိုတာက ဒီမှာ ပဋိပက္ခတွေ ဖြစ်နေတော့ မလွယ်လှပါဘူး။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဆီက ရဟတ်ယာဉ်တစ်စင်း ခဏအလှူခံပြီးတော့ ဘုန်းကြီးလာခဲ့တာဖြစ်ပါတယ်။ လာခဲ့တဲ့အခါမှာလည်း ကိုယ့်ဒေသကို ကြည့်လိုက်တော့ အင်မတန်ဝမ်းနည်းကြေကွဲစရာ ကောင်းလှပါတယ်။ လူတွေကိုတော့ အပြစ်မတင်ချင်ပါဘူး။ ဒီလောက်ဖြစ်နေတဲ့ ပြဿနာကြားထဲမှာ ဘယ်သူမှနေရဲကြမှာ မဟုတ်ပါဘူး။ ကြောက်စိတ်၊ လန့်စိတ်၊ စိုးရိမ်စိတ်၊ ပူပန်စိတ်တွေ များနေကြတယ်။

အလိုတော်ပြည့်ဆရာတော် ဒေါက်တာဘဒ္ဒန္တအရိယဝံသ

သူတို့ဒေသကို ခဏတာစွန့်ခွာပြီး ရှောင်ရှားတာကို အပြစ်တင်လို့မရပါဘူး။ ပြည်နယ်အစိုးရဘက်က ပံ့ပိုးမှုတစ်ခုတည်းမဟုတ်ဘဲ ဒီဒေသကို ပြန်လည်ပြုပြင်ပေးရမယ်။ လုံခြုံအောင် ဆောင်ရွက်ပေးရမယ်။ တိတိကျကျ စောင့်ရှောက်ပြီးတော့ ကြပ်ကြပ်မတ်မတ်လုပ်ပေးရမယ်။ ဒါမှ ဒီဒေသဟာ ပြန်လည်အသက်ဝင်လာမယ့် ဒေသဖြစ်တယ်။ သာမန်ဝတ္တရားကျေသာ လုပ်နေမယ်ဆိုရင်တော့ ပြန်လည်အသက်ဝင်လာဖို့ မလွယ်ကူပါဘူး။ သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း အသီးသီး တာဝန်ကျေကြပါတယ်။ ဒါလည်း အင်မတန်ဝမ်းသာစရာကောင်းပါတယ်။

မေး။ ။ကူညီထောက်ပံ့ရေးရိက္ခာတွေနဲ့ပတ်သက်ပြီးတော့လည်း ဘယ်လောက်အတိုင်းအတာထိ ရောက်ရှိသွားပြီလဲ၊ ဘယ်နေရာတွေမှာ ဘယ်လိုအခက်အခဲတွေရှိနေသေးလဲဆိုတာ မိန့်ကြားပေးပါဦး။

ဖြေ။ ။ဘုန်းကြီးကနေပြီးတော့ ထောက်ပံ့ရေးပစ္စည်းတွေကို ရန်ကုန်ကနေ စစ်တွေသယ်၊ စစ်တွေကနေ သင်္ဘောနဲ့ ဘူးသီးတောင်သယ်၊ အဲဒီလိုသယ်လာတဲ့ ပစ္စည်းတွေကို ပိတ်ဆို့နေတဲ့ နယ်စပ်ဒေသတွေ၊ ငတ်မွတ်နေတဲ့ရွာတွေကို တပ်မတော်ရဟတ်ယာဉ်နဲ့ ပို့ဆောင်ပေးနေတာ မျက်ဝါးထင်ထင်ပါပဲ။ ဘုန်းကြီးပံ့ပိုးပေးတဲ့ ပစ္စည်းတွေ အများကြီးရှိသလို တပ်မတော်ဘက်ကလည်း ပံ့ပိုးပေးတာတွေ အများကြီးပါ။ အားလုံးပူးပေါင်း ဆောင်ရွက်နေကြတာပါ။ ဒီလိုပံ့ပိုးပေးနေတာ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသမှာရှိတဲ့သူတွေ ဒီဒေသမှာရှိစေချင်လို့၊ စိတ်ချမ်းသာစေချင်လို့ ဖြစ်ပါတယ်။

ဒုက္ခသည်စခန်းတွေကို ရောက်တဲ့အခါမှာလည်း ကိုယ့်ဒေသကို အေးချမ်းသွားတဲ့အခါ ပြန်လည်သွားရောက်နေထိုင်ဖို့ ဘုန်းကြီးအနေနဲ့ အမြဲတမ်းတိုက်တွန်း ဆုံးမနေပါတယ်။ လုံခြုံရေးလည်း အပြည့်အဝရှိတယ်။ သုံးလစာရိက္ခာလည်းရှိတယ်။ တာဝန်ရှိတဲ့သူတွေကလည်း ဒီလိုဆောင်ရွက်ပေးနေတဲ့အတွက် တည်ငြိမ်အေးချမ်းသွားရင် ကိုယ့်နေရာ ကိုယ့်ဒေသကို ပြန်သင့်တယ်လို့ ဘုန်းကြီးမြင်ပါတယ်။ မပြန်ရင် ဘာတွေဖြစ်လာမလဲဆိုတာ မတွေးရဲအောင်ဖြစ်နေပါပြီ။ ဗုံးခွဲတာတို့၊ မီးလောင်တာတို့နဲ့ ဖျက်ဆီးခံရနိုင်တဲ့အတွက် နောက်တစ်ခါ တစ်နေရာကို ပြန်ဝင်လာဖို့ စိတ်တောင်မကူးနိုင်ဘူးဖြစ်ပါတယ်။ ဒါကြောင့် တည်ငြိမ်အေးချမ်းသွားရင် ကိုယ့်ဒေသ ကိုယ့်နေရာကို ပြန်လည်သွားရောက်နေထိုင်ဖို့ စိတ်ကူးထားရပါမယ်။

မေး။ ။လောလောဆယ် တိုင်းရင်းသားတွေဟာ စိုးရိမ်စိတ်တွေ ရှိနေပါသေးတယ်။ တကယ်လို့ တည်ငြိမ်အေးချမ်းသွားလို့ ပြန်သွားနိုင်တဲ့အခါ အကြောက်တရားတွေ ကင်းဝေးသွားအောင်၊ နောင်အနာဂတ်ကလေးတွေကို အကြောက်တရားတွေ ကင်းဝေးသွားအောင် ဘယ်လိုစီစဉ်ဆောင်ရွက်သင့်တယ်ဆိုတာ မိန့်ကြားပေးပါဦး။

ဖြေ။ ။အကြောက်တရားတွေ ကင်းဝေးဖို့အတွက် အစိုးရဘက်က ပြည်သူလူထုကို ဘယ်လိုကာကွယ်ပေးနိုင်မလဲ၊ ဘယ်လိုစောင့်ရှောက်မလဲ တကယ့်လက်တွေ့အကောင်အထည်ဖော်ပေးမှသာ ဒီအကြောက်တရားတွေ ပြယ်သွားမှာဖြစ်ပါတယ်။ ဘုန်းကြီးတို့ ဘယ်လောက်ပဲ အားပေးအားပေး အကြောက်တရားက ချက်ချင်းပျောက်ဖို့ မလွယ်ကူပါဘူး။ ဘာကြောင့်လဲဆိုတော့ အကြောက်တရားနဲ့ ကြုံတွေ့ရတော့ လူတွေဟာ အစိုးရနဲ့တပ်မတော်ကို အားကိုးကြတယ်။ အားကိုးသလောက်လည်း ခရီးရောက်ကြပါတယ်။ အစိုးရဘက်ကလည်း လူထုရဲ့ အကြောက်တရားကို ထိထိရောက်ရောက် ဖြေဖျောက်ဖို့အတွက် ခိုင်မာတဲ့နေရာတွေ၊ ခိုင်မာတဲ့အဆောက်အအုံတွေ၊ စောင့်ရှောက်မှုတွေ အကောင်အထည်ဖော်ပေးဖို့လိုပါတယ်။

တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)၊အေးမင်းသူ
ဓာတ်ပုံ-ပေါက်ကြီး

ပြည်သူ့အကျိုးပြုဆုံး စံပြစီးပွားရေးလုပ်ငန်းရှင်ဆု မြန်မာနိုင်ငံမှ KBZ BANK နှင့် KBZ GROUP တည်ထောင်သူလက်ခံရရှိ

နေပြည်တော် စက်တင်ဘာ ၇

ASEAN နိုင်ငံအလိုက် ခေတ်အဆက်ဆက် အအောင်မြင်ဆုံးနှင့် ပြည်သူ့အကျိုးပြုဆုံး စံပြစီးပွားရေးလုပ်ငန်းရှင်ဆု (The Legacy Award) ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ Solaire ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ ဖိလစ်ပိုင်နိုင်ငံသမ္မတ Mr. Rodrigo Duterte နှင့်အတူ ASEAN နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ၊ ဖိလစ်ပိုင်အစိုးရအဖွဲ့ဝင်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များနှင့် နိုင်ငံအလိုက်ဆုရရှိကြသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် ASEAN“The Legacy Award”ဆုကို မြန်မာနိုင်ငံမှ KBZ BANK နှင့် KBZ GROUPတည်ထောင်သူဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအား ဖိလစ်ပိုင်နိုင်ငံ သမ္မတMr.Rodrigo Duterte က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ The Legacy Award ဆုသည် အာဆီယံနိုင်ငံများနှင့်ပတ်သက်၍ပေးအပ်သောဆုများအနက် အမြင့်မားဆုံးသောဆုဖြစ်ပြီး သက်ဆိုင်ရာ နိုင်ငံအတွက်သာမက ASEAN ဒေသတစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်အားထက်သန်စွာဖြင့် ဘဝတစ်လျှောက်လုံး ထူးခြားပြောင်မြောက်စွာ သယ်ပိုးထမ်းဆောင်ခဲ့သည့် ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်ကြီးများကို နိုင်ငံအလိုက် ရွေးချယ်၍ ASEAN အဖွဲ့အစည်း နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် နှစ်ပေါင်း (၅၀) အတွင်း ပထမဆုံးအကြိမ် ချီးမြှင့်ပေးအပ်သည့် ဆုလည်းဖြစ်သည်။

ယင်းဆုကို KBZ BANK နှင့် KBZ GROUP တည်ထောင်သူဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအား ရွေးချယ်ချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ထိပ်တန်းပုဂ္ဂလိကဘဏ်များအနက် အကြီးဆုံးဦးဆောင်ဘဏ်ကြီးဖြစ်သည့် ကမ္ဘောဇဘဏ်အပါအဝင် KBZ GROUP ရှိ ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ အာမခံလုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေး၊ ဟိုတယ်လုပ်ငန်း၊ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ သတ္တုတွင်း၊ ကုန်သွယ်ရေး၊ နည်းပညာဆိုင်ရာနှင့် အခြားစီးပွားရေးလုပ်ငန်းကုမ္ပဏီများအား ယနေ့ပကတိအခြေအနေထိအောင် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖွံ့ဖြိုးအောင်မြင်လာစေရန် ထူးခြားပြောင်မြောက်စွာဖြင့် စီမံခန့်ခွဲနိုင်ခဲ့ခြင်း၊ အရာထမ်း၊ ဝန်ထမ်းများအားလုံးအပေါ် စိတ်ကောင်းစေတနာအပြည့်အဝဖြင့် မိသားစုသဖွယ် အစဉ်အမြဲကြည့်ရှုစောင့်ရှောက်ခဲ့ခြင်း၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ငွေကြေးကဏ္ဍမှ အဓိကအထောက်အကူပြုပါဝင်နိုင်ခဲ့ခြင်း၊ နိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းရှင်အများအပြားပေါ်ထွန်းလာအောင် ပံ့ပိုးကူညီဖော်ဆောင်ပေးနိုင်ခဲ့ခြင်း၊ အာဆီယံဒေသအတွင်းရှိ နိုင်ငံများတွင် ဘဏ်ခွဲကိုယ်စားလှယ်ရုံးများ တိုးချဲ့ဖွင့်လှစ်၍ အာဆီယံနိုင်ငံအသီးသီးရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် လုပ်ငန်းများ ဆက်သွယ်တိုးချဲ့ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် ပထမနေရာမှ ငါးနှစ်ဆက် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သောလုပ်ငန်းရှင်ဖြစ်ခြင်း၊ ပြည်တွင်းဆုနှင့် နိုင်ငံတကာဆု အမြောက်အမြား နှစ်စဉ်လက်ခံရရှိခဲ့ခြင်း၊ ဦးအောင်ကိုဝင်း နာယကအဖြစ် ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေဖြင့်လည်း စတင်တည်ထောင်ခဲ့သည့် ၂၀၀၈ ခုနှစ်မှ ယနေ့အချိန်အထိ ကိုးနှစ်တာကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူအတွက် ကျပ်ငွေ ၁၂၈ ဘီလီယံကျော် လှူဒါန်းခဲ့ခြင်းအပြင် နောင်မျိုးဆက်သစ် လူငယ်စီးပွားရေးလုပ်ငန်းရှင်များအားကျအတုယူဖွယ် စံပြစီးပွားရေးလုပ်ငန်းရှင်ဖြစ်ခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ချီးမြှင့်ရခြင်းဖြစ်ကြောင်း သိရသည်။

(ဝ၁ဝ)

ကုန်တင်ယာဉ်များ ယခုနှစ် နောက်ဆုံးထားကာ ဂျီပီအက်စ်စနစ်နှင့် အလုံးစုံမော်တော်ယာဉ်အာမခံ မဖြစ်မနေထားရှိရမည်

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းလုပ်ကိုင်နေကြသော ကုန်တင်မော်တော်ယာဉ်ကြီးများအားလုံး ယခုနှစ် နောက်ဆုံးထားကာ ဂျီပီအက်စ်စနစ်တပ်ဆင်ရမည်ဖြစ်ပြီး အလုံးစုံမော်တော်ယာဉ်အာမခံကို မဖြစ်မနေ ထားရှိဆောင်ရွက်ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လုပ်ငန်းလုပ်ကိုင်နေကြသည့် ယာဉ်တန်ချိန် နှစ်တန်နှင့်အထက် ကုန်တင်ယာဉ်များနှင့် “က” လုပ်ငန်းလိုင်စင်ရယူထားသော ကုန်တင်ယာဉ်များအားလုံး လာမည့် ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထားကာ ဂျီပီအက်စ်စနစ်ကို တပ်ဆင်ရမည်ဖြစ်သည်။ ထို့ပြင် အလုံးစုံမော်တော်ယာဉ်အာမခံကိုလည်း မဖြစ်မနေ ထားရှိရမည်ဖြစ်ကြောင်း အဆိုပါ အာဏာပိုင်အဖွဲ့က ညွှန်ကြားထားသည်။

ယင်းအပြင် ကုန်တင်ယာဉ်များအနေဖြင့် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ ကုန်တင်ယာဉ်ဌာန အမှတ်(၃၇) မြေညီထပ်၊ လမ်းမတော် (၂) လမ်း၊ လမ်းမတော်မြို့နယ်တွင် စက်တင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်မိတ္တူ၊ ယာဉ်ပိုင်ရှင်အမည်၊ နေရပ်လိပ်စာတို့နှင့်အတူ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) တွင် မှတ်ပုံတင်ရန်နှင့် အဆိုပါ မှတ်ပုံတင်ယာဉ်များ အားလုံးစနစ်တကျ ထိန်းသိမ်းရန်အတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

“ကုန်တင်ယာဉ်များအားလုံး YRTA မှာ မှတ်ပုံတင်ရပါမယ်။ အခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား ဆောင်ရွက်ရမှာပါ။ နောက်တစ်ခုက အများပြည်သူ မတော်တဆထိခိုက်မှုတွေကို အကာအကွယ်ရရှိနိုင်ဖို့အတွက် အလုံးစုံမော်တော်ယာဉ်အာမခံ မဖြစ်မနေထားရှိရပါမယ်။ ဂျီပီအက်စ်စနစ် တပ်ဆင်ရပါမယ်။ အဲဒါတွေကို ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်”ဟု သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လုပ်ငန်းလုပ်ကိုင်နေကြသည့် ယာဉ်တန်ချိန် နှစ်တန်နှင့်အထက် ကုန်တင်ယာဉ်များနှင့် “က” လုပ်ငန်းလိုင်စင် ရယူထားသော ကုန်တင်ယာဉ်များအားလုံး ယခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားကာ YRTA တွင် မှတ်ပုံတင်ဆောင်ရွက်ခြင်း၊ ယာဉ်များတွင် ဂျီပီအက်စ်စနစ် တပ်ဆင်ခြင်း၊ အစိုးရပိုင် မြန်မာ့အာမခံရုံးတွင်ဖြစ်စေ၊ ပုဂ္ဂလိက ကုမ္ပဏီများတွင်ဖြစ်စေ အလုံးစုံမော်တော်ယာဉ် အာမခံထားရှိခြင်းတို့ကို ဆောင်ရွက်သွားရမည်ဟု သိရသည်။

ယင်းအပြင် ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း သွားလာနေကြသော ကုန်သေတ္တာတင်ယာဉ်များအပါအဝင် ကုန်တင်ယာဉ်များအားလုံး ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများပေါ်တွင် သတ်မှတ်ထားသော အာဆီယံစံချိန်စံညွှန်းကို အခြေခံသည့် မော်တော်ယာဉ် အမျိုးအစားအလိုက် ယာဉ်နှင့် ကုန် တန်ချိန် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဟု အသိပေး ကြေညာချက်ကိုလည်း ပူးတွဲထုတ်ပြန်ထားသည်။

(ဆုနှင်းလဲ့)

ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ဟောပြောပွဲကျင်းပ

ပျော်ဘွယ် စက်တင်ဘာ ၇

သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အကြောင်း အသိပညာပေးဟောပြောခြင်း၊ ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေကျန်းမာရေး စစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းမှစတင်ကာ ပျော်ဘွယ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း

(ပန်းစုံ)၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာပြည့်ဖြိုးအောင်က သွားနှင့်ခံတွင်းသန့်ရှင်းရေး၊ မြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးတာဝန်ခံ ဒေါက်တာလဲ့လဲ့အောင်က တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာများကို ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန် ဆွေးနွေးဟောပြောခဲ့ကြသည်။

ထို့နောက် အဆိုပါကျောင်းရှိ ကျောင်းသား ကျောင်းသူများအား အထွေထွေရောဂါများ၊ သွားဘက်ဆိုင်ရာရောဂါများ၊ အရေပြားဆိုင်ရာရောဂါများ၊ ကူးစက်တတ်သောရောဂါများအား စစ်ဆေးကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား ပြည်သူ့ဆေးရုံသို့ ညွှန်းပို့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

ကနီမြို့နယ်တွင် ပျားရည်ထုတ်လုပ်ငန်းရာသီ သုံးလအတွင်း တစ်ရက်လျှင် လူဦးရေ ၁၅၀၀ ကျော် အလုပ်အကိုင်ရရှိ

ကနီ စက်တင်ဘာ ၇

ဆီးသီးပန်းပွင့်ရာသီဖြစ်သော ဩဂုတ်လမှ အောက်တိုဘာလအထိ ပျားရည်ထုတ်ရာသီတွင် ကနီမြို့နယ်အတွင်းရှိ ကျေးရွာ ၃၀ ခန့်မှ ဒေသခံပြည်သူ ၁၅၀၀ ကျော်သည် နေ့စဉ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း မြို့နယ်ပျားလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ပျားရည်ထုတ်ရာသီတွင် ကနီမြို့နယ်အတွင်း ကျေးရွာ ၃၀ ကျော်တွင် လုပ်ငန်းရှင် ၃၀၀ ကျော်သည် ပျားရည်ထုတ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် ဈေးဆိုင်ရောင်းချခြင်း၊ မြေငှားခြင်း၊ ပျားရည်ထုတ်ခြင်း၊ ပျားပုံးများချထားခြင်း၊ ပျားရည်ပုံးများ အတင်အချပြုလုပ်ခြင်း စသည့် လုပ်ငန်းများတွင် အလုပ်အကိုင်များရရှိခြင်းဖြစ်ပြီး ပျားရည်ထုတ်လုပ်ခြင်းလုပ်ငန်းမှ တစ်ရက်လျှင် ပျမ်းမျှ လူဦးရေ ၁၅၀၀ ကျော် ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

“ကျေးရွာက ပြည်သူတွေ အလုပ်အကိုင်တွေရကြတယ်၊ ပျားရာသီအစမှာ မော်တော်ယာဉ်တွေနဲ့ ပျားပုံးတွေလာတဲ့အခါမှာ တင်ချခက မနှစ်က ကားတစ်စီးကို ငွေကျပ် ၃၅၀၀၀ ရှိတယ်။ အခုနှစ်မှာတော့ ကားတစ်စီးကို ငွေကျပ် ၅၀၀၀၀ လောက်ရှိတယ်။ မနှစ်က အလုပ်သမားတစ်ယောက်ကို တစ်ရက် ငွေကျပ် ၅၀၀၀ ဈေးပေါက်တယ်။ ပျားစခန်းတစ်ခုမှာ တစ်ရက်ကို ပျမ်းမျှ အလုပ်သမား ၁၀ ဦးလောက် ငှားရတယ်။ တစ်မြို့နယ်လုံးဆိုရင် တစ်ရက်ကို အလုပ်သမား ၁၅၀၀ ကျော် အလုပ်အကိုင်တွေရကြတယ်။ ပျားလုပ်ငန်းလာလုပ်တဲ့ကျေးရွာ ၃၀ ကျော်ရှိတယ်။ ဒေသရဲ့စိုက်ပျိုးရေးကို အထောက်အကူပြုသလို ဒေသက ပြည်သူတွေကိုလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေတယ်”ဟု မြို့နယ်ပျားလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

ဆီးသီးပန်းပွင့်ရာသီ ပျားရည်ထုတ်လုပ်ငန်းလုပ်ကိုင်ချိန်တွင် ကနီမြို့နယ်အတွင်းရှိ ကျေးရွာ ၃၀ ကျော်တွင် ကနီမြို့နယ် ဒေသခံပျားမွေးမြူရေးလုပ်ငန်းရှင်များအပြင် အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပျားမွေးမြူရေးလုပ်ငန်းရှင် ၂၀၀ ကျော် လာရောက်လုပ်ကိုင်လျက်ရှိသည်။ ကနီမြို့နယ်တွင် ဒေသခံ ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ပျားမွေးမြူရေးလုပ်ကိုင်သူ ၃၄၁ ဦးရှိကာ တစ်နိုင်ငံလုံးတွင် ပျားမွေးမြူသူ ၁၂၀၀ ကျော်ရှိကြောင်း မြို့နယ်ပျားလုပ်ငန်းဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဖေယျာတိုင်း)

ဖွံ့ဖြိုးရေးအဟန့်အတားများ

ပြောင်းလဲလာတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ Community Driven Development (CDD) ဟုဆိုတဲ့ လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃ ခုနှစ်မှ အစပြုပြီး ကျေးလက်ဒေသရှိဆင်းရဲနွမ်းပါးတဲ့ ပြည်သူလူထုအနေနဲ့ အဓိကကျသော အခြေခံအဆောက်အအုံတွေကို အသုံးချပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေမယ့် ပလက်ဖောင်းတစ်ခုဖြစ်စေရန် ဖော်ဆောင်နေပါတယ်။

လူထုဗဟိုပြုစီမံကိန်းအကောင်အထည်ဖော်ရာမှာ လူထုကို ဗဟိုပြုတဲ့ ချဉ်းကပ်နည်းနဲ့ ပြည်သူ့ဘဝ လိုအပ်ချက်တွေကို ဖြည့်တင်းပေးနေတဲ့စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ထိုချဉ်းကပ်နည်းဟာ လူထုက မိမိအခက်အခဲကို မိမိကိုယ်တိုင်ဖော်ထုတ်ပြီး မိမိတို့ကိုယ်တိုင် အကောင်အထည်ဖော်နိုင်ခွင့်ရရှိမှာဖြစ်ပါတယ်။ ယင်းနည်းပညာဟာ ယခုခေတ်၊ ယခုစနစ်အနေနဲ့ လွန်စွာမှ လိုက်လျောညီထွေတဲ့ ချဉ်းကပ်နည်းတစ်ခုဖြစ်ပါတယ်။ ဒေသတစ်ခု၊ နိုင်ငံတစ်ခုကို ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုလုပ်မယ်ဆိုလျှင် အဟန့်အတားအနှောင့်အယှက်မျိုး ကြုံတွေ့ရမည်မှာ ဓမ္မတာတစ်ခုပင်ဖြစ်ပါတယ်။ ထိုအနှောင့်အယှက်တွေကို ယေဘုယျအားဖြင့် Geo-graphical Obstacle ဆိုတဲ့ ပထဝီမြေပြင်အဟန့်အတား၊ Social Obstacle ဆိုတဲ့ လူမှုအဟန့်အတားနဲ့ Political Obstacle ဆိုတဲ့ နိုင်ငံရေးအဟန့်အတား (Policy Obstacle လို့ဆိုရင် ပိုလို့အဆင်ပြေမှာပါ)လို့ဆိုရမှာပါ။ ဖေးမကူညီနေတဲ့ Policy မူဝါဒရေးရာ အဟန့်အတား (Political/ Policy Obstacle)ကို လေ့လာကြည့်မယ်ဆိုပါက Political (Policy) နိုင်ငံရေးမူဝါဒအနေနဲ့ ယခုစီမံကိန်း၊ ယခုချဉ်းကပ်နည်း (Technical Approach)ကို အဟန့်အတားမဖြစ်ရုံတင်မက တွန်းအား (Positive Force)အဖြစ်တည်ရှိနေခြင်းဟာ ဒီစီမံကိန်းအတွက် အလွန်အခါအခွင့်သင့်တဲ့အချက်ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုရင်တော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံကိန်းကို အကောင်အထည်ဖော်ရာမှာ အားကြိုးမာန်တက် ဦးဆောင်အကောင်အထည်ဖော်ဆောင်နေခြင်းဟာ စီမံကိန်းကြီးအောင်မြင်ဖို့ အလွန်အားကောင်းတဲ့ အခွင့်အရေးတစ်ခုဖြစ်ပါတယ်။ လူမှုအဟန့်အတား (Social Obstacle)၊ နောက်တစ်ခုဖြစ်တဲ့ လူမှုရေးအဟန့်အတားအနေနဲ့ ရေးရမယ်ဆိုကာမူ လွန်စွာများပြားလှပါတယ်။ လူမှုရေးဆိုရာမှာ ဘာသာရေး၊ ယုံကြည်မှု၊ ဓလေ့ထုံးတမ်းများ၊ နိုင်ငံရေးအယူအဆများ စတဲ့အချက်တွေ အကျုံးဝင်ပေလိမ့်မယ်။ သာပေါင်းမြို့နယ်အတွင်းမှာ ထိုသို့သော အဟန့်အတားများမှာ မရှိသလောက်နည်းပါးလှပါတယ်။ ဘာသာရေးမှာဆိုရင်လည်း အားလုံးက ပြဿနာဟူ၍ တစ်စုံတစ်ရာပင်မရှိဘဲ ပကတိ အေးချမ်းလှပါပေတယ်။ ဓလေ့ထုံးတမ်းအရ ကြည့်မယ်ဆိုရင် မြန်မာပြည်မှာနေတဲ့ တိုင်းရင်းသားတွေဖြစ်တာနဲ့အညီ မြန်မာ့ဓလေ့အရ ဖြူစင်လှပါတယ်။ နောက်အရေးကြီးဆုံးအချက်ဖြစ်တဲ့ တစ်ယောက်ချင်းစီရဲ့စရိုက်နဲ့ အယူအဆတွေအကြောင်းကို တင်ပြပါရစေ။ တစ်ဦးချင်းစီရဲ့စရိုက်၊ ကျေးရွာသူ ကျေးရွာသား တစ်ဦးချင်းစီရဲ့စရိုက်နဲ့ စိတ်နေသဘောထားတွေဟာ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်သလို အဟန့်အတားလည်းဖြစ်နိုင်ပါတယ်။

ခေါင်းစဉ်အရ အဟန့်အတားအကြောင်းကိုပဲ ဆွေးနွေးရမယ်ဆိုရင် ပိုပြီးသင့်လျော်မှာပါ။ မိမိရွာ၊ မိမိဒေသ၊ မိမိနိုင်ငံကိုချစ်တယ်၊ ဖွံ့ဖြိုးစေချင်တယ်ဆိုတာက လူသားသဘာဝ ဆန်းပြားချက်တစ်ခုတော့ ဟုတ်မယ်မထင်ပါ။ သို့သော် ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်တော့မယ်ဆိုရင်ဖြင့် ဒေသစွဲကိုတော့ အတိုင်းအတာတစ်ခုအထိ လျှော့ထားခဲ့ရမယ်ဆိုတာ ဧကန်အမှန်ပင်ဖြစ်ပါတယ်။ အလွန်ကောင်းမွန်တဲ့ စက်ယန္တရားကို မကျွမ်းကျင်တဲ့စက်မောင်း (Driver) မောင်းမယ်ဆိုပါက ဘယ်ကဲ့သို့ ဖြစ်နိုင်ပါမည်နည်း။ စာဖတ်သူများ စဉ်းစားမိလောက်ပါမယ်။ လူတစ်ယောက်ချင်းစီရဲ့ ဖွံ့ဖြိုးရေးစိတ်ဓာတ်ဟာ ထိုစက်ယန္တရားနဲ့တူပြီး ရွာစွဲ၊ အပိုင်းစွဲဟာ ထိုမကျွမ်းကျင်တဲ့ယာဉ်မောင်းနဲ့ တူပေမယ်။

မြန်မာ့ဓလေ့ ဆုံးမစကားဖြစ်တဲ့ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဆိုတဲ့ မြန်မာ့ဓလေ့ယဉ်ကျေးမှုဆိုတာရှိနေသည်မှာ စာဖတ်သူတွေအနေနဲ့ သိနှင့်ပြီးသားဖြစ်ပါတယ်။ ထိုယဉ်ကျေးမှုတွေအရ ငယ်တဲ့ရွာ၊ ဒေသတွေ၊ ဆင်းရဲနွမ်းပါးမှုကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဒေသရွာငယ်လေးတွေရဲ့ ဖွံ့ဖြိုးမှုတွေကို မဖြစ်မနေ ဦးစားပေးစဉ်းစားဆောင်ရွက်ခြင်းဟာ Equity ဆိုတဲ့ သာတူညီမျှမှုကို ထင်ဟပ်စေပါတယ်။ ဖွံ့ဖြိုးမှုအထိုက်အလျောက်ကောင်းမွန်တဲ့ ကျေးရွာကြီးတွေအနေနဲ့ မေတ္တာတရားကိုအခြေခံပြီး ငယ်သူကိုညာတာလို့ စီမံကိန်းလုပ်ငန်းကို ရွေးချယ်ပြီး ဘဏ္ဍာငွေစီမံခန့်ခွဲခြင်းလုပ်ငန်းတွေကို လုပ်စေချင်ပါတယ်။ ငယ်သူ၊ ရွာငယ်များအနေနဲ့လည်း အရင့်အရင်က ကြုံတွေ့ခံစားရတဲ့ အာဃာတတရားကို ဖယ်ရှားလို့ ယနေ့ခေတ်စနစ်နဲ့အညီ မိမိရရှိတဲ့အခွင့်အရေးကို အများအကျိုးအတွက် အသုံးချနိုင်စေဖို့ တိုက်တွန်းလိုက်ရပါတယ်။

(ဘိုဟန်)

မှူခင်းကြိုတင်ကာကွယ်ရေး အသိပညာပေး

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် လှည်းတန်းစင်တာရှေ့တွင် စက်တင်ဘာ ၅ ရက်က မှုခင်းပညာပေးယာဉ်ဖြင့် လှည်းတန်းစင်တာသို့ ဈေးဝယ်လာရောက်ကြသူများ၊ လမ်းသွားလမ်းလာပြည်သူများအား မှုခင်းကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးအစီအစဉ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဟန်၊ ယာဉ်ထိန်းတပ်ဖွဲ့စု(၃၉)မှ ဒု-ရဲမှူးဇော်မျိုးထွန်း၊ မူးယစ်တပ်ဖွဲ့စု(၄၂)မှ ရဲအုပ်ကျော်အောင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၆)မှ ရဲအုပ်သိန်းဌေးနှင့်တပ်ဖွဲ့ဝင်များက ပြည်သူများအား မှုခင်းအသိပညာပေးဟောပြောကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

(ခင်မောင်သော်)

မိုးကောင်းမြို့တွင် ကြက်ဆီထမင်းစားရာမှ အစာအဆိပ်သင့်မှုဖြစ်

မိုးကောင်း စက်တင်ဘာ ၇
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မန်ရွက်အုပ်စု (၈)မိုင်မြို့ဟောင်းကျေးရွာ RC ဘုရားကျောင်း၌ ကြက်ဆီထမင်းစားရာမှ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးကောင်းမြို့နယ် မန်ရွက်အုပ်စု (၈)မိုင်မြို့ဟောင်းကျေးရွာ RC ဘုရားကျောင်းတွင် ကျွေးသော ကြက်ဆီထမင်းစားရာမှ အစာအဆိပ်သင့်ပြီး မူးဝေအော့အန်၊ ဗိုက်နာသဖြင့် ကလေးလူကြီး ၁၄ ဦးခန့် မိုးကောင်းပြည်သူ့ဆေးရုံသို့ ကနဦးရောက်ရှိခဲ့သည်။

ည ၉ နာရီခွဲထိ အစာအဆိပ်သင့်လူနာ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၃၄ ဦး ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကုသမှုခံယူခဲ့သည်။

"လူနာတွေ သက်သာလာပြီဆိုပေမယ့် တစ်ညစောင့်ကြည့်ရမှာဖြစ်လို့ အားလုံးကို ဒီတစ်ညတော့ ဆေးရုံမှာ တက်ခိုင်းထားမှာဖြစ်ပါတယ်"ဟု ကျန်းမာရေးမှူး အဆင့်(၁) ဦးလကြုံဘရန်က ပြောသည်။

"စက်တင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီလောက်မှာ ကျွေးတာ။ ကြက်ဆီထမင်းရယ်၊ ဘာလချောင်ကြော်ရယ်၊ ကြက်သားမွထားတာရယ် ထမင်းဘူးနဲ့ဝေတာ။ ကြက်ရိုးစွပ်တန်ဟင်းရည်ကတော့ စားပွဲမှာချထားပေးတာပါ။ မွေးနေ့ဆုတောင်းပွဲကို လူ ၇၀ လောက်တော့လာတယ်။ စားပြီးတော့ ကလေးလူကြီးတော်တော်များများ မူးဝေအော့အန်ကြတယ်။ တချို့ကလည်း အပြင်ဆေးခန်းသွားတယ်။ အဘွားတို့ကတော့ သုံးဘီးနဲ့ ဒီကို လာလိုက်ကြတာ"ဟု အသက်(၇၅)နှစ်ရှိ ဒေါ်ဂွန်ဆောင်လုအောန်က ပြောသည်။

(မင်းမင်းဦး)

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၇
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၅၇ စီး၊ သွင်းကုန် ၃၇၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၅၀၊ သွင်းကုန် ၁၅၂ စီး ကုန်စည်များသယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁ ဒသမ ၆၅၁ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၀၁၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၆၆၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် စက်တင်ဘာ ၆ ရက်တွင် မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်နှစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Snook LCD (19.8") (PD-1422) ၄၅ လုံး၊ (8.8") (PD-722) ၇၅ လုံး၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်း ၁၀ မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁ ဒသမ ၆၁၁ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Snook LCD၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်း ၁၀ မျိုးကို တွေ့ရစဉ်။

လာဘ်ငွေတောင်းခံရယူသူ မြေစာရင်းဝန်ထမ်းအား ခုနစ်မှုဖြင့် တရားစွဲအမှုဖွင့်

ကျောက်တံခါး စက်တင်ဘာ ၇
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြေစာရင်းဦးစီးဌာနမှ မြေတိုင်းစာရေးတစ်ဦးအား အဂတိတိုက်ဖျက်ရေးကော်မရှင်က အမှုခုနစ်မှုဖြင့် တိုင်ကြားခဲ့မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြို့နယ်မြေစာရင်းဦးစီးဌာနမှ မြေတိုင်းစာရေးဖြစ်သူ ပဲနွယ်ကုန်းမြို့ ပြည်တော်သာရပ်ကွက်နေ ဦးလပြည့်ဝန်း (ခ)ဦးမောင်မောင် (၄၀) နှစ် သည် ၂၀၁၄ ခုနှစ် မေလခန့်က လယ်ယာမြေ အရောင်းအဝယ်ပြုလုပ်ရာတွင် စာချုပ်ချုပ်ဆိုခြင်းနှင့် လယ်ယာမြေပုံစံ(၇)လုပ်ခြင်းကိစ္စရပ်များတွင် ဒေသခံတောင်သူများထံမှ ငွေကြေးသိန်းနှင့်ချီ၍ အကြိမ်ကြိမ်အခါခါတောင်းယူလက်ခံခဲ့ခြင်းအား ဒေသခံနစ်နာသူတောင်သူများက တိုင်ကြားခဲ့သဖြင့် အဂတိတိုက်ဖျက်ရေးကော်မရှင်မှ စစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးခဲ့ရာတွင် ပေါ်ပေါက်ခဲ့သဖြင့် မြေတိုင်းစာရေးဝန်ထမ်းဖြစ်သူ ဦးလပြည့်ဝန်းအား ပဲနွယ်ကုန်းနယ်မြေရဲစခန်းတွင် အမှုပေါင်း ခုနစ်မှုဖြင့် စက်တင်ဘာ ၆ ရက်က တိုင်ကြားအမှုဖွင့်ခဲ့သဖြင့် နယ်မြေရဲစခန်းမှ ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ အမှုဖွင့်ကာ ထွက်ပြေးတိမ်းရှောင်နေသူ ဦးလပြည့်ဝန်း (ခ)ဦးမောင်မောင်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြိုးကိုလင်း(ညောင်ဝိုင်း)

တောင်ကြီးမြို့၌ စိတ်ကျန်းမာရေးချို့ယွင်းသူတစ်ဦးထံမှ လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိ

နေပြည်တော် စက်တင်ဘာ ၇
တောင်ကြီးမြို့၌ စိတ်ကျန်းမာရေးချို့ယွင်းသူ အမျိုးသားတစ်ဦးထံမှ လက်လုပ်မိုင်းဟု ယူဆရသည့် ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိသဖြင့် ဆေးရုံသို့ ပို့ဆောင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ တောင်ကြီးမြို့ မြို့နယ်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ လိုက်လံရှာဖွေရာ တောင်ကြီးမြို့ သစ်တောရပ်ကွက် နဂါးနှစ်ကောင်ဘုန်းကြီးကျောင်းအတက်လမ်း အမှိုက်ပုံအနီး၌ ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် တောင်ကြီးမြို့ မြို့မရပ်ကွက် ကုန်းသာကျောင်းလမ်းနေ နူလ်အာမင်း(ခ)အောင်မင်း (၄၄) နှစ် (အဘ) နူဒင်း(ခ) ဦးမောင်မောင်(ကျပန်း)အား ဂက်စ်ဘူးခွံဖြင့် ပြုလုပ်ထားသော အရှည်သုံးလက်မခန့်ရှိ ဝါးရိုးတပ်ဆင်ထားသည့် လက်လုပ်မိုင်းဟုယူဆရသည့် ကိရိယာတစ်ခု၊ ဂက်စ်ဘူးခွံဖြင့် ပြုလုပ်ထားပြီး အဝတွင် သစ်သားအပိုင်းများ ပိတ်ထားသည့် လက်လုပ်မိုင်းဟုယူဆရသော ကိရိယာတစ်ခု၊ ဉာဏ်တော်တစ်လက်မခန့်ရှိ ဘုရားဦးခေါင်းတော်ပြတ် တစ်ဆူနှင့် ခဲ၊ သံတိုသံစများနှင့်အတူ တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးခဲ့သည်။

ထိုသို့ မေးမြန်းစစ်ဆေးချက်အရ ၎င်းမှာ လွန်ခဲ့သော နှစ်နှစ်ခန့်က ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် ဦးခေါင်းထိခိုက်ထားသူဖြစ်ပြီး ယခင်ကလည်း စိတ်ကျန်းမာရေးချို့ယွင်းမှု နှစ်ကြိမ်ဖြစ်ပွားဖူးကြောင်း၊ ဆိုင်ကယ်တိမ်းမှောက်မှုမဖြစ်ပွားမီက မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်သူဖြစ်ကြောင်း သိရှိရသဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးသို့ ပို့ဆောင်ပြီး ၎င်း၏ စိတ်ကျန်းမာရေးအခြေအနေအား စစ်ဆေးစောင့်ကြည့်လျက်ရှိသည်။

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားလာနိုင်သည့် သတင်းများအရ နိုင်ငံအဝှမ်း လုံခြုံရေးအထူးဂရုပြုရန် နိုင်ငံတော်အစိုးရက နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရများသို့ သတိပေးညွှန်ကြားချက်များ ထုတ်ပြန်ထားရှိရာ ပြည်သူများအနေဖြင့် လုံခြုံရေးသတိရှိပြီး မသင်္ကာဖွယ်ရာ လူပုဂ္ဂိုလ်များ၊ လုပ်ဆောင်ချက်များ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းစုဆောင်းမှုများ၊ ပုံမှန်မဟုတ်သော လုပ်ဆောင်ချက်များ တွေ့ရှိပါက နီးစပ်ရာ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များထံ အမြန်ဆုံးအကြောင်းကြားပေးကြပါရန် သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကုမ္ပဏီငွေများ အလွဲသုံးစားပြုလုပ်သူအား အရေးယူ

နေပြည်တော် စက်တင်ဘာ ၇
မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်နေ ကျော်ဖြိုးထက် (Alpine သောက်ရေသန့်ကုမ္ပဏီ အရောင်းကြီးကြပ်ရေးမှူး) သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အလုပ်ဝင်ရောက်လုပ်ကိုင်သူ တစ်ရပ်တည်းနေ ထွန်းကျော်ကျော်(၂၁)နှစ်အား အရောင်းတာဝန်ခံအဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ထွန်းကျော်ကျော်သည် ရေဘူးရောင်းချ၍ ရသောငွေများကို ကုမ္ပဏီသို့ အပြည့်အဝပေးသွင်းခြင်းမရှိသဖြင့် ၎င်းအား ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဌာနတွင်း စာရင်းစစ်အဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ငွေကျပ် ၆၁၉၅၈၂၀ အား ကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်ထားသည်ကို စစ်ဆေးတွေ့ရှိရပြီး ၎င်းမှလည်း အဆိုပါငွေများကို သုံးစွဲခဲ့ကြောင်း သိရှိရ၍ စက်တင်ဘာ ၆ ရက်တွင် အရေးယူပေးရန်တိုင်တန်းချက်အရ ထွန်းကျော်ကျော်အား ချမ်းအေးသာစံမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။



(ရဲပြန်ကြား)

အရှိန်မထိန်းနိုင်သောယာဉ် တိမ်းမှောက်သဖြင့် ၃၃ ဦးဒဏ်ရာရ

နေပြည်တော် စက်တင်ဘာ ၇
မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာ မြင်းခြံ-မိတ္ထီလာသွားကားလမ်း မိုင်တိုင်(၂၇/၆-၇) ကြားတွင် မြောက်မှ တောင်ဘက်သို့ နွားထိုးကြီးမြို့နယ်နေ မင်းသူကျော်(၂၃)နှစ် မောင်းနှင်လာသည့် 4E/--- ရွှေစကြာခရီးသည်တင်ယာဉ်သည် စက်တင်ဘာ ၆ ရက် ည ၇ နာရီခွဲတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် မြင်းခြံမြို့နေ ကိုဝေမင်း(၂၀)နှစ်ပါ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၃၃ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း မင်းသူကျော်အား ရုံးစည်ကြီး ရဲကင်းစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

လာ လီ ဂါ သ တ င်း မျာ း

စီရိုနယ်လ်ဒို အောင်မြင်မှု နောက်ကွယ်က အကြောင်းတရား

ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက လက်ရှိ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဖြစ်ပြီး ယခုလို အောင်မြင်မှုရရှိနေခြင်းရဲ့ နောက်ကွယ်က အကြောင်းတရားကို အိပ်စက်ခြင်းဂုရုကြီး နစ်ခ်လစ်တယ်ဟေးလ်က မီဒီယာများသို့ ဖွင့်ဟလိုက်ပြီဖြစ်သည်။ နစ်ခ်လစ်တယ်ဟေးလ်က စီရိုနယ်လ်ဒိုမှာ ညအိပ်ရာ မဝင်မီမှာပင် မိနစ်၉၀(တစ်နာရီခွဲ) ငါးကြိမ် အိပ်စက်ခြင်းကြောင့် ယခုလို အောင်မြင်မှုရရှိနေခြင်းဖြစ်ကြောင်း ဖွင့်ဟခဲ့သည်။

လစ်တယ်ဟေးလ်သည် စီရိုနယ်လ်ဒိုအပြင် နာမည်ကျော်ပုဂ္ဂိုလ်အမြောက်အမြား အောင်မြင်မှုရရှိရေးအတွက် ကူညီပေးနေသူဖြစ်သည်။ စီရိုနယ်လ်ဒို၏ အိပ်စက်မှုပုံစံကောင်းကြောင့် အန်စလော့တီက နစ်ခ်လစ်တယ်ဟေးလ်ကို ရီးယဲလ်အသင်းသို့ ဖိတ်ခေါ်ခဲ့ဖူးသည်။ မန်ယူနည်းပြကြီး ဖာဂူဆန်လက်ထက်ကလည်း ကစားသမားများ အိပ်မပျော်ခြင်းမှ ကာကွယ်ရန်အတွက် အိပ်စက်ခြင်း ကုမ္ပဏီဒါရိုက်တာဖြစ်သူ လစ်တယ်ဟေးလ်နှင့် လက်တွဲခဲ့ဖူးသေးသည်။ လစ်တယ်ဟေးလ်က စီရိုနယ်လ်ဒိုက သူများလုပ်ပြီးသားကို ပုံတူကူးချ ဆောင်ရွက်ရန် စိတ်ဝင်စားသူ မဟုတ်သလို ကိုယ်အလေးချိန် လျှော့ချခြင်းကို စိတ်ဝင်စားသူမဟုတ်ကြောင်းလည်း ဖောက်သည်ချခဲ့သည်။

လစ်တယ်ဟေးလ်က ပါးလွှာတဲ့ ဖျာပေါ်မှာ အိပ်စက်ပြီး ပြန်လည်နိုးထလာပါက အားအင်ပြည့်နိုးထလာနိုင်မည်ဖြစ်ပြီး နေရာပြောင်းအိပ်စက်ချိန်တွင် အိပ်စက်လေ့ရှိတဲ့ ဖျာပါးကို ယူဆောင်သွားပြီး အိပ်စက်ပါက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေရန် များစွာ ထောက်ကူပေးနိုင်ကြောင်းလည်း အကြံပြုခဲ့သည်။ ချယ်လ်ဆီးကွင်းလယ်လူဟောင်း အက်ဆီယန်ကသူ့အနေဖြင့် တစ်နေ့ အနည်းဆုံး ၁၄ နာရီ အိပ်လေ့ရှိကြောင်း ပြောကြားခဲ့ဖူးသလို ဂရင်းစလင်း ၁၄ ကြိမ်ရ ပိထ်ဆန်းပရက်စ်ကလည်း ပြိုင်ပွဲကြီးများ ယှဉ်ပြိုင်တဲ့ကာလဆိုလျှင် သူ့ရဲ့ အိပ်စက်ခြင်းကို မည်သူမျှ နှောင့်ယှက်ခြင်းမရှိအောင် စီစဉ်ထားလေ့ရှိကြောင်း ဆိုခဲ့ဖူးသည်။

အိပ်ရေးမဝလျှင် ခန္ဓာကိုယ်ရှိ ဟော်မုန်းစီးဆင်းမှု မူမမှန်သဖြင့် စွမ်းဆောင်ရည် ကျဆင်းလာလေ့ရှိကြောင်း သုတေသနပြုချက်များအရ သိရသည်။ ■

ရီးယဲလ်ကို ဘာလို့ မရွေးချယ်ခဲ့သလဲဆိုတာကို

ကစားသမားမိတ်ဆက်ပွဲတွင် ထည့်သွင်းပြောကြားခဲ့တဲ့ မက်ပီ

ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့တဲ့ လူငယ်ကစားသမားလေး မက်ပီက သူ့အနေနဲ့ ရီးယဲလ်ကို ကျော်လွန်ပြီး ပီအက်စ်ဂျီကို ရွေးချယ်ခဲ့ခြင်းက သူကြီးပြင်းခဲ့တဲ့ ပဲရစ်မြို့မှာ ပြန်လည်အခြေချနေထိုင်လိုခြင်းက အဓိကကျခဲ့ကြောင်း ပြောကြားလိုက်ပြီဖြစ်သည်။ မက်ပီကို ဥရောပအသင်းကြီးများဖြစ်တဲ့ ရီးယဲလ်၊ မန်စီးတီး၊ အာဆင်နယ်၊ မန်ယူ၊ လီဗာပူး စသည့် ဥရောပထိပ်တန်းအသင်းကြီးများက ခေါ်ယူရန် ကြိုးပမ်းခဲ့သည့်ကြားမှပင် ပီအက်စ်ဂျီအသင်းကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မက်ပီမှာယခုနှစ်တွင် ကနဦးအငှားဖြင့် ကစားမည်ဖြစ်ကာ လာမည့်နှစ်နွေဈေးကွက်မှသာ ပေါင် ၁၆၆ သန်းဖြင့် အပြီးသတ် ပြောင်းရွှေ့မည်ဖြစ်သည်။ မက်ပီက "လွန်ခဲ့တဲ့ မေလလောက် ကျွန်တော် မိုနာကိုမှာရှိနေတဲ့အချိန်ကတည်းက ကျွန်တော့်စိတ်ကို ဘောင်ခတ်ထားခဲ့တယ်။ အဲဒီအချိန်မှာ တချို့သော အခြေအနေတွေက ကျွန်တော့်စိတ်ကို ပြောင်းလဲစေခဲ့တယ်။ ပြင်သစ်က မထွက်ခွာသွားရေးက အဓိကကျပါတယ်။ ကျွန်တော်ကြီးပြင်းခဲ့တဲ့မြို့မှာ ပြန်လည်အခြေချခွင့်ရဖို့ကလည်း အရေးကြီးပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

မက်ပီက ပီအက်စ်ဂျီအသင်း ကျောနံပါတ်ဂျာစီ(၂၉)ကို ဝတ်ဆင်မည်ဖြစ်ရာ ယင်းနံပါတ်က ပေါင် ၁၆၆ သန်း (ယူရိုသန်း ၁၈၀) တန်သလားဆိုသော အမေးအတွက် မက်ပီက ယင်းငွေများကို သူပေးရတာ မဟုတ်သလို သူ့အိတ်ထဲလည်း ဝင်လာတဲ့ငွေမဟုတ်ကြောင်းသာ ပါးပါးနပ်နပ် တုံ့ပြန်ခဲ့သည်။ မက်ပီက ဝင်းဂါးကို လေးစားမှုရှိသလို အာဆင်နယ်ကို ပြောင်းရွှေ့လိုသော်လည်း ပဲရစ်တွင် ပြန်လည်အခြေချလိုခြင်းက ပီအက်စ်ဂျီနှင့် သဘောတူညီချက်ရရှိခဲ့တဲ့ တစ်ခုတည်းသော အကြောင်းတရားဖြစ်ကြောင်း ဆိုခဲ့သည်။ ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ အယ်ခီလိုင်ဖီကလည်း မက်ပီတို့ မိသားစုနှင့် သုံးကြိမ်ဆွေးနွေးမှုပြုခဲ့ရာ တစ်ခါမှ ငွေကြေးစကားပြောကြားခဲ့ခြင်းမရှိကြောင်း မက်ပီမိတ်ဆက်ပွဲတွင် ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

မန်ယူအသင်းကို ပေါင်သန်း ၁၀၀ သက်သာအောင် ဆောင်ရွက်ပေးခဲ့တာလို့ မော်ရင်ဟို ဝင့်ကြွား

နည်းပြမော်ရင်ဟိုက အပြောင်းအရွှေ့ဈေးကွက်တွင် စောစောစီးစီး လှုပ်ရှားခဲ့ခြင်းကြောင့် မန်ယူအသင်း ပေါင်သန်း ၁၀၀ လောက် သက်သာခဲ့ကြောင်း ဆိုခဲ့သည်။

မော်ရင်ဟိုက နေမာ၏ အပြောင်းအရွှေ့သည် ဘောလုံးလောကဈေးကွက်ကို ပြောင်းလဲသွားစေခဲ့ပြီး အရာအားလုံးကို ကြိုတင်တွက်ဆ ဆောင်ရွက်ခြင်းက မန်ယူအသင်းအတွက် အကျိုးအမြတ်များစွာရရှိခဲ့ကြောင်း ဆိုခဲ့သည်။

နေမာမှာ ဩဂုတ် ၄ ရက်က ဘာစီလိုနာမှ ပီအက်စ်ဂျီအသင်းသို့ ကမ္ဘာ့စံချိန်တင်ကြေး ပေါင်သန်း ၂၀၀ ဖြင့် ပြောင်းရွှေ့သွားပြီးနောက် ဘောလုံးဈေးကွက်အတွင်း ငွေကြေးဖောင်းပွမှုပိုဖြစ်လာသည့်အတွက် ယခုအချိန်တွင် လူကာကူမှာ ဩဂုတ် ၃၁ ရက်ဆိုလျှင် ပေါင်သန်း ၁၅၀ တန်ပြီး မာတစ်မှာလည်း ပေါင်သန်း ၆၀ နှင့် ၇၀ ကြား ဈေးပေါက်နေမည်ဖြစ်ကြောင်း မော်ရင်ဟိုက မှတ်ချက်ချခဲ့သည်။

မော်ရင်ဟိုက မန်ယူအသင်းနှင့် သူ၏ စာချုပ်နောက်ဆုံးနှစ်ကို ရောက်ရှိလာသည်ဆိုသော်လည်း မည်သည့်သက်ရောက်မှုမျှမရှိနိုင်ကြောင်းနှင့် ဘောလုံးလောကတွင် ပုံသေကားကျတွက်လို့မရကြောင်း ဆိုခဲ့သည်။ ထို့ကြောင့် တစ်ချိန်ချိန်တွင် ဂျာမနီ၊ ပြင်သစ်တို့၌လည်း နည်းပြအဖြစ် သွားရောက်လုပ်ကိုင်နိုင်သေးကြောင်း ဆိုခဲ့သည်။

မေလွဲသင်း-စုစည်းသည်

လာလီဂါမှာနိုင်ပွဲပြန်လည်ရယူသွားမယ့် ရီးယဲလ်မက်ဒရစ်

ရှိုင်းမင်းမင်း

၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ-၃

၂၀၁၇-၁၈ စပိန်လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ်(၂)မှာတော့ အသင်းကြီးဖြစ်ကြတဲ့ ရီးယဲလ်က နိုင်ပွဲပျောက်ဆုံးခဲ့ရပါတယ်။ ရီးယဲလ်အနေနဲ့ အခုကစားမယ့်ပွဲစဉ်(၃)အပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ ခက်ပါတယ်။ ဒါကြောင့်လည်း ရီးယဲလ်တို့နိုင်ပွဲ ပြန်ရယူနိုင်မှာလားဆိုတာ စောင့်ကြည့်ရမယ်။

လီဂါနက်စ် - ဂီတာဖေး နံနက် ၁း၃၀ (၉-၉-၁၇)

လီဂါနက်စ်က ဒီရာသီမှာ ခြေစွမ်းကောင်းတွေကိုပြသနေပြီး နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရယူနိုင်ခဲ့ပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဂီတာဖေးကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေကာ နှစ်ပွဲကစားပြီးချိန်အထိ နိုင်ပွဲရယူနိုင်ခြင်းမရှိသေးပါဘူး။ ဒါကြောင့်လည်း ဂီတာဖေးတို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် သရေထက်ပိုရနိုင်ဖို့ခက်တယ်။

ရီးယဲလ် - လီဗန်တေး ညနေ ၅း၃၀ (၉-၉-၁၇)

ရီးယဲလ်မက်ဒရစ်ဟာ ခြေစွမ်းကောင်းတွေရှိနေသလို ဗလင်စီယာနဲ့ပွဲမှာ မထင်မှတ်ဘဲသရေပွဲသာရရှိခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ရီးယဲလ်အနေနဲ့ ချန်ပီယံလိဂ်ကစားရဖို့ရှိပေမယ့်လည်း အိမ်ကွင်းဖြစ်နေတာကြောင့် အများခံမှာမဟုတ်လို လီဗန်တေးကလည်း ကစားသမားအင်အားပိုင်းမှာ ရီးယဲလ်ကို ယှဉ်ဖို့ခက်ပါတယ်။ ရီးယဲလ်နိုင်ပွဲပြန်ရမယ်။

ဗလင်စီယာ - အက်သလက် ည ၇း၄၅ (၉-၉-၁၇)

ဗလင်စီယာဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ရီးယဲလ်ကို ယှဉ်ကစားနိုင်ခဲ့ပြီး အနိုင်ယူနိုင်မယ့်အခြေအနေနီးစပ်ခဲ့ကာ သရေကျခဲ့ပါတယ်။ အက်သလက်တီကိုကလည်း ကစားသမားကောင်းတွေအများအပြားနဲ့ ခြေစွမ်းကောင်းရှိနေတဲ့အသင်းဖြစ်ပြီး နောက်ဆုံးပွဲမှာ ပုံမှန်ခြေစွမ်းရရှိကာ ဂိုးပြတ်နိုင်ပွဲရထားခဲ့ပါတယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း အက်သလက်တီကိုရဲ့ခြေစွမ်းကမာကျောမှာဖြစ်ပြီး ချန်ပီယံလိဂ်ကစားရဖို့ရှိပေမယ့် နိုင်ပွဲကပ်ရနိုင်တယ်။

ဆီဗီလာ - အီဘား ည ၁၁း၀၀ (၉-၉-၁၇)

ဆီဗီလာအသင်းဟာ နည်းပြသစ်လက်အောက်မှာ ခြေစွမ်းကောင်းတစ်ခုရှိနေတယ်လို့ဆိုရမှာဖြစ်ပြီး ကစားသမားသစ်တွေကလည်း ခြေစွမ်းကောင်းတွေ ပြသနေပါတယ်။ အီဘားကတော့ ဒီရာသီမှာ ပုံမှန်ခြေစွမ်းကောင်းရရှိဖို့ ရုန်းကန်နေရပါတယ်။ အခုပွဲကလည်း ဆီဗီလာအိမ်ကွင်းပွဲစဉ်ဖြစ်နေလို့ အီဘားအတွက် ခက်ခဲနိုင်ပါတယ်။ ဆီဗီလာအနေနဲ့ ဒီပွဲအပြီးမှာချန်ပီယံလိဂ်ကစားရဖို့ရှိနေပေမယ့်လည်း အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်မှာပါ။

ဘာစီလိုနာ - အက်စ်ပန်ညို နံနက် ၁း၁၅ (၁၀-၉-၁၇)

ဒီနှစ်သင်းဟာ မြို့ခံပြိုင်ဘက်တွေဖြစ်နေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ပြီး ခပ်ကြမ်းကြမ်းကစားတတ်ပါတယ်။ ဘာစီလိုနာတို့ အိမ်ကွင်းဖြစ်နေတဲ့အပြင် ရီးယဲလ်နဲ့အမှတ်ကွာဟမှုကို ဆက်ထိန်းထားနိုင်ရေးကြိုးပမ်းမှာဖြစ်လို့ ဒီပွဲကိုအနိုင်ရအောင်အာရုံစိုက်မှာပါ။ ချန်ပီယံလိဂ်ရှိပေမယ့် ဆွာရက်ဇ် ပြန်ကစားမှာဖြစ်လို့ ဘာစီလိုနာရဲ့တိုက်စစ်က ပြန်လည်ထက်မြက်လာမှာဖြစ်သလို အိမ်ကွင်းမှာနိုင်ပွဲရယူသွားနိုင်ဖို့ရှိပါတယ်။

ဒီပို့တီဗို - ဆိုစီဒက် ညနေ ၄း၃၀ (၁၀-၉-၁၇)

ဆိုစီဒက်ဟာ ဒီရာသီမှာခြေစွမ်းပိုင်းကောင်းမွန်နေပြီး အမှတ်ပေးဇယားကို ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ ဒီပို့တီဗိုကတော့ အသင်းကောင်းတွေနဲ့တွေ့ရင် နိုင်ပွဲရဖို့ခက်တတ်ပါတယ်။ ဒါပေမယ့်လည်း ဒီပို့တီဗိုရဲ့တိုက်စစ်ကစားပုံက ထက်မြက်တာကြောင့် နှစ်သင်းစလုံး သွင်းဂိုးတွေရရှိနိုင်ပြီး ဂိုးများမယ့် ပွဲတစ်ပွဲဖြစ်လာနိုင်ပါတယ်။ ဆိုစီဒက်ကတော့ ကစားသမားကောင်းတွေအများအပြားရှိနေပြီး အိမ်ကွင်းလည်းဖြစ်နေလို့ ဂိုးပြတ်နိုင်ပွဲရသွားနိုင်ပါတယ်။

ဘီဘာအို - ဂျီရိုနာ ည ၇း၄၅ (၁၀-၉-၁၇)

ဘီဘာအိုဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ နိုင်ပွဲစတင်ရရှိခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့ပါတယ်။ ဂျီရိုနာကလည်းနောက်ဆုံးပွဲမှာ မာလာဂါကို အနိုင်ကစားထားနိုင်ခဲ့တယ်။ ဘီဘာအိုဟာ ကစားသမားကောင်းတွေ အများအပြားနဲ့ တိုက်စစ်ကစားအားကောင်းတဲ့အသင်းဖြစ်ကာ အိမ်ကွင်းမှာ ပထမဦးဆုံးနိုင်ပွဲစတင်ရယူနိုင်ဖို့ ပြင်ဆင်လာမှာသေချာပါတယ်။ ဂျီရိုနာကတော့ ကစားပုံခပ်မာမာနဲ့သာ ပြန်လည်ကစားလာမှာဖြစ်တယ်။ ဒီပွဲဟာသွင်းဂိုးနည်းမယ့်ပွဲဖြစ်လာနိုင်ပေမယ့်လည်း ဘီဘာအိုက ဂိုးပြတ်နိုင်ပွဲရသွားနိုင်ပါတယ်။

ဆယ်လ်တာဗီဂို - အလာဗက်စ် ည ၁၁း၀၀ (၁၀-၉-၁၇)

ဆယ်လ်တာဗီဂိုဟာဒီနှစ်ရာသီအတွင်းမှာခြေစွမ်းကောင်းတွေ ပြသနိုင်ဖို့ခက်ခဲနေပြီး အစောပိုင်းနှစ်ပွဲမှာ ရှုံးပွဲတွေသာ ကြုံတွေ့ထားခဲ့ပါတယ်။ အလာဗက်စ်အသင်းကလည်း ဒီရာသီမှာ ခြေစွမ်းကောင်းပြသဖို့ ရုန်းကန်နေရဆဲဖြစ်ပြီး ရှုံးပွဲတွေသာ ရရှိထားတယ်။ ဒါပေမယ့်လည်း ဒီနှစ်သင်းမှာတော့ ဆယ်လ်တာဗီဂိုက တိုက်စစ်ကစားပုံ ပိုမိုကောင်းမွန်ပြီး ခြေစွမ်းပိုင်းပိုမိုထက်မြက်တယ်လို့ဆိုရမှာပါ။ အခုပွဲကလည်း အိမ်ကွင်းဖြစ်နေလို့ ဆယ်လ်တာဗီဂို နိုင်ပွဲရသွားမှာပါ။

ဗီလာရီးယဲလ် - ဘက်တစ် နံနက် ၁း၁၅ (၁၁-၉-၁၇)

ဒီရာသီမှာ ဗီလာရီးယဲလ်တို့ ခြေစွမ်းကျဆင်းနေကာ နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအရေးနိမ့်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဘက်တစ်ကလည်း ခြေစွမ်းပိုင်းသာမန်သာရှိတာကြောင့် ဒီပွဲမှာ ဗီလာရီးယဲလ်တို့ နိုင်ပွဲရသွားနိုင်ပါတယ်။

မာလာဂါ - လက်ပါးမက်စ် နံနက် ၁း၃၀ (၁၂-၉-၁၇)

မာလာဂါအသင်းဟာ ဒီရာသီမှာ ခြေစွမ်းကျဆင်းနေပြီး အသင်းလိုက်စုစည်းမှုအားလည်း ကျဆင်းနေပါတယ်။ လက်ပါးမက်စ်ကတော့ နောက်ဆုံးပွဲမှာ အသင်းကောင်း အက်သလက်တီကိုနဲ့ ရင်ဆိုင်ခဲ့ရတဲ့အတွက်ကြောင့်သာ ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပြီး အခုလိုပွဲစဉ်မျိုးမှာတော့ ခြေစွမ်းပြသလာနိုင်ပါတယ်။ ခြေစွမ်းကွာဟမှု ကျဉ်းမြောင်းနေပေမယ့်လည်း လက်ပါးမက်စ်တို့ မာလာဂါကို ထိန်းချုပ်နိုင်မှာပါ။ မာလာဂါကွင်းဖြစ်ပေမယ့်လည်း လက်ပါးမက်စ်တို့ အနိမ့်ဆုံး သရေလောက်ကစားနိုင်ဖို့ရှိပါတယ်။

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပသော ASEAN Business Award 2017တွင် YOUNG ENTERPRENURE OF THE YEAR AWARDS ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော ဦးအောင်ဇော်ဦး(Chairman & Founder of Aung Naing Yoma Thitsar Company Limited)အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး-ဒေါ်ခိုင်သဇင်စိုး
ချစ်သမီး-နှင်းဆီဦး[GRADE-10(A)၊ အထက(၂)လသာ]
ချစ်သား-ဝေယံဦး[GRADE-3, ISM]

ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ဒေသ၊ မယင်းကြီးရွာနေ အထက(၁)ထားဝယ်၊ ဒသမတန်း(H)မှ မဇင်မာအောင်၏ဖခင် ဦးထွန်းကြိုင်၏ အမည်မှန်မှာ ဦးသိန်းလှဖြစ်ပါသည်။

ဦးသိန်းလှ

မိခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက(၂) ဒသမတန်း(D)မှ မဇင်မာလွင်၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းအေးဖြစ်ပါကြောင်း။

ဒေါ်ဝင်းအေး

ဖခင်အမည်မှန်

ဗိုလ်တထောင်မြို့နယ်၊ အထက (၅) ဒသမတန်း(D)မှ မောင်မင်းထက်ပိုင်၏ ဖခင်အမည်မှန်မှာ (GOPAL) [၁၂/ပဇတ(ပြု)၀၀၀၃၆၉] ဖြစ်ပါကြောင်း။

အမည်မှန်

လှိုင်သာယာမြို့နယ် အထက(၄) ဒသမတန်း (F)မှ မငြိမ်းသီတာဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်းဦး[၇/လပတ(နိုင်)၁၃၇၀၉၆]ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်တင်ငြိမ်း[၇/လပတ(နိုင်)၁၃၇၀၈၉]တို့ ဖြစ်ပါကြောင်း။

ပရိယတ္တိအောင်မြေသာစည်ကျောင်း ဆန်းဒေးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၎/ရပ်ကွက်၊ သန္တာ-၁၇လမ်း၊ ရန်အောင်တိုက်အတွင်းရှိ ပရိယတ္တိအောင်မြေသာစည်ကျောင်း၌ သဲအင်းဂူတိုက်ခွဲ(၃၂) ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ-သောတာပတ္တိမဂ် ရှုဖွယ်ကျမ်းပြု ဘဒ္ဒန္တစန္ဒိမာ(အောင်လံ)ဆရာတော်၏ နည်းဥပနိဿယ ဩဝါဒကိုခံယူပြီး ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကဝိဇမှ ဦးဆောင်၍ တနင်္ဂနွေနေ့တိုင်း နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ နာယူကျင့်ကြံအားထုတ်နိုင်ရန်အတွက် ယောဂီများအနေနှင့် သောကြာနေ့တိုင်း ညနေ ၄ နာရီတွင် စာရင်းပေးသွင်းနိုင်ကြောင်း အသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဥပါသကာအဖွဲ့
အသေးစိတ်သိလိုပါက - ၀၉-၂၅၆၀၂၅၃၅၆
- ၀၉-၇၉၈၅၉၄၉၄၀

အမည်ပြောင်း

ဦးဂုဏ်ရည် [၁၂/မရက (နိုင်) ၁၁၁၄၉၅]၏သား အထက (၂) ဗိုလ်တထောင်၊ စတုတ္ထတန်း(B)မှ မောင်လင်းညီခန့်အား မောင်လင်းခန့်ဂုဏ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်လင်းခန့်ဂုဏ်

အမည်မှန်

လှိုင်သာယာမြို့နယ် ထ(ခွဲ)လ (၁၄) ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဦးစိုးအောင်၏သမီး အမည်မှန်မှာ ဒေါ်မေလှမြိုင်စိုး [၁၂/အစန(နိုင်) ၁၀၆၆၈၁] ဖြစ်ပါကြောင်း။

ဒေါ်မေလှမြိုင်စိုး



ဝန်ထမ်းအမြန်အလိုရှိသည်

အိမ်၊ ခြံ၊ မြေ စိတ်ဝင်စားသူ မ(၂)ဦး
အိမ်ခြံ၊ မြေ အတွေ့အကြုံရှိ မ(၂)ဦး
အဆောင်စီစဉ်ပေးမည်။
09-5198227, 09-73165777

ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ကနီမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မအေးသဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးစန်းလင်း[၅/မကန(နိုင်)၀၃၉၆၂၃]ဖြစ်ပါကြောင်း။

ဦးစန်းလင်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1K/9125 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပျောက်ဆုံးကြောင်း

ဦးသက်ဦး[၈/ရနခ(နိုင်)၀၂၀၉၃၅]၊ ဆုံတိုက်ရပ်၊ ရေနံချောင်းမြို့ အမည်ဖြင့် ယာဉ်အမှတ်-ထ/၃၀၀၈၏ ယာဉ်အိုယာဉ်ဟောင်းအပ်နှံထားသော ပုံစံ "ဃ" စလစ်စာရွက်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၁၆၂၆၅

အမည်ပြောင်း

အဖ ဦးရွှေမင်းဇော်၏ သမီး ဝါးခယ်မမြို့နယ်၊ ဆူးတွင်း အထက ဆဋ္ဌမတန်းမှ နန့်အိအိသူအား နန့်မိုးသူခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်မှန်

အင်းစိန်မြို့နယ်၊ အမက(၁)၊ အလပြဆရာမ နော်ဒက်ဖနီစန်(ခ) နော်ဒက်ဖ်နီစန် [၅/စကန(နိုင်) ၀၂၄၆၆၄]၏ အမည်မှန်မှာ နော်ဒက်ဖ်နီစန် ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၂) ဒသမတန်း အတွဲ(၁) (D)အခန်းနေ မနှင်းယုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးအေးသန်း [၁၄/ဘကလ(နိုင်) ၁၇၈၂၄၇]ဖြစ်ပါကြောင်း။

ဦးအေးသန်း

ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ ဆူးထွင်းအထက ဒသမတန်းမှ မပပလှိုင်၏ဖခင်မှာ ဦးစိုးနိုင်(ခ)ဦးအောင်စိုးနိုင်[၁၄/မမက(နိုင်)၁၄၉၃၇၀]ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/တိုးချဲ့)၊ ဆရာစံလမ်း၊ မြေကွက်အမှတ်(၂၇၄)၏ ပါမစ်မြေ အမည်ပေါက်ဖြစ်သူ ဦးလှထွန်း(ISN-၃၂၅၆၂၈)ထံမှ အရောင်းအဝယ် ဆက်စပ်စာချုပ်ဖြင့် လက်ဆင့်ကမ်း ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးမြ[၁၂/တမန(နိုင်) ၀၈၃၅၂၁]မှ အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူညီကြပြီး မြေကွက်အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေမှ မြေကွက်ပိုင်ရှင်ဖြစ်သူ ဒေါ်အေးမြ[၁၂/တမန(နိုင်)၀၈၃၅၂၁]အား စရန်ငွေပေးကတိစာချုပ်ချုပ်ဆို၍ ပေးချေထားပြီးဖြစ်ရာ ယင်းမြေနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန် တစ်စုံတစ်ရာရှိပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်တစ်စုံတစ်ရာမရှိပါက ကျွန်ုပ်၏မိတ်ဆွေမှ ယင်းမြေကွက်အရောင်းအဝယ်အား ပြီးဆုံးသည်ထိတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မေဖြူစင်[၁၂/ဒဂန(နိုင်)၀၃၀၆၁၆]
အမှတ်(၂၄၉ က)၊ ရွှေဖီနိုင်ညွှာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၉၅၂၉၅၇၆၇

အရစ်ကျငွေပေးချေစနစ်ဖြင့် တိုက်ခန်းများရောင်းရန်ရှိသည်

၁။ သာကေတရုပ်ရှင်ရုံအနီး၊ ထူပါရုံ ၁၇ လမ်း၊ (19'×54') အကျယ် ၅ ထပ်ခွဲတိုက်၊ ပြီးစီးမှုရာခိုင်နှုန်း ၈၀%၊ တတိယထပ် သိန်း (၃၀၀)၊ မြေညီထပ်မှန်ခန်းအပါ သိန်း (၈၀၀)၊ စာချုပ်ချုပ်ဆိုသည့်နေ့တွင် သိန်း (၁၅၀) ချပြီး ၁၂ လ အရစ်ကျ။ ဖုန်း-၀၉-၉၇၅၅၄၉၈၀၁

၂။ မြောက်ဥက္ကလာပ၊ မေဓာဝီဈေးလမ်းမပေါ်၊ (19'×54')အကျယ် ၆ ထပ်တိုက်၊ ပြီးစီးမှုရာခိုင်နှုန်း ၉၈%၊ ၆ လွှာ သိန်း (၄၀၀)၊ ၅ လွှာ သိန်း (၄၅၀)၊ စာချုပ်ချုပ်ဆိုသည့်နေ့တွင် (၅၀%)ချပြီး ၁၂ လအရစ်ကျ။

ဖုန်း-၀၉-၂၅၂၉၈၆၈၄၄

နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးကျော်ကျော် [၁၂/တမန(နိုင်)၀၀၆၆၂၆]နှင့် ကျွန်မ ဒေါ်နုနုဝင်း[၁၂/တမန(နိုင်)၀၀၆၇၀၅]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါ၍ ၄-၉-၂၀၁၇ရက် တာမွေမြို့နယ် တရားရုံးတွင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

ဦးကျော်ကျော်

စာမတတ်သူပပျောက်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

မောင်သောင်းဝင်း(တမန်ဟောင်း)

လူတစ်ဦးသည် စာဖတ်တတ်၊ ရေးတတ်၊ အခြေခံ ကိန်းဂဏန်းများကို တွက်ချက်တတ်လျှင် စာတတ်မြောက်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။ တစ်နည်းဆိုရလျှင် စာတစ်စောင်ကိုဖတ်ရှုပြီးနောက် ခွဲခြမ်းစိတ်ဖြာ နိုင်ခြင်း၊ နားလည်သဘောပေါက်ခြင်းနှင့် အဓိပ္ပာယ်ကောက်ယူနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဆိုလျှင်လည်းစာတတ်မြောက်သည်ဟု ဆိုနိုင်သည်။ ခြွင်းချက် အနေဖြင့် စာတတ်မြောက်သည်ဟုဆိုရာတွင် လူတစ်ဦးသည် ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်ခြင်း၊ အသိပညာ ဗဟုသုတတိုးပွားအောင် လေ့လာအားထုတ်မှုနှင့် လူမှုဆက်ဆံရေးနယ်ပယ် ကျယ်ပြန့်လာအောင် တည်ဆောက်ခြင်းတို့လည်း ပါဝင်လျက်ရှိသည်။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့

နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်သည်။ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (The United Nations Educational, Scientific and Cultural Organization - UNESCO) က ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ထိုနေ့ကို သတ်မှတ်ကြေညာခဲ့ခြင်းဖြစ်သည်။ လူတစ်ဦးတစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် စာတတ်မြောက်မှု၏ အရေးပါမှုကို မီးမောင်းထိုးပြနိုင်ရန်အတွက်ထိုနေ့ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့သည် (၅၂) နှစ်ပြည့်မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်သည်။ ယခုနှစ်အတွက် ဆောင်ပုဒ်သည် Literacy in a Digital World' ဖြစ်သည်။ 'ဒစ်ဂျစ်တယ် ကမ္ဘာကြီးတွင်စာပေတတ်မြောက်ခြင်း' ဟု အနီးစပ်ဆုံးပြန်ဆိုနိုင်မည်ထင်ပါသည်။ ကမ္ဘာတစ်ဝန်း နှစ်စဉ် စက်တင်ဘာလ ၇ ရက်နေ့မှစတင်၍ ၈ ရက်နေ့အထိ စာတတ်မြောက်ရေးလှုပ်ရှားမှုများဆောင်ရွက်လျက်ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်းစာတတ်မြောက်ရေးနေ့အခမ်းအနားကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့စာတတ်မြောက်မှုနှုန်း

ကမ္ဘာ့လူဦးရေ ၇၇၅ သန်းသည် အခြေခံစာကိုပင် ရေး၊ ဖတ်နိုင်စွမ်းမရှိပေ။ ဆိုလိုသည်မှာ အရွယ်ရောက်သူ ငါးဦးလျှင် တစ်ဦးသည် စာတတ်မြောက်ခြင်းမရှိသေးချေ။ ယင်းတို့အနက် သုံးပုံ၊ နှစ်ပုံသည် အမျိုးသမီးများဖြစ်နေကြသည်။ ကလေးငယ် ၂၆၄ သန်းကျော်သည် ကျောင်းနေခွင့်မရရှိကြသေးပေ။ ထို့အပြင် တချို့သော ကလေးများသည် ပုံမှန်ပညာသင်ယူခွင့်မရရှိကြသလို ပညာရေးတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်လိုက်ရသည့် ကလေးများလည်းများစွာရှိနေပြန်သည်။ UNESCO အဆိုအရ တောင်အာရှနှင့် အနောက်အာရှဒေသတွင် အရွယ်ရောက်သူ စာတတ်မြောက်မှုနှုန်းသည် အနိမ့်ဆုံးဖြစ်ပြီး ပြည်သူ ၅၈ ဒသမ ၆ ရာခိုင်နှုန်းသာ စာတတ်ကြသည်။ အာဖရိကဒေသသည် ၅၉ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး အာရပ်ဒေသသည် ၆၂ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ ကမ္ဘာ့စာတတ်မြောက်မှုအနိမ့်ဆုံးနိုင်ငံများမှာ ဘာကီနာဖာဆို ၁၂ ဒသမ ၈ ရာခိုင်နှုန်း၊ နိုင်ဂျာ ၁၄ ဒသမ ၄ ရာခိုင်နှုန်းနှင့် မာလီ ၁၉ ရာခိုင်နှုန်းတို့ဖြစ်ကြသည်။

စာမတတ်သူအကန်းနှင့်တူ

လောကတွင် ပညာနှင့်တူသော အလင်းရောင်မရှိချေ။ ထိုအသိပညာ၊ အတတ်ပညာကိုဆည်းပူးနိုင်ရန်အတွက် အခြေခံလိုအပ်ချက်သည် စာဖတ်၊ စာရေးတတ်ရန်လိုအပ်မည်ဖြစ်သည်။ လူတစ်ဦးသည် မိခင်ဝမ်းမှ ကိုယ်လက်အင်္ဂါစုံလင်စွာဖြင့် ကျန်းမာသန်စွမ်းစွာ မွေးဖွားကြီးပြင်းလာခဲ့သော်လည်း သေစာ၊ ရှင်စာကိုမျှပင် မဖတ်တတ်လျှင်လူဖြစ်ရကျိုးမနပ်ပေ။ စာမတတ်သူတစ်ဦးသည် မျက်စိနှစ်ကွင်း အလင်းရသော်လည်း မည်သည့် အသိပညာဗဟုသုတကိုမျှ ရှာမှီးနိုင်ခြင်း မရှိသဖြင့် အကန်းတစ်ယောက်နှင့်တူနေမည်ဖြစ်သည်။ နေ့စဉ်နှင့်အမျှ သတင်းနှင့်နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသော မျက်မှောက်ကမ္ဘာကြီးတွင် မွေးရာပါ ကိုယ်လက်အင်္ဂါချို့တဲ့သူများသည်ပင်လျှင် စာပေတတ်မြောက်အောင် လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်သည်။ ထို့ကြောင့် အခြေခံစာလောက်တော့ဖတ်တတ်၊ ရေးတတ်အောင် ကြိုးစားလေ့လာဆည်းပူးသွားသင့်ပါသည်။

စာတတ်မြောက်မှုနှုန်းမြင့်မားခဲ့

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုတို့ အပေါ်တွင်များစွာတည်မှီလျက်ရှိသည်။ မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်းကိုယ်ကြငှန်းနှင့် တည်တံ့စွာ ရပ်တည်နိုင်ခဲ့သော ရှေးခေတ်ဘုရင်များလက်ထက်က စာတတ်မြောက်မှုနှုန်း မြင့်မားခဲ့သည်။ ထိုခေတ်က ဘုန်းတော်ကြီးသင် စာပေသင်ကြားမှု အကျိုးကျေးဇူးများကြောင့် စာတတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းအထိပင်ရှိခဲ့သည်။

သို့သော် ကိုလိုနီလက်အောက်မှ လွတ်လပ်ရေးပြန်လည်ရရှိသည့်အချိန်အခါတွင်မူ နိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းအထိထိုးကျသွားခဲ့သည်။ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ခေတ်အဆက်ဆက်တွင် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို အမျိုးသားရေးအသွင်ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသည်။ လူထုပညာရေးသင်တန်းများ၊ 'အ' သုံးလုံး သင်တန်းများ၊ အခြေခံပညာမူလတန်းကျောင်းမရှိသော ဒေသများတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများဖွင့်လှစ်ပြီး စတင်သင်ကြားမှုများဖြင့် ကြိုးပမ်းဖော်ဆောင်ခဲ့သဖြင့် ၁၉၆၃ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်းသည် ၅၇ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာခဲ့သည်။ အားတက်ဖွယ်ရာပင်ဖြစ်သည်။

'အ' သုံးလုံးအစ မိတ္ထီလာ

ထို့အပြင် ၁၉၆၄ ခုနှစ် နွေရာသီတွင် မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာ၌ အခြေခံစာတတ်မြောက်ရေးဖြစ်သည့် အရေး၊ အဖတ်၊ အတွက်တို့တတ်မြောက်ရန် စတင်စမ်းသပ်သင်ကြားပေးခဲ့သည်။ ထိုစဉ်က ရန်ကုန်ဆရာအတတ်သင်သိပ္ပံကျောင်းမှ ကျောင်းသား လေးဦးသည် ထိုကျေးရွာရှိ ကျောင်းနေအရွယ်လွန် စာမတတ်သူများအား အခြေခံစာတတ်မြောက်မှုဖြစ်သည့် အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပေးနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် 'အ' သုံးလုံးအစ မိတ္ထီလာဟု ဆိုသောစကားကို လူထုနှုတ်ဖျားတွင် သမိုင်းဝင်ပြောစမှတ်ပြုခဲ့ရပါသည်။

နိုင်ငံတကာမှဆုချီးမြှင့်

၁၉၆၆ ခုနှစ်တွင် စာတတ်မြောက်ရေးဗဟိုကော်မတီဖွဲ့စည်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်ဆောင်ရွက်ခဲ့သည်။ ထိုသို့ စာတတ်မြောက်ရေးလှုပ်ရှားမှုများကို တစ်နိုင်ငံလုံးရှိပြည်သူများက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသဖြင့် ယူနက်စကိုအဖွဲ့ကြီးက ၁၉၇၁ ခုနှစ်တွင် 'မိုဟာမက်ရီဇာပါလာဗီ' ဆုကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် 'နိုမာ' ဆုကိုလည်းကောင်း ထိုက်တန်စွာပေးအပ်ချီးမြှင့်ခဲ့သည်။ တိုင်းပြည်နှင့် လူမျိုးအတွက် ဂုဏ်ယူထိုက်သော ကြိုးပမ်းအားထုတ်မှုများ၏ ရလဒ်ကောင်းများပင်ဖြစ်သည်။

စာတတ်မြောက်ရေးလှုပ်ရှားမှုများ

ထိုသို့စဉ်ဆက်မပြတ်ကြိုးပမ်းမှုများကြောင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၁၉၈၈ ခုနှစ်တွင် ၈၀ ဒသမ ၀၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ထို့နောက် ၂၀၀၀ ပြည့်နှစ်တွင် ၉၁ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၅ ဒသမ ၀၈ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံတွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ခဲ့သည်။

ပထမအကြိမ်အဖြစ် ၂၀၁၃ ခုနှစ်တွင် ပြည်နယ်ငါးခုရှိ မြို့နယ်ကိုးမြို့နယ်မှ စာမတတ်သူ ၂၂၄၁၇ ဦးကို တက္ကသိုလ် ၁၀ ခုမှ လုပ်အားပေး ကျောင်းသား၊ ကျောင်းသူ ၁၉၈၅ ဦးဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၄ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၂၉ မြို့နယ်မှ စာမတတ်သူ ၄၆၄၇၉ ဦးကို စာသင်ဝိုင်းပေါင်း ၄၄၄၇ ဝိုင်း ဖွဲ့စည်း၍ လုပ်အားပေး တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၄၂၆၁ ဦး၊ တက္ကသိုလ် ဆရာ၊ ဆရာမ ၄၀၃ ဦး စုစုပေါင်း လုပ်အားပေး ၄၆၆၄ ဦးတို့ဖြင့်လည်းကောင်း အခြေခံစာတတ်မြောက်ရေးဖြစ်သည့် အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပေးနိုင်ခဲ့သည်။ ထိုသို့တာဝန်သိသောပြည်သူများ၏ ဝိုင်းဝန်းကြိုးပမ်းမှုများကြောင့် မြန်မာနိုင်ငံတွင် သက်ကြီးစာတတ်မြောက်မှုနှုန်း သိသာထင်ရှားစွာ မြင့်မားလာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ၂၀၁၅ ခုနှစ်တွင်လည်း အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို မြို့နယ်ပေါင်း ၃၀ မြို့နယ်၌ စာသင်ဝိုင်းပေါင်း ၃၀၇၁ ဝိုင်းဖွင့်လှစ်ပြီး တက္ကသိုလ် ၂၈ ခုမှ လုပ်အားပေး ကျောင်းသား ကျောင်းသူ ၃၀၇၁ ဦး၊ ကြီးကြပ်ဆရာ ဆရာမ ၃၁၀ စုစုပေါင်း ၃၃၈၁ ဦးတို့ဖြင့် ဧပြီလ ၁ ရက်မှစတင်ပြီး မေလ ၁၅ ရက်နေ့အထိ သင်ကြားပေးခဲ့သည်။ ထိုစာသင်ဝိုင်းများသည် တိုင်းပြည်အတွင်း စာမတတ်သူပပျောက်ရေးအတွက် အတိုင်းအတာတစ်ခုအထိ ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

စာမတတ်သူပပျောက်ရေး

ပြည်သူအားလုံးစာတတ်မြောက်ရန်အတွက် အခြေခံအကျဆုံးသောအချက်သည် ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းအပ်နှံမှုနှုန်းမြင့်မားလာအောင် အလေးထား၍ စည်းရုံးဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်သည်။ ထို့အပြင် ထိုကလေးသူငယ်များကို မူလတန်းပညာရေးမှသည် ဘွဲ့ရဘွဲ့လွန်အဆင့်အထိ အတန်းစဉ် ဆက်လက်ပညာသင်ကြားနိုင်ရေးအတွက်လည်း အခွင့်အလမ်းကောင်းများ ဖန်တီးပေးသွားရန် လိုအပ်မည်ဖြစ်သည်။

ထို့ဦးတည်ချက်၊ ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရသည် လက်ရှိဆောင်ရွက်လျက်ရှိသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၌ ပညာရေးကဏ္ဍမြှင့်တင်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အပြင် အလယ်တန်းအဆင့်အထိ အခမဲ့ပညာရေးစနစ်ကိုလည်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ စတင်၍ ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

ခြုံ၍တင်ပြရလျှင် 'အလိမ္မာစာမှာရှိ' ဆိုသကဲ့သို့ စာတတ်မှသာလျှင် အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကိုခွဲခြားသုံးသပ်ဆုံးဖြတ်နိုင်စွမ်းရှိမည်ဖြစ်သည်။ မျက်မှောက်ကာလတွင်စာတတ်မြောက်မှု ဝေါဟာရသည် ကျယ်ပြန့်လာပြီဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်တွင်လူသားတို့သည် ဆန်းသစ်တီထွင်မှုအမျိုးမျိုးကို ပြုလုပ်လာကြသည်။ ထို့ကြောင့် လူတစ်ဦး၏စာတတ်မြောက်မှု နယ်ပယ်သည် ဘာသာစကားပေါင်းစုံ၊ ကွန်ပျူတာ၊ ကိန်းဂဏန်းအချက်အလက်၊ လူမှုဆက်ဆံရေးမှသည် ပညာရပ်နယ်ပယ်ပေါင်းစုံတွင်အချိန်နှင့်အမျှ ပိုမိုကျယ်ပြန့်လာလျက်ရှိသည်။

အထူးသဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ အခြေခံအကျဆုံးသောအချက်သည် နိုင်ငံသားအားလုံး စာတတ်မြောက်ရေးပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသားအားလုံး စာတတ်မြောက်ရေးနှင့် စာမတတ်သူ ပပျောက်ရေးတို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြပါစို့ဟု နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

မင်းဘူး(စကု)မြို့နယ်တွင် အမှိုက်ကောက်သူရဲကောင်းအဖွဲ့မှ ပထမအကြိမ် စုပေါင်းအမှိုက်ကောက်

မင်းဘူး စက်တင်ဘာ ၇
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရေနံမြေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် MPRL E&P Ltd (CSR)တို့ ပူးပေါင်းပြီး စုပေါင်းအမှိုက်ကောက်သည့် အမှိုက်ကောက် သူရဲကောင်း (Trash Hero) ဖွင့်ပွဲအခမ်းအနားနှင့် အမှိုက်ကောက်သူရဲကောင်းလှုပ်ရှားမှု(Trash Hero Minbu) အစီအစဉ်ကို မန်းရေနံမြေ စုပေါင်းရုံးခန်းမ၌ စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်နှင့် မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်တို့က အဖွင့်အမှာစကားပြောကြားပြီး အမှိုက်ကောက်သူရဲကောင်း မြန်မာ အစီအစဉ်နှင့်ပတ်သက်၍ ဦးစိုင်းပြည့်စုံဟိန်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှိုက်ကောက်သူရဲကောင်း လှုပ်ရှားမှု ပထမအကြိမ်အနေဖြင့် မင်းဘူးမြို့ အမှတ် (၄) မကျီးချောင်းရပ်သို့ သွားရောက်၍ တိုင်းဒေသကြီးဝန်ကြီး၊ မန်းရေနံမြေအထွေထွေမန်နေဂျာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အမှိုက်ကောက်သူရဲကောင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းပါဝင်ကာ တပျော်တပါး အမှိုက်ကောက်ခဲ့ကြကြောင်း သိရသည်။

"အခုအမှိုက်ကောက်သူရဲကောင်း လှုပ်ရှားမှုတွင် မန်းရေနံမြေနှင့် ထိစပ်ကျေးရွာပေါင်း ၁၆ ရွာနှင့် ဝန်ထမ်းအိမ်ရာမှ အမှိုက်ကောက် သူရဲကောင်းပေါင်း ၅၀၀ ကျော်ပါဝင်၍ လှုပ်ရှားဆောင်ရွက်သွားပါမယ်။ ယခုလို လုပ်ဆောင်ပေးခြင်းအားဖြင့် မန်းရေနံမြေအနီးအနားရှိ ပတ်ဝန်းကျင်ရွာတွေမှာ သန့်ရှင်းသပ်ရပ်တဲ့ သဘာဝပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ပြီး အမှိုက်မှ တစ်ဆင့်ဖြစ်ပေါ်လာနိုင်တဲ့ ဆိုးကျိုးတွေကို လူအများပိုမိုသိရှိလာနိုင်စေရန် ရည်ရွယ်ထားပါတယ်" ဟု မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်က ပြောသည်။

ဖိုးပြည့်(မင်းဘူး)

မန္တလေးမြို့အရှေ့ခြမ်းနှင့် အနောက်ခြမ်းသွားလာမှု အဆင်ပြေစေရေး(၂၇) လမ်းဖောက်လုပ်မည်

မန္တလေး စက်တင်ဘာ ၇
မန္တလေးမြို့လယ်တွင် ဘူတာကြီး တည်ဆောက်ထားသဖြင့် အရှေ့ခြမ်းနှင့် အနောက်ခြမ်းသွားလာရေးအတွက်(၂၆) လမ်းနှင့် (၃၅) လမ်းတို့မှသာ သွားလာရသည်။

နံနက်ပိုင်းကျောင်းတက်ချိန်၊ ရုံးတက်၊ ဈေးသွားဈေးလာများချိန်နှင့် ညနေပိုင်းကျောင်းဆင်းချိန်၊ ဈေးချိုဈေးသိမ်းချိန်များတွင်(၂၆) လမ်းနှင့် (၃၅) လမ်းတို့တွင် ယာဉ်ကြောကျပ်တည်းပြီး ပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသည်။ မန္တလေးဘူတာကြီး ခုံးတံတားမှ အရှေ့ခြမ်း၊ အနောက်ခြမ်း ဖြတ်သန်းနိုင်သော်လည်း တံတားဖြတ်သန်းခပေးဆောင်ရခြင်း၊ ကွေ့ပတ်ဆင်းရခြင်းများကြောင့် ယာဉ်ဖြတ်သန်းမှု နည်းပါးလျက်ရှိသည်။

မန္တလေးမြို့အရှေ့ခြမ်းနှင့် အနောက်ခြမ်းသွားလာမှု အဆင်ပြေစေရေးနှင့် ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရေးအတွက် ချမ်းအေးသာစံမြို့နယ် (၂၇) လမ်းအား(၇၈) လမ်းမှ (၇၉) လမ်းအထိ လမ်းဖောက်သွားမည်ဖြစ်ရာ စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီခွဲက မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ ဒုတိယမြို့တော်ဝန် ဦးရဲမွန်နှင့်ကော်မတီဝင်များ၊ ဌာနမှူးများက လမ်းဖောက်လုပ်နိုင်ရေး မြေပြင်ကွင်းဆင်းခြင်း ဆောင်ရွက်ရာ လမ်းတံတားဌာန ဌာနမှူးနှင့်အင်ဂျင်နီယာများ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ဌာနမှူးနှင့်တာဝန်ရှိသူများက လမ်းသားအကျယ်ရရှိနိုင်မှုနှင့် မြေတိုင်းတာမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများကလည်း လှည့်လည်ကြည့်ရှုကြသည်။

ယခင်က (၂၇) လမ်း၊ (၇၈) လမ်းနှင့် (၇၉) လမ်း ဖောက်လုပ်ရန်စီစဉ်ခဲ့သော်လည်း မန္တလေး-မတ္တရာ ရထားသွားလာနေခြင်း၊ ကုန်ရထားများ အရှောင်အတိမ်းပြုလုပ်ရာတွင် ရထားလမ်းနယ်နိမိတ်နှင့် မလွတ်ကင်းသောကြောင့် မြန်မာ့မီးရထားက ခွင့်မပြုသဖြင့် မဖောက်လုပ်နိုင်သော်လည်း အစိုးရသစ်လက်ထက်တွင် မန္တလေး-မတ္တရာရထား မြို့ပတ်လမ်းမှ ပြေးဆွဲခြင်း၊ ကုန်ရထားများ မြို့ဟောင်းဘူတာမှ ပြေးဆွဲခြင်းတို့ကြောင့် (၂၇) လမ်း၊ (၇၈)လမ်းနှင့် (၇၉) လမ်း ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။ **မောင်ပြည်သူ(မန္တလေး)**

နေအိမ်စွန့်ခွာပြည်သူများအား လှူဒါန်းရန် ဂီတဖြင့်အလှူခံ

မြင်းခြံ စက်တင်ဘာ ၇
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် အနုပညာသမားဖြစ်သည့် ဂီတသမားများသည် ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ် အိုးအိမ်စွန့်ခွာတိမ်းရှောင်ပြည်သူများအတွက် အထောက်အကူပြုရန်ရည်ရွယ်ပြီး မိမိတို့တတ်ကျွမ်းသည့် ဂီတပညာဖြင့် အလှူခံထွက်ခြင်းကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့ရှိ ဂီတသမားများနှင့်အတူ ပရဟိတအဖွဲ့များပါဝင်၍ မြို့ပေါ်ရပ်ကွက်အသီးသီးသို့ သီချင်းများဖြင့် တီးခတ်သီဆိုဖျော်ဖြေကာ အလှူခံလျက်ရှိရာ ဧည့်သည်အဆိုတော်များဖြစ်သော နောင်ရိုးနှင့် Rice တို့မှလည်း ပါဝင်အားဖြည့်ကူညီ သီဆိုပေးခဲ့ကြသည်။

ထိုသို့ အလှူခံရရှိသည့်ငွေများကို ရခိုင်ပြည်နယ်သို့ သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း ဦးဆောင်စီစဉ်ဆောင်ရွက်သူများဖြစ်သည့် ဦးဂန္ဓီ၊ ဦးငွေဝင်း၊ ဦးစော၊ ဦးဖိုးထောင်တို့က ပြောကြားခဲ့ကြောင်းသိရသည်။

ဇော်မင်းနိုင် (မြင်းခြံ)

ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲ(မန္တလေး) ဒေသလက်ရွေးစင်ရွေးချယ်ပွဲ ပဏာမအသံစစ်ဆေး

အောင်မြေသာစံ စက်တင်ဘာ ၇
အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ ငြိမ်းချမ်းရေးဂီတပွဲတော် (၂၀၁၇) သီချင်းဆိုပြိုင်ပွဲကို မြို့နေရာများ သတ်မှတ်ကာ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။

Level 1 အဆင့်ဒေသလက်ရွေးစင် ရွေးချယ်ပွဲ(မန္တလေး) အကြိုပဏာမအသံစစ်ဆေးခြင်းများကို စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆) လမ်းရှိ အမျိုးသားဇာတ်ရုံခန်းမ၌ ကျင်းပရာ အကဲဖြတ်ဒိုင်အဖွဲ့ခေါင်းဆောင် ဒေါ်နွဲ့ယဉ်ဝင်းနှင့်အဖွဲ့က စိစစ်ရွေးချယ်ကြသည်။ စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီမှ စတင်ကာ ညနေ ၅ နာရီအထိ လျှောက်လွှာအမှတ်-၄၅၀၁ မှ ၄၈၀၀ အထိ စက်တင်ဘာ ၇ ရက်တွင် လျှောက်လွှာအမှတ် - ၄၈၀၁ မှ ၅၀၅၀ အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် (မန္တလေး)၏ Level 1 အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲကို စက်တင်ဘာ ၁၀ ရက်တွင် ဆက်လက်

ကျင်းပသွားမည်ဖြစ်ပြီး ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ပြီး MRTV Facebookစာမျက်နှာဖြစ်သည့် www.Facebook.com/mrtvwebmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusic festival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော်(မန္တလေး)အကြိုပဏာမအသံစစ်ဆေးရာသို့ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးနှင့်တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

သီဟကိုကို(မန္တလေး)

ဦးပိန်တံတားအနီးမှ တောင်သမန်ဘိုးဘိုးကြီးဖောင်လှည့်ပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၇
ကမ္ဘာကျော် ဦးပိန်တံတားတောင်သမန်အင်းနောက်ခံနှင့်အတူ လှပနေသောရိုးရာလေ့အလှရှုခင်းတစ်ခုကို ပြပါဆိုလျှင် တောင်သမန်ဘိုးဘိုးကြီး ဖောင်လှည့်ပွဲကိုပြသရမည်ဖြစ်သည်။လှပသော ဦးပိန်တံတားကို နောက်ခံထားကာ တောင်သမန်အင်းပြင်ကျယ်အတွင်း ဖောင်ဆွဲသော လှေတော်သားများမြင်ကွင်း၊ ငှက်လှေစီးကာလိုက်ပါသော ပရိသတ် မြင်ကွင်းမှာမြင်ရခဲသော ရိုးရာဓလေ့အလှမြင်ကွင်းတစ်ခုပင်ဖြစ်သည်။ သဘာဝအလှရှုခင်း၊ ရိုးရာဓလေ့ပွဲတော်များကို မှတ်တမ်းရိုက်ကာ ပြိုင်ပွဲဝင်ကြသည့် ဓာတ်ပုံပညာရှင်များ၊ နိုင်ငံတကာ ခရီးသွားဧည့်သည်များ အထူးနှစ်သက်သဘောကျသော ပွဲတော်ပင်ဖြစ်သည်။

တော်သလင်းလပြည့်ကျော် ၃ ရက်သည် အမရပူရမြို့ တောင်သမန်ဘိုးဘိုးကြီးနတ်ပွဲ ဖောင်လှည့်ပွဲ ပြုလုပ်သည့်နေ့ပင် ဖြစ်သည်။ ဘိုးဘိုးကြီးဖောင်လှည့်ပွဲကို ဒေသခံများ အလေးထားသလိုပင် အနယ်နယ်အရပ်ရပ်မှ ဆိုင်ရာပိုင်ရာများလာရောက်ကြသော လူစည်ကားသည့်ပွဲတော်ပင်ဖြစ်သည်။ တောင်သမန်ဘိုးဘိုးကြီးဖောင်လှည့်ပွဲ ရိုးရာမပျက် ဆင်နွှဲပုံမှာ စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ ဦးပိန်တံတား နောက်ခံထားသည့် တောင်သမန်အင်းရေပြင်ကျယ်တွင် တူညီဝတ်စုံဝတ်ဆင်ထားသော လှေတော်သားများက ဖောင်ကိုဆွဲကြပုံ၊ လှေလှော်ကြပုံမှာလှပလွန်းသဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ၊ ဓာတ်ပုံဆရာများ အထူးမျက်စိကျကာ အမိအရ မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။ ဘိုးဘိုးကြီးဖောင်လှည့်ပွဲတွင် ရှေ့ဦးစွာ ဖောင်တော်နှင့် ဘိုးဘိုးကြီးသက်ပျောက်တိုင်ကို ဦးတိုက်ကြရသည်။ ဖောင်ပေါ်တွင် နတ်ဝတ်နတ်စားများနှင့်နတ်ကတော်တို့မှာ ဆိုင်းများဖြင့် ညင်သာစွာကလာကြသည်။ ဖောင်တော်အားဒေသခံများဖြစ်သည့် တဲနန်းသာရွာ၊ ရွာသစ်ရွာ၊ နွားနို့တော်စုရွာ၊ တောင်သမန်၊ ဆီမီးထွန်း၊ အိုးဘိုတို့မှ လှေတော်သားများက ဖောင်ကြိုးကိုင်ကာဆွဲလာကြသည်။ ဖောင်တော်နောက်မှ ပရိသတ်က ရိုးရိုးလှေများ၊ ငှက်လှေများဖြင့်လိုက်လာပြီး ဦးပိန်တံတားမှ တောင်သမန်အင်း တောင်ဘက်တဲနန်းသာရွာနှင့် ရွာသစ်ရွာကြားရှိ တောင်သမန်ဘိုးဘိုးကြီး ယာယီတဲနန်းသို့ ပင့်ဆောင်လာကြရသည်။ တဲနန်းတွင် ဒေသခံများက ငှက်ပျောပွဲများဖြင့် ကြိုဆိုကြသည်။ တဲနန်းကို ငှက်ပျောပွဲများသယ်မကာ ဖောင်တော်ကြိုသလို အိမ်တိုင်းတွင်လည်း ကန်တော့ပွဲထိုးကာ ဖောင်တော်ကြိုပွဲပြုလုပ်ပြီး ဖောင်တော်ပြန်မှသာလျှင် ကန်တော့ပွဲချကြရသည်။

ဖောင်လှည့်ပွဲရာသီတွင် ဘိုးဘိုးကြီးနတ်နန်းအထိ ရေရောက်ရှိခြင်းမှာ နတ်ပွဲ၏ ထူးခြားမှုပင်ဖြစ်သည်။ ယာယီတဲနန်းတွင် ဖောင်လှည့်ပြီးသည်နှင့် နန်းရင်းဖြစ်သည့် တောင်သမန်နတ်နန်းသို့ ပို့ဆောင်ပေးကြသည်။ ရိုးရာမပျက် ကျင်းပသော တောင်သမန်ဘိုးဘိုးကြီးနတ်ပွဲသည် တော်သလင်းလပြည့်ကျော် ၃ ရက် ဖောင်လှည့်ပွဲမှာ လူစည်ကားသည်။ တောင်သမန်၊ ရွာသစ်၊ တဲနန်းသာ၊ နွားနို့တော်စုရွာတို့မှာ ရွာလုံးကျွတ်မုန့်များလုပ်ကာ ဧည့်ခံသည့် အစည်ကားဆုံးပွဲပင်ဖြစ်သည်။

ယခုနှစ်တွင် ဖောင်လှည့်ပွဲကို အစဉ်အလာမပျက်ကျင်းပပြီး တော်သလင်းလပြည့်ကျော် ၄ ရက်မှ ၇ ရက်အထိ ထူးခြားသော အခမ်းအနားကျင်းပခြင်းမပြုဘဲ လပြည့်ကျော် ၈ ရက်နှင့် ၉ ရက်မှသာ ကျင်းပမည်ဖြစ်သည်။ လက်ရှိကာလအထိ ထူးခြားသောဓလေ့များဖြင့် ဆင်နွှဲသော ဦးပိန်တံတားအနီးမှ တောင်သမန်ဘိုးဘိုးကြီးနတ်ပွဲမှာ ထင်ရှားသည်။

တိမ်တမန်

မြန်မာနိုင်ငံအာဟာရနှင့် အစားအစာသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း ပြည်နယ်အဆင့်ဆွေးနွေးပွဲကျင်းပ

မြစ်ကြီးနား စက်တင်ဘာ ၇
ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ မြန်မာနိုင်ငံအာဟာရနှင့် အစားအစာသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်းပြည်နယ်အဆင့်အသိပေး ဆွေးနွေးပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ယခုဆွေးနွေးပွဲကျင်းပရခြင်းသည် အာဟာရချို့တဲ့ခြင်းနဲ့ အာဟာရလွန်ကဲခြင်း ပြဿနာများအား ထိရောက်စွာကာကွယ်ကုသနိုင်မည့် စီမံချက်များအား မွမ်းမံပြင်ဆင်ရေးဆွဲနိုင်ရန်နှင့် ပြည်သူများအာဟာရပြည့်ဝမျှတစွာ စားသုံးတတ်စေရန်တို့ ရည်ရွယ်ကာကျင်းပရခြင်းဖြစ်ကြောင်း၊ လေ့လာရေးစစ်တမ်းများလည်း ကောက်ယူနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုစစ်တမ်းတွင် ငါးနှစ်အောက်ကလေးများ အပါအဝင် အသက်ငါးနှစ်မှ ၄၉ နှစ်အထိ အသက်အပိုင်းအခြား သုံးပိုင်းရှိ အမျိုးသမီးနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ အမျိုးသားများစသည်တို့အား ထည့်သွင်းလေ့လာသွားမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း စစ်တမ်းကောက်ယူသွားမည့် ကောက်ကွက်အတွင်း သက်ဆိုင်ရာဌာနများမှ စီမံချက်လုပ်ငန်း အောင်မြင်စေရေး ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံအာဟာရနှင့် အစားအစာသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း ကောက်ယူခြင်းနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များအား ကချင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာတင်ညိုညိုက ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အာဟာရနှင့်အစားအစာသုံးမှု အခြေအနေ လေ့လာရေးစစ်တမ်းကို စက်တင်ဘာ ဒုတိယပတ်မှ စတင်ကာ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ ဦးဆောင်၍ သတ်မှတ်ထားသည့် အသက်အပိုင်းအခြားအလိုက် သံဓာတ်ချို့တဲ့ခြင်း၊ အာဟာရချို့တဲ့ခြင်း၊ အိုင်အိုဒင်းချို့တဲ့ခြင်း၊ ဗီတာမင်အေချို့တဲ့ခြင်း၊ ဖောလိတ်ချို့တဲ့ခြင်း၊ ဘီတာမင်ဘီဝမ်းချို့တဲ့ခြင်းဆိုင်ရာ လက္ခဏာများနှင့် အခြေအနေအရပ်ရပ်ကို စစ်တမ်းကောက်ယူနိုင်ရန် သက်ဆိုင်ရာဌာနများကို အသိပေးရှင်းလင်းဆွေးနွေးခဲ့ပြီး အဆိုပါ အာဟာရနှင့် အစားအစာသုံးမှု အခြေအနေလေ့လာရေးစစ်တမ်း ပြည်နယ်အဆင့်အသိပေးဆွေးနွေးပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဦးလေးကြီး**

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

တာချီလိတ် စက်တင်ဘာ ၇
မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အကြိုအဖြစ် တာချီလိတ်ခရိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ယနေ့ စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

ယင်း ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများတွင် အခြေခံပညာကျောင်းရှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၁၈ ဦးတို့က 'လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ' ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရာ ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်မာမာဦးနှင့် ဆရာ ဆရာမများ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ် (၁) တာချီလိတ်မှ ရဲအုပ် လှဘုန်းနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဝေါလ်ဗီရှင် (မြန်မာ) တာချီလိတ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲများမှ ဆုရကျောင်းသား ကျောင်းသူများအား စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပမည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝေယံလင်း(မြန်/ဆက်)**

ပေါက်မြို့နယ်တွင်မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများတစ်ဟုန်ထိုးစီးဆင်း

ပေါက် စက်တင်ဘာ ၇
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့်ပေါက်ချောင်းရေနှင့် ဆင်ဇာချောင်းရေများ တစ်ဟုန်ထိုး စီးဆင်းလာကာ ခရီးသွားပြည်သူများခရီးသွားလာရေးနှောင့်နှေးခဲ့ရပြီး ပေါက်မြို့ အနိမ့်ပိုင်းရပ်ကွက်နေအိမ်ဝိုင်းအတွင်း၌ ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ပေါက်ချောင်း တောင်ကျချောင်းရေ တစ်ဟုန်ထိုးစီးဆင်းခြင်းကြောင့် ပေါက်ချောင်းရေကျော်တံတားပေါ်၌ ရေအမြင့်သုံးပေခန့်မြင့်တက်ကာ ခရီးသွားမော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ခေတ္တစောင့်ဆိုင်းခဲ့ရပြီး ရေပြန်လျော့နည်းသွားချိန်တွင် ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများဘေးအန္တရာယ်မရှိစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကူညီပို့ဆောင်ပေးကြသည်။

ဆက်လက်၍ ပေါက်မြို့ အောင်တံခွန်ရပ်ကွက်နှင့် အောင်တော်မူရပ်ကွက်အတွင်းရှိ အနိမ့်ပိုင်းနေအိမ်များ၌ ဆင်ဇာချောင်းရေများ နှစ်ပေခန့်အထိဝင် ရောက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုကာ တိရစ္ဆာန်နှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ရေဘေးလွတ်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပျက်စီးဆုံးရှုံးမှုမရှိကြောင်းသိရသည်။ **ညဏ်တိုး (ပေါက်)**

မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးသင်တန်းဖွင့်

မုံရွာ စက်တင်ဘာ ၇
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု (၈)(မုံရွာ)၊ မုံရွာပြည်သူ့ဆေးရုံကြီး၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့(MANA)၊ ဥပဒေဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် မုံရွာခရိုင်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ကျန်းမာရေးအသိပညာပေးသင်တန်းအား မုံရွာမြို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး မြသလ္လာအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့် ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမဟုတ်ဘဲ နိုင်ငံတိုင်းနှင့် သက်ဆိုင်ပြီး လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် အကျုံးဝင်ရင်ဆိုင်နေရသည့်ပြဿနာတစ်ရပ်ဖြစ်နေရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်နိုင်ရန် အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပိုမိုထိရောက်မှုရှိစေရန်အတွက် ယခုသင်တန်းအား ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်း ပထမနေ့တွင် ဘိန်းနှင့် မူးယစ်ဆေးဝါး၊ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ မူး/စိတ်ဥပဒေနှင့်သမိုင်းကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအကြောင်းကိုလည်းကောင်း၊ ဒုတိယနေ့တွင် ATS စိတ်ကြွရူးသွပ်ဆေး၊ ကော်ရှူခြင်းနှင့်အခြား မူးယစ်ဆေးဝါးပြဿနာ၊ စိတ်ပြောင်းဆေးဝါးအကြောင်း သိကောင်းစရာ၊ မူးယစ်ဆေးဝါးသုံးစွဲသူရှိနေသည့် မိသားစုဘဝ နောက်ဆက်တွဲဆိုးကျိုးများ၊ မူး/စိတ်ဥပဒေသစ်နှင့် သိကောင်းစရာများ၊ ခေတ်အဆက်ဆက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များနှင့် ဟောပြောပွဲတစ်ခုကို ဘယ်လိုစိတ်ဝင်စားအောင်ဟောပြောမလဲ စသည့်ခေါင်းစဉ်များဖြင့် မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့နှင့်ချောင်းဦးမြို့နယ်မှ ပညာရေးဌာနမှ ဆရာ ဆရာမ ၂၄ ဦး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နှစ်ဦး၊ အမျိုးသမီးရေးရာအဖွဲ့မှ နှစ်ဦး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နှစ်ဦး စုစုပေါင်း ၃၀ အား နှစ်ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်အတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် ပတ်သက်သည့် အမှုပေါင်း ၂၅ မှုကို ဖမ်းဆီးရမိပြီး တရားခံ ၅၇ ဦးကို တရားစွဲဆိုနိုင်ခဲ့ကြောင်း၊ ယင်းအမှုများထဲတွင် ဘိန်းဖြူအလေးချိန် ၁၃၄ ဒသမ ၁၂ ဂရမ်၊ ဘိန်းမဲအလေးချိန် ၁၈၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၉၂၀၊ ခတ်ပုံအလေးချိန် သုည ဒသမ ၁၈ ဂရမ်တို့ပါဝင်ကြောင်း မူးယစ်ဆေးဝါးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု(၈) (မုံရွာ)၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

ဝန်ထမ်းနှင့်မိသားစုများအတွက် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အကူပြုသင်တန်းဖွင့်

မကွေး စက်တင်ဘာ ၇
မကွေးမြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အကူပြု သင်တန်းဖွင့်ပွဲကို မကွေးမြို့တော်ခန်းမ၌ စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့ပြီး သင်တန်းသား ၂၄ ဦးအား သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့၏ အစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

"အသက်မွေးဝမ်းကျောင်း ပညာတတ်ရုံနဲ့ မပြီးဘူး။ အဲဒီပညာကို ဘယ်လိုအသုံးချမလဲ၊ စီးပွားရေးတွေ ဘယ်လိုစတင်မလဲ၊ ရှိနေတဲ့စီးပွားရေးကို ဘယ်လိုတိုးတက်အောင်လုပ်မလဲ၊ နောက်ထပ်လုပ်ငန်းဘယ်လိုတိုးချဲ့မလဲဆိုတာ တွေကိုလက်တွေ့သင်မှာပါ"ဟု တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်းက ပြောသည်။

ယခုသင်တန်းမှာ စီးပွားရေးလုပ်ငန်းစတင်ရန်၊ စိတ်ကူးအကြံဉာဏ်တစ်ခု စနစ်ကျစွာဖော်ထုတ်ရန် လမ်းညွှန်ပေးသော GYB (Generate Your Business) သင်တန်းအမျိုးအစားဖြစ်ပြီး လုပ်ငန်းအစပျိုးသူများကို ၎င်းတို့၏ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှု၊ ဒေသဆိုင်ရာလိုက်ဖက်မှုရှိသော စီးပွားရေးအတွေးအခေါ် ရရှိနိုင်စေရန် သင်ရိုးညွှန်းတမ်းများက ထောက်ပံ့ကူညီပေးနိုင်မည်ဖြစ်ကြောင်း ILO (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့) အသိအမှတ်ပြု Trainer တစ်ဦးလည်းဖြစ်သူ ဒေါ်မြင့်မြင့်သိန်းက ပြောသည်။

သင်တန်းသို့ မကွေးမြို့နယ် စည်ပင်သာယာရေးဝန်ထမ်းရှစ်ဦးနှင့် ဝန်ထမ်းမိသားစု ၁၆ ဦး တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၈ ရက်ထိ သင်တန်းကာလ သုံးရက်အတွင်း ခရမ်းချဉ်သီးအလုံးလိုက်ယို၊ သံပရာသီးအလုံးလိုက်ယို၊ သင်္ဘောသီးချိုချဉ်စပ်ယို၊ မန်ကျည်းဖျော်ရည်၊ ရှားစောင်းလက်ပပ်ဖျော်ရည်ပြုလုပ်နည်း လက်တွေ့သင်ခန်းစာများကိုလည်း သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းမြို့နယ်များတွင်လည်း ဆက်လက်သင်ကြားပို့ချရန် အစီအစဉ်ရှိကြောင်း သိရသည်။

ဧယျာတု(မကွေး)

လွန်ပြီး ၆၂ နှစ်မှာ မြို့မငြိမ်း ဟားတိုက်ရယ်မောခြင်း

ဆူးငှက်

မြို့မငြိမ်းဆိုတာ မြန်မာ့ဂီတလောကအတွက် ရည်ရွယ်ချက်ကြီးမားလှတဲ့ ပုဂ္ဂိုလ်ကျော်ပါ။ အခုဆိုရင် သက်တမ်း ၉၀ ကျော်နေပြီဖြစ်တဲ့ 'မြို့မတူရိယာအသင်း' ကို စတင်ထူထောင်စဉ်ကတည်းက အဓိက ပါဝင်ဦးဆောင်ခဲ့သူလည်းဖြစ်ပါတယ်။

အနုပညာပါရမီထူးသူ

စာရေးဆရာ သတင်းစာဆရာမကြီး လူထုဒေါ်အမာက မြို့မငြိမ်းကို အခုလို ကောက်ချက်ချပါတယ်။

"မြန်မာ့တေးဂီတသမိုင်းတွင် နှစ်ကာလရှည်လျားစွာ တည်တံ့ကျန်ရစ်မည့် သတ္တိများရှိသော မြန်မာသီချင်း (Modern Classic) များကို သီကုံးရေးဖွဲ့သွားခဲ့သည့် မြို့မငြိမ်းကား အသေစော၍ နှမြောထိုက်သည့် မြန်မာ့သားကောင်းတစ်ဦးပါပေ။ ဆရာငြိမ်းသည် အနုပညာပါရမီထူးသူဖြစ်သဖြင့် အကယ်၍သာ အရင်းရှင်စနစ်အတွက် ဆရာငြိမ်းလို ငယ်ရွယ်သေးသူကို စတေးမပေးလိုက်ရပါက ဆရာငြိမ်းသည် ယခုနေအချိန်၌ သူရည်မှန်းတမ်းတသည့် မြန်မာ့ဂီတကို ကမ္ဘာ့ဂီတနှင့် ရင်ပေါင်တန်းနိုင်ရေးကို ဆက်လက်၍ ကြိုးပမ်းနေဦးမည် မုချဖြစ်သည်။ သို့ ကြိုးပမ်းရင်း သူကပူဆာ၊ ငါကပူဆာကြမှုများကြောင့် ချစ်စဖွယ် ဆန်းကြယ်သည့် မြန်မာ့တေးသီချင်းကလေးတွေကိုလည်း တစ်ပုဒ်ပြီးတစ်ပုဒ် သီကုံးရေးဖွဲ့နေဦးမည် ဧကန်ဖြစ်သည်။

မြို့မဆရာငြိမ်းကို ပြည်သူက သိသည်မှာ သီချင်းရေးဆရာဟူ၍သာ သိကြသည်။ သို့သော် ဆရာငြိမ်း၏ ရည်မှန်းချက်နှင့် သူတစ်သက်လုံး အချိန်ပြည့်ကြိုးပမ်းသွားမှုသည် မြန်မာ့ဂီတကို ကမ္ဘာ့ဂီတအဆင့်သို့ မြှင့်တင်နိုင်ရေး တိုးမြှင့်နိုင်စေရန် ဆင်ဖိုနီ (Symphony) ခေါ် မြန်မာသံစုံတီးဝိုင်းကြီးတစ်ဝိုင်း ဖွဲ့စည်းနိုင်ရေးသာလျှင်ဖြစ်လေသည်"တဲ့။

ဒီလိုရည်မှန်းချက် ကြီးမားလှတဲ့ မြို့မငြိမ်းဟာ သူတို့ အသက် ၂၀ မပြည့်ခင် ဝါသနာတူလူငယ်များနှင့် စုစည်းပြီး မြို့မဗုဒ္ဓဝေယျာဝစ္စ အပျော်တမ်း တူရိယာအသင်းကို 'မြို့မတူရိယာအသင်း' နာမည်နှင့် ဖွဲ့စည်းရာမှာ စနစ်တကျရေးဆွဲခဲ့တဲ့ ဥပဒေစည်းမျဉ်းက ရည်ရွယ်ချက် အခန်းအပိုဒ်(ဃ)မှာ ကမ္ဘာ့ခေတ်မီ တူရိယာဝိုင်းကြီးဖြစ်မြောက်ရေးဆိုပြီး အတိအလင်းပြဋ္ဌာန်းခဲ့တယ်။

ဒါကြောင့် မြို့မငြိမ်းဟာ မြို့မတူရိယာအသင်းနှင့်အတူ မြို့မကို ကမ္ဘာ့အဆင့်မီ သံစုံတီးဝိုင်းကြီးအသွင် ဖွဲ့စည်းနိုင်ရေးကိုသာ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့တာပါ။ သူရေးဖွဲ့ခဲ့သမျှ သီချင်းတွေကလည်း မြန်မာ့မဟာဂီတနှင့် နိုင်ငံတကာဂီတ ပူးပေါင်းအသွင်ဆန်းစေပြီး သင်္ကေတနည်းစနစ်နဲ့ ဝိုင်းဖွဲ့တီးမှုတ် တီးခတ်နိုင်မှုအတွက် ဖန်တီးခဲ့တာချည်းပါပဲ။

ဆန့်ကျင်ဘက်လက္ခဏာ

ဒီလို ရည်ရွယ်ချက် ကြီးမားပေမယ့်လည်း မြို့မငြိမ်းဟာ အနေအထိုင် ရိုးသားတယ်။ ပြင်ပဟန်ပန် အမူအရာက သိမ်မွေ့တယ်။ အပြောအဆို ညင်သာ အေးဆေးတယ်။ သူတစ်ပါးအပေါ် ငဲ့ညှာအားနာမှုက ထူးခြားတယ်။ ဒီအချက်အလက်တွေကို ဒေါ်ဒေါ်လူထု ဒေါ်အမာက -

"ဆရာငြိမ်း၏ စိတ်နေစိတ်ထားမှာ ပညာနှင့်ပတ်သက်၍ ဝမ်းထဲမာနကြီးသည်မှအပ စိတ်ကောင်းနှလုံးကောင်း အလွန်ရှိသူဖြစ်သည်။ ဘယ်သူ့ကိုမှ မကောင်းမပြော။ဘယ်သူနှင့်မျှ ခိုက်ရန်ဖြစ်ပွားခြင်းမရှိ။ အပေါင်းအသင်းလည်း ကျယ်ကျယ်ဝန်းဝန်း ထားသူမဟုတ်" ဆိုတဲ့ ဝါကျတွေနှင့် သရုပ်ဖော်ခဲ့တယ်။ ဆရာငြိမ်းရဲ့ ရုပ်ရည်နှင့် ပတ်သက်ပြီးလည်း-

"ဆရာငြိမ်း၏ ရုပ်မှာ နှာတံပေါ်ပေါ် မျက်နှာသွယ်သွယ်နှင့် ရုပ်ရည်ချောမောလှပသူဖြစ်သည်။ အသားဖြူဖြူ၊ အရေပါးပါး၊ ပခုံး ကျယ်ကျယ်၊ လူကနည်းနည်းကိုင်းသည်။ ဆရာငြိမ်း၏မျက်လုံးသည် သူများနှင့်မတူ အတော်ထူသည်။ ထူးထူးခြားခြား တောက်ပ၍ သူတစ်စုံတစ်ခုကို တွေးသည့်အခါ သူငယ်အိမ် နှစ်ခုမှာ ခုန်နေသူဖြစ်သည်" လို့ ဆိုပြန်တယ်။ ဒီတော့ မြို့မငြိမ်းနှင့် ဂီတလုပ်ဖော်လုပ်ဖက်များအနေနှင့်ရော၊ မိသားစုအနေနှင့်ရော၊ ဆရာငြိမ်းကို သိမီသူများကရော၊ စိတ်ထားနူးညံ့သိမ်မွေ့နှိမ့်ချပြီး ဂီတနှင့်ပတ်သက်ရင်တော့ အလေးအနက်ထားလွန်း၊ ဇွဲနပဲကြီးလွန်း၊ စိတ်ဓာတ်ထက်သန်လွန်းသူလို့ ကောက်ချက်ချကြတယ်။

ပြောရရင်တော့ ဆန့်ကျင်ဘက်လက္ခဏာနှစ်ခု ပေါင်းဆုံရာပဲပေါ့။ ဒီတော့ ပြုံးခဲပေမယ့် ပြုံးပြန်ရင်လည်း ကျေနပ်ပြုံးလား၊ မချိပြုံးလား၊ မဲ့ပြုံးလား၊ ဝမ်းသာပြုံးလား ဆိုတာလည်း ခွဲခြားရခက်လှသတဲ့။

ကျေနပ်ပီတိအပြုံး

ဆရာမြို့မငြိမ်းရဲ့ စရိုက်လက္ခဏာကို အပေါ်လွင်ဆုံးက ရှားရှားပါးပါး ကျန်ရစ်ခဲ့တဲ့ ဓာတ်ပုံလေးတစ်ပုံပါ။ ဆရာငြိမ်းနှင့်ပတ်သက်တဲ့ ဓာတ်ပုံဟာ များများစားစား မရှိပေမယ့် ဒီတစ်ပုံကတော့ တစ်ပုံဆိုသလောက် သရုပ်ပီပြင်လှတဲ့ ဓာတ်ပုံလို့ ဆိုကြပါတယ်။ တစ်ကိုယ်လုံးပေါ် မဟုတ်ဘဲ သုံးချိုးနှစ်ချိုးမျှသာပေါ်တဲ့ ဒီပုံဟာ အမှတ်တမဲ့ ရိုက်လိုက်တဲ့ ပုံလည်းဖြစ်နိုင်ပါတယ်။ ဘယ်လက်လေးကကွေးပြီး ကိုယ်ရှေ့မှာ ပိုက်ထားတယ်။ လက်လေးဖြန့်ကာ လက်မလေးဝှက်ထားပုံက နှိမ့်ချစိတ်၊ နူးညံ့သိမ်မွေ့စိတ်ကို ဖော်ပြနေသည်။ ညာဘက်ဘက်မှာက လက်စွဲတော် ဆေးပေါ့လိပ်လေး မီးညှိလျက်နဲ့ လက်ညှိုးနဲ့ လက်ခလယ်ကြား ညှပ်ထားလေရဲ့၊ ခါးလေးကရှုပ်ပြီး သက်သောင့်သက်သာနေထိုင်ပုံကလည်း ရောင့်ရဲ့တင်းတိမ်တဲ့စရိုက်ပါပဲ။

ဒါပေမယ့် ဆံတံခွန်နှင့် ကျယ်ပြန့်တဲ့ နဖူးက ရည်ရွယ်ချက်ကြီးတယ်။ အမြော်အမြင်မြင့်မားတယ်။ နက်မှောင်တဲ့ မျက်ခုံးနှစ်ဖက်အောက်က မျက်ဝန်းတွေက ပညာမာနနှင့်အတူ လေးနက်စူးရှ မဖြစ်မနေ ဇွဲသတ္တိကို ပြနေလေရဲ့။ ဒီဓာတ်ပုံလေးက မြို့မငြိမ်းရဲ့ အမှတ်လက္ခဏာပါပဲ။ ပြုံးနေတဲ့ နှုတ်ခမ်းနဲ့ အပြုံးကြောင့် တွန့်နေတဲ့ ပါးရဲ့ အရေးအကြောင်းတွေက ပုံကို ပိုမိုအားကောင်းစေတာပါပဲ။ ဓာတ်ပုံထဲက မြို့မငြိမ်းဟာ ကျေနပ်ပီတိအပြုံးကို ကြည့်သူရင်ထဲအထိ ပေးစွမ်းနိုင်ခဲ့တယ်။

ကိုယ်ပိုင်အပြုံး

ဒါကြောင့် သမက်ဖြစ်သူ ပန်းချီကျော် ပေါ်ဦးသက်ကလည်း မြို့မငြိမ်းရဲ့ ကောက်ကြောင်းကို ဒီဓာတ်ပုံကပဲ ယူတယ်။ မိတယ်။ အလားတူ တူသားလိုချစ်တဲ့ စွယ်စုံအနုပညာရှင် ဦးဝင်းဖေကလည်း သူ့ဦးလေး မြို့မငြိမ်း ပုံရိပ်ကောက်ကြောင်းကို ဒီဓာတ်ပုံကပဲ ယူပါတယ်။ ဒါလည်း မိတာပါပဲ ပန်းချီကျော် နှစ်ဦးစလုံးဟာ ဆရာငြိမ်းစရိုက်ကို မတူညီတဲ့ လိုင်းတွေနှင့် အမိအရယူနိုင်ကြတယ်။ ဒီကောက်ကြောင်း နှစ်ပုံကအပြုံးတွေကလည်း ဓာတ်ပုံအပြုံးနှင့်ထပ်တူ။ ပီတိပြုံး။

၂၀၀၉ ခုနှစ်က ပြည့်မြောက်တဲ့ မြို့မငြိမ်း နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်အဖြစ် မြို့မငြိမ်း ပုံတူကြေးသွန်းရုပ်တုကိုလည်း အားလုံးသဘောတူညီစွာနှင့် ဒီဓာတ်ပုံထဲက ပုံကိုပဲ အတည်ပြုလိုက်ကြတယ်။ မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်ရဲ့ ကြီးကြပ်မှုနှင့် ကြေးသွန်းပညာရှင် ဦးလှမြင့်(ပြည့်ဝ ကြေးသွန်းလုပ်ငန်း) က ပုံထုတ်သွန်းလောင်းတယ်။

ကြေးရုပ်ထဲက မြို့မငြိမ်းရဲ့ အပြုံးကလည်း ဓာတ်ပုံထဲကလို၊ ကောက်ကြောင်း ပန်းချီထဲကလို အပြုံး၊ ကျေနပ်ပြုံး၊ ပီတိပြုံး ။ ဒီကြေးရုပ်ကြီးကိုလည်း မြို့မအသင်းတိုက်၊ မျက်နှာစာမှာ ထားရှိပြီးပါပြီ။

အပြုံးနှစ်ချက်

ဆရာမြို့မငြိမ်း တစ်သက်လုံး အချိန်ပြည့်ကြိုးပမ်းသွားမှုဆိုတာ မြန်မာ့ဂီတကို ကမ္ဘာ့ဂီတအဆင့်သို့ မြှင့်တင်နိုင်ရေး တိုးမြှင့်နိုင်စေဖို့ ဆင်ဖိုနီ(Symphony) ခေါ် မြန်မာသံစုံတီးဝိုင်းကြီးတစ်ဝိုင်း ဖွဲ့စည်းနိုင်ရေး ရည်မှန်းချက်ပဲဖြစ်တယ်။ ဦးခေါင်းအပြားခံ အသက်စတေးပြီး သက်သေပြသွားတဲ့ သူ့ရည်မှန်းချက်ကို သူချစ်မြတ်နိုးတန်ဖိုးထားတဲ့ မြို့မတူရိယာအသင်းကြီးက မျက်ခြည်မပြတ် ကြိုးပမ်းဆောင်ရွက်ပြီး ဂီတပညာရေးပိုင်းဆိုင်ရာ တိုးတက်နေလျှင်တော့ အသင်းတိုက် မျက်နှာစာက ကြေးရုပ်တုကြီးရဲ့ အပြုံးက ပီတိပြုံး၊ ကျေနပ်ပြုံး၊ ဝမ်းသာပြုံး ဖြစ်ပေလိမ့်မယ်။ သူ့ရည်မှန်းချက်က သူ့အသင်းအတွက်သာမက မြန်မာ့ဂီတလမ်းကြောင်းအတွက်ပါ မျှော်လင့်ချမှတ်ခဲ့တာဖြစ်တယ်။ မြန်မာ့ဂီတဟာ ဒီလမ်းကြောင်းပေါ် ရောက်ရှိပြီး ရည်ရွယ်ချက်အတွက်ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုရင် ဆရာမြို့မငြိမ်းက ကျေကျေနပ်နပ်နဲ့ တမလွန်ကနေ ပီတိအပြုံးတွေဝေနေလိမ့်မယ်။

ဒီလိုမဟုတ်ဘဲ သူ့အသင်းကိုယ်နှိုက်က သင်းပင်းစိတ်ဓာတ်ချည့်နဲ့၊ ဓားတန်းဦးသန့်အပါအဝင် မြို့မထီးချက်စောင့်နတ်ကြီးတွေ အမြင်ကျယ်ကျယ် ရည်ရွယ်ချက်ကြီးကြီး ရေးဆွဲလိုက်နာကျင့်သုံးခဲ့ကြသည့် အသင်းဖွဲ့စည်းပုံနှင့် မလျော်ညီ၊ အသင်းဖွဲ့စည်းပုံကို မလိုက်နာဘဲ ပညာစေတနာအနုပညာနှင့် အစဉ်အလာမရှိသူတွေကို အရေးပေါ် အလျင်အမြန်အစည်းဝေးခေါ်ဆွဲခန့်အုပ်စုဖွဲ့ လူကြီးလုပ်ကြပြီး နှစ်ပေါင်း ၅၀ နီးပါးဘဝနှစ်လုပ်ကိုင်ဦးစီးဆောင်ရွက်ခဲ့ကြတဲ့ တတိယမျိုးဆက် ပညာရှင်တွေအပေါ် ဖိနှိပ် ဖြုတ် ထုတ် သတ်၊ အသင်းသားညီညွတ်ရေးကိုဖြိုခွဲ၊ ဂီတပညာရေးပိုင်းဆိုင်ရာ ယုတ်လျော့ပြီး ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်နဲ့ ငါးပွက်ရာငါးစာချပြီး ကိုယ်ကျိုးအတ္တနဲ့ ထွက်ပေါက်မရှိ တဝဲလည်လည်ဖြစ်နေရင်တော့ မြို့မငြိမ်းကြေးရုပ်ရဲ့ အပြုံးက မဲ့ပြုံး၊ မချိပြုံး၊ သရော်ပြုံးပဲ ဖြစ်လိမ့်မယ်။

မြို့မငြိမ်း ဟားတိုက်ရယ်မောခြင်း

အလင်္ကာကျော်စွာ မြို့မငြိမ်းဟာ ၁၉၅၅ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှာ ကွယ်လွန်ခဲ့တာမို့ အခုဆိုရင် မြို့မငြိမ်းကွယ်လွန်ကာလဟာ ၆၂ နှစ်ရှိပါပြီ။ တကယ်တော့ မြို့မငြိမ်းဟာ သူပါဝင်တည်ထောင်ခဲ့တဲ့ မြို့မတူရိယာအသင်းကို အခြေခံပြီး မြန်မာ့ဂီတလောကအတွက် ဦးခေါင်းအပြားခံ အသက်စွန့်လမ်းပြခဲ့တဲ့ အာဂအနုပညာရှင်ကြီးပါ။

အခုတော့ ဒီလို အသက်အသေခံပြီး ညွှန်ပြသွားခဲ့တဲ့ မြို့မအတွက် ဂီတထုထည်ကြီးတွေအနက် သူကွယ်လွန်ပြီး ၆၂ နှစ်အကြာမှာ အသင်းက ဘယ်လောက်ပမာဏများ ပြန်လှန်ကျေးဇူးဆပ်ပြီးပြီလဲဆိုတာ အသင်းတိုက် မျက်နှာစာက ငဲ့စောင်းကြည့်လိုက်တဲ့အခါ အံ့အားတသင့်ဖြစ်သွားပြီး ပီတိပြုံးဆိုတာဝေလာဝေး၊ သရော်ပြုံး ရုံတင်မကတော့ဘဲ တစ်သက်နဲ့တစ်ကိုယ် မကြုံစဖူး အူလှိုက်သည်းလှိုက် ဟားတိုက်ရယ်မော နေလေသတဲ့။

မင်္ဂလာဓာတ်ပုံ တိတ်တဆိတ်ရိုက်ကူးခဲ့ကြတယ်လို့ သတင်းတွေထွက်နေတဲ့ ဆောင်ဂျွန်ကီနဲ့ ဆောင်းဟေကို

လာမယ့် အောက်တိုဘာလကုန်မှာ လက်ထပ်တော့မှာဖြစ်တယ်လို့ တရားဝင် ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တဲ့ တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ဆောင်ဂျွန်ကီနဲ့ မင်းသမီး ဆောင်းဟေကိုတို့ဟာ မကြာသေးမီကပဲ အမေရိကန်နိုင်ငံသို့ အတူထွက်ခွာသွားတာကို တွေ့ခဲ့ရပါတယ်။ လတ်တလောမှာတော့ သူတို့နှစ်ဦးဟာ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့မှာ မင်္ဂလာဓာတ်ပုံရိုက်ကူးခဲ့တာဖြစ်တယ်လို့ သတင်းတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ မင်္ဂလာဓာတ်ပုံရိုက်ကူးတာနဲ့ပတ်သက်ပြီး ကြယ်ပွင့်စုံတွဲဟာ တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခဲ့တာမတွေ့ရဘဲ ယခုလို တိတ်တိတ်လေး သွားရောက်ရိုက်ကူးခဲ့တာဖြစ်တယ်လို့လည်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဆောင်းဟေကိုနဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းက ထုတ်ဖော်ပြောကြားချက်အရ သူဟာ ဆောင်ဂျွန်ကီနဲ့အတူ လော့စ်အန်ဂျလိစ်ကို ဦးစွာသွားရောက်ခဲ့တာဖြစ်ပြီး အဲဒီမှတစ်ဆင့် ဆန်ဖရန်စစ္စကိုမြို့ကို သွားရောက်ကာ မင်္ဂလာဓာတ်ပုံရိုက်ကူးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အခြားသောမီဒီယာတွေရဲ့ ဖော်ပြချက်အရ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ဟာ မင်္ဂလာဓာတ်ပုံရိုက်ကူးပေးဖို့အတွက် တောင်ကိုရီးယားရဲ့ နာမည်ကျော်ဓာတ်ပုံဆရာတစ်ဦးဖြစ်သူ ဆောင်ဂျန်ဟွန်ကို ငှားရမ်းခဲ့တာဖြစ်ပြီး ဓာတ်ပုံအဖွဲ့သားတွေဟာလည်း ဆန်ဖရန်စစ္စကိုမြို့ကို လေကြောင်းနဲ့ ထွက်ခွာသွားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ အဆိုပါဓာတ်ပုံဆရာဟာ အခြားသောနာမည်ကျော်ကြယ်ပွင့်စုံတွဲတွေဖြစ်ကြတဲ့ မင်းသား ဘေရောင်ဂျွန်းနဲ့ မင်းသမီး ပါ့ခ်ဆိုးဂျင်၊ ဒါ့အပြင် နာမည်ကျော်ဂီတကြယ်ပွင့်တစ်ဦးဖြစ်တဲ့ လီဟိုရီတို့ဇနီးမောင်နှံအတွက်လည်း မင်္ဂလာဓာတ်ပုံရိုက်ကူးပေးခဲ့သူဖြစ်ပါတယ်။

ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ အမေရိကန်ကို ထွက်ခွာသွားခဲ့စဉ်က သူတို့ရဲ့ ဖျော်ဖြေရေးအေဂျင်စီက အတူထွက်ခွာသွားသည်မှာ မှန်ကန်ကြောင်းနဲ့ သီးခြားအစီအစဉ်တွေရှိနေတာကြောင့်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေမယ့် လတ်တလောမှာတော့ မင်္ဂလာဓာတ်ပုံရိုက်ကူးဖို့အတွက် ထွက်ခွာသွားကြောင်း ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ သူတို့ရဲ့ပရိသတ်တွေကတော့ ကြယ်ပွင့်စုံတွဲရဲ့ မင်္ဂလာဓာတ်ပုံတွေကို တွေ့မြင်လိုနေကြပြီဖြစ်ပေမယ့် ကာယကံရှင်တွေဘက်ကတော့ လတ်တလောအချိန်အထိ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးတာလည်းဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ ၂၀၁၆ ခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲ "Descendants of the Sun"မှာ အတူတွဲဖက်သရုပ်ဆောင်ခဲ့ရင်း စတင်ရင်းနှီးခဲ့ကာ ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာဖြစ်ပါတယ်။ ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေပေါ်ထွက်လာချိန်မှာ ငြင်းဆိုခဲ့ကြပြီး ထုတ်ဖော်ဝန်ခံချိန်မှာလည်း မင်္ဂလာသတင်းကိုပါ တစ်ဆက်တည်းကြေညာပေးခဲ့တာဖြစ်ပါတယ်။ လာမယ့် အောက်တိုဘာ ၃၁ ရက်မှာ ဆိုးလ်မှာရှိတဲ့ ရှီလာဟိုတယ်မှာ လက်ထပ်ပွဲအခမ်းအနားကျင်းပမှာဖြစ်ပြီး နှစ်ဖက်မိဘတွေ အထူးသဖြင့် မင်းသားဆောင်ဂျွန်ကီဘက်ကလည်း ဒီမင်္ဂလာပွဲကို အလွန်ကျေနပ်မိတာဖြစ်တယ်လို့လည်း သိရပါတယ်။

တေးဗီဒီယို ရိုက်ကွင်းမှာ ဒဏ်ရာရခဲ့တဲ့ U-Kiss ရဲ့ ကီဆွပ်

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ "U-Kiss"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ကီဆွပ်ဟာ လတ်တလောပြုလုပ်ခဲ့တဲ့ တေးဗီဒီယိုရိုက်ကွင်းပေါ်မှာ ထိခိုက်ဒဏ်ရာရခဲ့ပြီး ဆေးရုံတက်ရောက်နေရတာဖြစ်ပါတယ်။ ရိုက်ကွင်းပေါ်မှာ ဖြစ်ပွားခဲ့တဲ့ ပေါက်ကွဲမှုကြောင့် မီးလောင်ဒဏ်ရာနဲ့ အခြားစုတ်ပြဲဒဏ်ရာတွေ ရရှိခဲ့တာကြောင့် ယခုလို တက်ရောက်ကုသမှုခံယူနေရတာဖြစ်တယ်လို့လည်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၆ ရက်မှာ အဆိုပါတေးဂီတအဖွဲ့မှ အဖွဲ့ဝင်တွေဟာ တေးဗီဒီယိုရိုက်ကူးနေစဉ် မီးခိုးထုတ်တဲ့စက်တစ်ခု ပေါက်ကွဲခဲ့တာကြောင့် ကီဆွပ်အနေနဲ့ ဒဏ်ရာရရှိခဲ့တာဖြစ်ပြီး အခြားသောအဖွဲ့ဝင်တွေကတော့ ထိခိုက်ခဲ့တာမရှိဘူးလို့လည်း သိရပါတယ်။

ပေါ့ပ်ကြယ်ပွင့်ရဲ့သတင်းနဲ့အတူ ဆေးရုံတက်ရောက်နေရတဲ့ဓာတ်ပုံဟာလည်း အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့လာခဲ့ပြီး ပရိသတ်တွေက စိတ်ပူကြောင်းနဲ့ လတ်တလောအခြေအနေတွေကို မေးမြန်းခဲ့ကြတာ တွေ့ရပါတယ်။ အချို့ကလည်း အမြန်ကျန်းမာလာစေဖို့ ဆုတောင်းပေးကြရာ ယူဆွပ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီကလည်း ယင်းကိစ္စနဲ့ပတ်သက်ပြီး တရားဝင် ထုတ်ဖော်ပြောကြားပေးခဲ့တာ တွေ့ရပါတယ်။ အန်အိတ်ရှ်မီဒီယာက "တေးဗီဒီယိုရိုက်ကူးရေးတစ်ခုမှာ ယူဆွပ်ရဲ့အခန်းကို ရိုက်ကူးနေစဉ် ဒီလို ပေါက်ကွဲခဲ့တာဖြစ်ပါတယ်။ သူဟာ ဒုတိယအဆင့်မီးလောင်ဒဏ်ရာရရှိခဲ့တာဖြစ်ပြီး စက်မှ အပိုင်းအစဆယ်ခုဟာလည်း ခန္ဓာကိုယ်ထဲဝင်သွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို လတ်တလောမှာတော့ အင်ချွန်းဆေးရုံမှာ ပြောင်းရွှေ့ကုသနေတာဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ယင်းအေဂျင်စီက ပေါက်ကွဲခဲ့တဲ့စက်ဟာ ဘောလုံးပွဲတွေနဲ့ ပွဲတော်တွေမှာ အသုံးပြုလေ့ရှိတဲ့စက်မျိုးဖြစ်ပြီး အေဂျင်စီအနေနဲ့လည်း တေးဗီဒီယိုရိုက်ကူးရေးတွေမှာ သုံးနေကျ စက်တစ်လုံးဖြစ်ကြောင်းနဲ့ လတ်တလောပေါက်ကွဲမှုမှာတော့ စက်ဟာလေထဲကို မြောက်တက်သွားခဲ့တာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ကီဆွပ်ကတော့ လက်ရှိမှာ ဆေးရုံတက်နေဆဲဖြစ်ကာ အနားယူနေရတာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

ချာစီဝမ်၊ ကန်ဆိုရာနဲ့ ဂွန်မြောင်တို့ရဲ့ ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ မင်းသားတစ်လက်ဖြစ်တဲ့ ချာစီဝမ်ဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း စစ်မှုထမ်းဆောင်နေခဲ့တာကြောင့် သူ့ရဲ့ရုပ်ရှင်တွေနဲ့ အနုပညာလှုပ်ရှားမှုတွေဟာ ပရိသတ်တွေနဲ့ ဝေးကွာနေခဲ့ရတာလည်း ဖြစ်ပါတယ်။ မကြာသေးမီက စစ်မှုထမ်းဆောင်ပြီးခဲ့တဲ့နောက်မှာတော့ ချာစီဝမ်ရဲ့ အနုပညာလှုပ်ရှားမှုတွေ ပြန်လည်စတင်လာခဲ့ကာ လတ်တလောမှာတော့ ချာစီဝမ်ရဲ့ ရုပ်သံဇာတ်လမ်းတွဲသစ်တစ်ကားကို စမ်းသပ်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲမှာတော့ ချာစီဝမ်က တောင်ကိုရီးယားရဲ့ နာမည်ကျော်တွေဖြစ်ကြတဲ့ မင်းသမီးကန်ဆိုရာ မင်းသားဂွန်မြောင်တို့နဲ့အတူ တွဲဖက်သရုပ်ဆောင်ထားတာဖြစ်ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းရုပ်သံဇာတ်လမ်းတွဲကိုတော့ tvN မှ ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး စနေ၊ တနင်္ဂနွေပိတ်ရက်တွေမှာ ထုတ်လွှင့်သွားဖို့ရည်ရွယ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ "Revolutionary Love"လို့ အမည်ပေးထားတဲ့ အဆိုပါရုပ်သံဇာတ်လမ်းတွဲမှာ ချာစီဝမ်၊ ကန်ဆိုရာနဲ့ ဂွန်မြောင်တို့သုံးဦးစလုံး ခေါင်းဆောင်နေရာကနေ အပြိုင်ပါဝင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာအောင်မြင်နေတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Super Junior"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ဂီတလောကမှာလည်း ထိပ်တန်းမှာရပ်တည်နေတဲ့ ချာစီဝမ်ဟာ "Revolutionary Love" ဇာတ်လမ်းတွဲမှာ ပြောင်ပတ်ချ်အဖြစ်ပါဝင်ထားပြီး ကန်ဆိုရာကတော့ အခြေခံလူတန်းစားတစ်ဦးဖြစ်သူ ဘေဂျွန် အဖြစ်ပါဝင်ထားတာဖြစ်ပါတယ်။ ဂွန်မြောင်ကတော့ အထက်တန်းလွှာထဲဝင်ဆံ့ချင်သူ စီးပွားရေးသမားတစ်ဦးဖြစ်တဲ့ ဂျေဟွန် အဖြစ်ပါဝင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

ယင်းဇာတ်လမ်းတွဲကိုတော့ လာမယ့်အောက်တိုဘာ ၁၄ ရက်မှစတင်ပြီး သီတင်းပတ်တစ်ပတ်ကို နှစ်ရက်နဲ့ စတင်ထုတ်လွှင့်ပြသသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

မရန်ရှိုကာရေးရဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "All I Want For Christmas Is You"

နာမည်ကျော် တေးသံရှင်တစ်ဦးဖြစ်တဲ့ မရန်ရှိုကာရေးက လတ်တလောမှာတော့ သူပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်မှ သူ့ရဲ့ဇာတ်ကောင်လေးကို ပရိသတ်တွေနဲ့ မိတ်ဆက်ပေးခဲ့တာဖြစ်ပါတယ်။ "All I Want For Christmas Is You"လို့ အမည်ပေးထားတဲ့ ယင်းရုပ်သံဖန်တီးမှုရုပ်ရှင်မှာ မရန်ရှိုက အဓိကဇာတ်ဆောင်တစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ပြီး ယင်းရုပ်ရှင်မှာ သူ့ရဲ့ကျော်ကြားတဲ့ ခရစ္စမတ်တေးသီချင်းကိုလည်း ထည့်သွင်း ဖန်တီးထားတာဖြစ်ပါတယ်။

မကြာသေးမီက မရန်ရှိုကာရေးက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရုပ်ရှင်မှာ သူပါဝင်ထားတဲ့ဇာတ်ကောင်လေးရဲ့ ဓာတ်ပုံကို ဖော်ပြခဲ့ပြီး ယင်းရုပ်ရှင်ရဲ့ အမြည်းသဘော ထုတ်လွှင့်ပြသခဲ့တဲ့ ဗီဒီယိုကိုလည်း ဖော်ပြခဲ့တာတွေ့ရပါတယ်။

ဒီလိုဖော်ပြခဲ့ရာမှာလည်း ဂီတကြယ်ပွင့် မရန်ရှိုက "မရန်ရှိ အသေးစားလေးနဲ့ တွေ့ဆုံပေးတာပါ။ မကြာမီ ထုတ်လွှင့်တော့မယ့် ကျွန်မရဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်သစ်မှာ ပါဝင်တဲ့ ဇာတ်ကောင်လေးကို ကူညီဖန်တီးရခြင်းဟာ ကျွန်မဘဝရဲ့ အိပ်မက်တစ်ခု အမှန်တကယ်ဖြစ်လာခဲ့တာလည်း ဖြစ်ပါတယ်။ မကြာမီမှာလည်း ပရိသတ်တွေအရှေ့ အံ့အားသင့်ဖွယ် အရောက်လှမ်းလာခဲ့မှာပါ"လို့ တွဲဖက်ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဂရမ်မီဆုရှင် မရန်ရှိုကာရေးက ရုပ်ရှင်အတွက် စမ်းသပ်ထုတ်လွှင့်ခဲ့တဲ့ ဗီဒီယိုနဲ့အတူ သူ့အနေနဲ့ ဒီလို အနှစ်သက်ဆုံး ခရစ္စမတ်တေးသီချင်းရဲ့ ဇာတ်ကြောင်းကို ပုံဖော်ကာ ရုပ်သံဖန်တီးမှုရုပ်ရှင် "All I Want For Christmas Is You" အဖြစ် မျိုးဆက်သစ်တွေနဲ့ မိသားစုတွေဆီ အရောက်သယ်ဆောင်လာနိုင်တဲ့ အတွက် အလွန်ပင် ဝမ်းမြောက်မိကြောင်းလည်း ရှင်းလင်းပြောကြားခဲ့တာတွေ့ရပါတယ်။

ဒါ့အပြင် လာမယ့် ခရစ္စမတ်ရာသီ ဒီဇင်ဘာလအတွင်းမှာတော့ မရန်ရှိုကာရေးက သူ့ရဲ့ အအောင်မြင်ဆုံးနဲ့ အကြိုက်ဆုံးသော ခရစ္စမတ်တေးသီချင်းနဲ့ မန်ချက်စတာမြို့မှာရှိတဲ့ မန်ချက်စတာအရီနာနဲ့ လန်ဒန်မှာတော့ အိုတူးအရီနာတွေမှာ ဖျော်ဖြေပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံဖွင့်ပွဲကျင်းပ

ဝေါ စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မြစ်ကျိုးတိုက်နယ် ဒိုက်ဦးလမ်း ဆည်မြောင်းရှင်းလင်းဆောင်၌ စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီမိနစ် ၃၀ က ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတို့က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး (အရှေ့) တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးလှထွန်းက ဓာတ်အားခွဲရုံ တည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်နှင့် ဒေသခံတစ်ဦးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေထရန်စဖော်မာအားဓာတ်အားရယူရန်အတွက် စက်ခလုတ်ကိုလည်းကောင်း၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းက ၁၁ ကေဗွီ Incoming panel ၏ စက်ခလုတ်အားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးက ၁၁ ကေဗွီ မြစ်ကျိုးဖီဒါ၏ စက်ခလုတ်ကိုလည်းကောင်း အသီးသီးဖွင့်လှစ်ပေးကြသည်။

ဝေါမြို့နယ် မြစ်ကျိုးတိုက်နယ်ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၅၈၂ နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၁၅၅ သန်းစုစုပေါင်း ငွေကျပ်သန်းပေါင်း ၇၃၀ ကျော်သုံးစွဲခဲ့ပြီး မြစ်ကျိုးတိုက်နယ်အား ပထမဦးဆုံးလျှပ်စစ်မီးပေးသွားမည်ဖြစ်ပြီး အနီးအနားရှိ ကျန်ကျေးရွာများကို လာမည့်ဘတ်ဂျက်တွင် ရန်ပုံငွေရရှိလာပါက ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ အရင်ဓာတ်အားခွဲလိုင်းက အသေးဖြစ်နေလို့ တစ်ရက်ခြားမီးလာပါတယ်။ လာတော့လည်းမီးအားမပြည့်ပါဘူး။ အခုမီးအားလိုင်းဗို့အားများတဲ့အတွက် ၂၄ နာရီ မီးအားအပြည့်လာသောကြောင့် ရွာသူ၊ ရွာသားအားလုံး ဝမ်းသာနေကြပါတယ်" ဟု မြစ်ကျိုးတိုက်နယ် ကျေးရွာသား ဦးအောင်ပုက ပြောသည်။

မြစ်ကျိုးတိုက်နယ်သည် ဝေါမြို့နှင့် ၁၄ မိုင်ကွာဝေးပြီး အိမ်ထောင်စုပေါင်း ၁၃၀၀ ကျော်ရှိသည်။ အနီးအနားတွင် ကျေးရွာအုပ်စု ၂၀ ခန့်ရှိကာ ယခင်နှစ်ပေါင်း ၄၀ ခန့်က ကျေးရွာတွင် ၁၀၀ ကေဗွီ/ ၁၆၅ ကေဗွီ ဓာတ်အားခွဲရုံဖြင့် လျှပ်စစ်မီးဖြန့်ဖြူးပေးရာ တစ်ရက်လျှင် နှစ်နာရီသာ ကျေးရွာအတွင်း ဓာတ်အားဖြန့်လွှတ်ပေးနိုင်ခဲ့ပြီး မီးအားလည်း မပြည့်မီခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ၂၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

တင်စိုး(ပဲခူး)

လယ်မြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စစ်ဆေးရေးကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

ဘားအံ စက်တင်ဘာ ၇

ကရင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့၏ (၅/၂၀၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းခြင်းကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြည်လည် စိစစ်ရေးကော်မတီ၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမင်းမင်းက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်း(၁)၊ (၃)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၈)နှင့် သီခြား မြေယာတိုင်ကြားစာများအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ စိစစ်ရေးဗဟိုကော်မတီ၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်ကော်မတီသို့ ပေးပို့လာသည့် မြေယာတိုင်ကြားစာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးကိစ္စရပ်များကိုလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ဆက်လက်၍ တက်ရောက်လာကြသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မတီဝင်များက ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် လယ်ယာမြေကိစ္စရပ်နှင့် ပတ်သက်ပြီး ဆွေးနွေးကြသည်။

ကရင်ပြည်နယ်အတွင်း ယခင်အစိုးရလက်ထက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်သို့ မြေယာတိုင်ကြားစာ ၃၇၇ စောင်တွင် ၃၃၄ စောင်အား ဖြေရှင်း ဆောင်ရွက်ပြီးစီးပြီး ၄၃ စောင်ကျန်ရှိကြောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှ လွှဲပြောင်းပေးပို့လာသည့် စိစစ်ဖြေရှင်းရန် မြေတိုင်ကြားစာ ကရင်ပြည်နယ်အတွင်း ခုနစ်မြို့နယ်လုံးမှ စုစုပေါင်း ၁၀၆ စောင်တွင် ၄၈ စောင်အား ဖြေရှင်းဆောင်ရွက်ပြီးစီးပြီး ၅၈ စောင်ကျန်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြည်လည်စိစစ်ရေးကော်မတီသို့ စိစစ်ဆောင်ရွက်ပေးရန် တိုင်ကြားလာသည့် သိမ်းဆည်းမြေဆိုင်ရာ ကိစ္စရပ်များအပေါ် ဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေမှာ ကရင်ပြည်နယ်အတွင်း ခုနစ်မြို့နယ်လုံးမှ စုစုပေါင်း ၇၁ စောင်တွင် ၃၂ စောင်အား ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ၃၉ စောင် ကျန်ရှိကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကျင်းပ

လှိုင်ကော် စက်တင်ဘာ ၇

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီက လှိုင်ကော်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာငြိမ်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှတ် (၄) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(လှိုင်ကော်)မှ ရဲအုပ် အေးမင်းလတ်က လူကုန်ကူးမှု အန္တရာယ်အကြောင်း သိကောင်းစရာများအားလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လှိုင်ကော်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်နေမျိုးပိုင်က စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောကြပြီး ဟောပြောပွဲတက်ရောက်ကြသော ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လှိုင်ကော်ခရိုင်ရုံးမှ ပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်အကြောင်း နံရံကပ်စာစောင်နှင့် ဓာတ်ပုံများအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

လှိုင်ကော်ခရိုင်ပြန်/ဆက်

(၁၂၉)ကြိမ်မြောက်ရှင်ဥပဂုတ္တရဟန္တာမီးမျှောပူဇော်ပွဲနှင့်မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပပြီးစီး

ကျောက်ကြီး စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် (၁၂၉)ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာမီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲကို တော်သလင်းလဆန်း ၈ ရက်မှ တော်သလင်းလပြည့်ကျော် ၁ ရက် အထိကျင်းပခဲ့ရာ နယ်မြေအေးချမ်းမှု၊ ရာသီဥတုသာယာမှုများကြောင့် ယခင်နှစ်များကထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့သည်ဟု သိရသည်။

ဗုဒ္ဓဘုရားရှင်အမှူးပြုသော ရှင်သီဝလိရဟန္တာနှင့် ရှင်ဥပဂုတ္တရဟန္တာရုပ်ပွားတော်မြတ်အား ရန်ကုန်မြို့မှပင့်ဆောင်ပြီး ပဲနွယ်ကုန်းမြို့နှင့် နတ်သံကွင်းမြို့များတွင် အပူဇော်ခံကာ ကျောက်ကြီးမြို့သို့ တော်သလင်းလဆန်း ၁၀ ရက်တွင် ပင့်ဆောင်၍ တော်သလင်းလဆန်း ၁၂ ရက်တွင် ကျောက်ကြီးချောင်း ရေလယ် စံကျောင်းတော်တွင် တော်သလင်းလပြည့်ကျော် ၁ ရက်ညအထိ ဆီမီးကြာခွက် ၁၀၀၀၀ တို့ဖြင့် ညစဉ် မီးမျှောပူဇော်ခဲ့ကြောင်း သိရသည်။

ရှင်ဥပဂုတ္တရဟန္တာ မီးမျှောပူဇော်ပွဲနှင့် အတူ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲတော်ကို ကျင်းပခဲ့ရာ ယခုနှစ်တွင် ကျောက်ကြီးမြို့နယ် ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၄ ခုတို့မှ လှေအသင်းပေါင်း ၈၀ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး လယ်ပတ်ကျေးရွာမှ ဇေယျာညွန့်လှေလှော်အသင်းက ပထမရရှိခဲ့သည်။ လှေတက်ခုတ်နှင့် လှေတက်ပျံယိမ်း အမျိုးသမီး လှေအသင်းငါးသင်းတို့က ရှင်ဥပဂုတ္တ မီးမျှောပူဇော်ပွဲ မတိုင်မီကပင် ညှော့်ခံဖျော်ဖြေလျက်ခဲ့ကြသည်ဟု သိရသည်။

မီးမျှောပူဇော်ပွဲနှင့် လှေလှော်ပြိုင်ပွဲများနှင့် အတူ ခြောက်မြို့နယ် ဘောလုံးပြိုင်ပွဲများကို ပွဲတော်ရက်အတွင်း ကျင်းပခဲ့ရာ တောင်ငူ၊ ဖြူး၊ ထန်းတပင်၊ ညောင်လေးပင်၊ ရွှေကျင်နှင့် ကျောက်ကြီးမြို့နယ် လက်ရွေးစင်ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် ညောင်လေးပင်မြို့နယ်အသင်းက တောင်ငူမြို့နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်ဟု သိရသည်။

တော်သလင်းလပြည့်နေ့သည် ပွဲတော်ရက်တွင် အစည်ကားဆုံးနေ့ဖြစ်ခဲ့ပြီး ကျောက်ကြီးချောင်း မြို့လယ်တံတားမှာ နံနက် ၁၁ နာရီမှ မွန်းလွဲ ၃ နာရီအထိ လူတိုး၍ မပေါက်အောင် ပွဲတော်လာပရိသတ်များ အထူးများပြားခဲ့သည်။ တော်သလင်းလပြည့်ကျော် ၁ ရက် မွန်းလွဲ ၃ နာရီတွင် လှေလှော်ပြိုင်ပွဲ ဆုများပေးအပ်ပြီး ပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်ဟု သိရသည်။

ရှင်ဥပဂုတ္တရဟန္တာ မီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲသို့ မြို့နယ်အသီးသီးမှ ရောက်လာကြသူများသည် ကျောက်ကြီးမြို့မှ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ ကေလာသဘတောင်ပေါ်သို့သွားရောက်၍ ရှင်သီဝလိရဟန္တာ ခြေတော်ရာအား ဖူးမြော်ကြည်ညိုခြင်း၊ ကျောက်ကြီးမြို့ အရှေ့တောင်ဘက် သုံးမိုင်အကွာရှိ စပ်လဲရေတံခွန်နှင့် ခြောက်မိုင်ခန့်အကွာမှ သဲသောမူသဲသောခွာ မောင်နှံရေတံခွန်တို့သို့ အပန်းဖြေ သွားရောက်ကြသည်ဟုသိရသည်။

ဆရာကျောက်

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဆောင်ရွက်ရန် ပြည်ပနိုင်ငံများ စိတ်ဝင်စားမှုမြင့်တက်

ထားဝယ် စက်တင်ဘာ ၇

တနင်္သာရီတိုင်းဒေသကြီးတွင် လှပသော မြိတ်ကျွန်းစုပေါင်း ၈၀၀ ကျော်ရှိရာ လူသူအရောက်အပေါက်နည်းပြီး ပျက်စီးမှုနည်းပါးသော အပျိုစင်ကျွန်းများ များစွာရှိနေသည်။ အဆိုပါကျွန်းများကို အသုံးပြု၍ ခရီးသွားလုပ်ငန်းများ၊ ပုလဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်တွင်းသာမက ပြည်ပနိုင်ငံများကပါ စိတ်ဝင်စားမှု မြင့်တက်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဧည့်ခန်းမ၌ စက်တင်ဘာ ၆ ရက် နံနက် ၁၁ ခွဲနာရီက တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (CRCC) CHNA RAILWAY CONSTRUCTION CORPORATION နှင့် Beijing Xin Tan Scicnce & Technology, Ltd. တို့မှ တာဝန်ရှိသူများက လာရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါလုပ်ငန်းရှင်များက တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုများတွင် ရင်းနှီးမြှုပ်နှံလိုကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအဖြစ် ဆိုလာစနစ်များ အကောင်အထည်ဖော်လိုကြောင်း တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆောင်ရွက်လိုသည့် လုပ်ငန်းစဉ်အလိုက် အဆိုပြုပုံစံများ ရေးဆွဲ၍ တင်ပြရန်လိုကြောင်း၊ အမေရိကန်ဒေါ်လာ ငါးသန်းအထက် ရင်းနှီးမြှုပ်နှံလိုပါက MICသို့ တင်ပြရန်လိုပြီး ဒေါ်လာ ငါးသန်းအောက်ဖြစ်ပါက တနင်္သာရီတိုင်းဒေသကြီးရုံးအဖွဲ့က ခွင့်ပြုပေးနိုင်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလိုသည့် အဖွဲ့အစည်းအများကို ကြိုဆိုပါကြောင်း၊ တည်ဆဲဥပဒေအတိုင်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ အကျိုးအမြတ်ကို ပြည်သူများကိုသာ ခံစားစေရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **တိုင်းဒေသကြီးပြန်/ဆက်**

ဖျာပုံတွင် သတင်းရေးသားနည်း အခြေခံသင်တန်းဖွင့်

ဖျာပုံ စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး သတင်းစာဆရာအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသတင်းရေးသားနည်းသင်တန်း အမှတ်စဉ် (၁/၂၀၁၇)ဖွင့်ပွဲအခမ်းအနားကို ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်စာကြည့်တိုက်ခန်းမ၌ စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မာမာလွင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဖျာပုံမြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးချမ်းသာ (ချမ်းသာ-ဖျာပုံ)က သတင်းထောက်တစ်ဦး၏ သတင်းအတွေ့အကြုံကဏ္ဍ၊ အတွင်းရေးမှူး ဦးကျော်စိုးမိုး(ကျော်စိုးမိုး-ဖျာပုံ)က သတင်းရေးသားနည်းအမျိုးမျိုးနှင့် ဆိုရှယ်မီဒီယာကဏ္ဍ၊ တိုင်းဒေသကြီးသတင်းစာဆရာအသင်း အလုပ်အမှုဆောင် သတင်းထောက် ဦးမင်းမင်းဦး(မင်းမင်းဦး-ကျိုက်လတ်)က မှုခင်းသတင်းနှင့် မီဒီယာဥပဒေကဏ္ဍနှင့် သတင်းထောက်/စာရေးဆရာ ဦးညွန့်ဗိုလ်(သပြေထွန်း)က ဆောင်းပါးစာပေနှင့် ကိုးကားချက်ကဏ္ဍများကို စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ ပို့ချကြောင်း သိရသည်။ **၀၈၆**

ဆိုင်ကယ်စီးသူများ ယာဉ်စည်းကမ်းနှင့်အညီ စီးရန်စစ်ဆေး

တိုက်ကြီး စက်တင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု(၆၂) မှ ဒု-ရဲမှူး ဝင်းစိုး ဦးဆောင်၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၆ ရက်က ရန်ကုန်-ပြည်ကားလမ်း တိုးဂိတ်အနီးတွင် ဆိုင်ကယ်စီးသူများ ဦးထုပ်မဆောင်းခြင်း၊ နှစ်ယောက်ထက်ပိုစီးခြင်း၊ နောက်ကြည့်မှန် ဖြုတ်စီးခြင်းများ ရှိ၊ မရှိစစ်ဆေးလျက်ရှိရာ သတ်မှတ်စည်းကမ်းလိုက်နာမှုမရှိသူများကို မော်တော်ယာဉ်ဥပဒေအရ ဖမ်းဆီးအရေးယူလျက်ရှိကြောင်းသိရသည်။

"စည်းကမ်းမဲ့ဆိုင်ကယ်စီးသူတွေကို နေ့စဉ် တစ်ရက်ခြား စစ်ဆေးနေပါတယ်။ အခုဆို ဆိုင်ကယ်စီးသူတွေ ဦးထုပ်ဆောင်းလာကြပြီ။ လူပိုလည်း သတ်မှတ်တဲ့အတိုင်းစီးလာကြတာတွေ့ရတယ်။ ဆိုင်ကယ်စီးသူတွေရဲ့ အသက်အန္တရာယ် ကာကွယ်ဖို့အတွက် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်" ဟု ဒု-ရဲမှူး ဝင်းစိုးက ပြောသည်။ **ထွန်းလှိုင်(မြိုင်)**

ယောဒေသသုံး နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ဆေးလိပ်ဖက်ရိုက်ခုံ၊ ဝါစေ့ကြိတ်စက်များနှင့် အခြားရှေးဟောင်းပစ္စည်းများ ကြည့်ရှုလေ့လာနိုင်

မန္တလေး စက်တင်ဘာ ၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံး မန္တလေးမြို့ရှိ ပြတိုက်ငယ် (Museum)မှ စိတ်ဝင်စားဖွယ်ရာဖြစ်ပြီး လွတ်လပ်စွာကြည့်ရှုလေ့လာနိုင်သည်။ ပြတိုက်ငယ်အဝင်ဝတွင် ဒေါ်မမနိုင် မြန်မာ့ရုပ်စုံသဘင် မန္တလေးမှ လှူဒါန်းထားသော ရုပ်သေးရုပ်များက ဆီးကြိုနေပြီး ဆွဲဆောင်မှုရှိသည်။ လှူဒါန်းထားသော ရုပ်သေးရုပ်များတွင် ရုပ်သေးပြိုင်ပွဲ ဆုရရုပ်သေးများပါဝင်သည်။ ၁၉၉၄ ခုနှစ် ဆိုကရေးတီးပြိုင်ပွဲတွင် ဒုတိယဆုရ ဝိဓူရအမတ် ကတော်ရုပ်သေးရုပ်၊ မင်းသမီးရုပ်၊ လက်ရာမြောက်ဘီလူးပုံရုပ်သေးရုပ်အကြီး၊ ခြင်းခတ်မင်းသားမှအစ အခြားရုပ်သေးရုပ်များကို လှပစွာချိတ်ဆွဲထားသည်။

ပြတိုက်ငယ်အတွင်းထားရှိသော ပစ္စည်းများမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်နေသည်။ ရှေးဟောင်းနာရီ၊ ရှေးဟောင်းမှန်စီရွှေချယပ်ငါးချောင်း၊ မှန်စီရွှေချ သန်လျက်၊ နှစ်ပေါင်း ၁၅၀ ကျော် ယောဒေသသုံး သုံးချောင်းထောက်စားပွဲ၊ ရှေးဟောင်းတယ်လီဖုန်း၊ ရှေးဟောင်းရေနံ့ဆီသုံး ကြေးမီးအိမ်၊ ရှေးဟောင်းလက်နှိပ်စက်၊ ရှေးဟောင်းရေဒီယိုများကို စနစ်တကျ ပြသထားသည်။

မိုးကုတ်ဒေသထွက် ကျောက်မျက်ရတနာများ ပြသထားမှုတွင် နီလာ၊ ပတ္တမြား၊ ဂေါ်မိတ်မှအစ အခြားကျောက်အမျိုးမျိုးကို ပြသထားသည်။ ကျောက်နှင့်ပတ်သက်သည်များကိုလည်း အကောင်းအညံ့မှအစ အခေါ်အဝေါ်များကို ရှင်းပြထားသည်။ စနစ်တကျ ပြသထားသည့်အတွက် မိုးကုတ်မြို့(ပတ္တမြားမြေ)မှ ထွက်ရှိသော သဘာဝတွင်းထွက်များဖြစ်သည့် ပတ္တမြား၊ နီလာ၊ ပြောင်းခေါင်းစိမ်း၊ ဂါးနက်၊ စလင်းစွဲ၊ မျှော၊ ဖရဲအူ၊ စလင်းစိမ်း၊ သူရောင်၊ အညှို၊ ထပ်တရာ၊ နဂါးသွဲ့၊ ဂေါ်မိတ်၊ စလင်း၊ ဟူးမိုက်၊ အညံ့ဘဲရုံများကို အလွယ်တကူ လေ့လာနိုင်သည်။ ရက်ကန်းလုပ်ငန်းနှင့် ပတ်သက်သည်များကိုလည်း အသေးစိတ်မှအစ ပြသထားသည်။ ယောဒေသသုံး နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ဆေးလိပ်ဖက်ရိုက်ခုံ၊ ဝါစေ့ကြိတ်စက်များနှင့် အခြားရှေးဟောင်းပစ္စည်းများကို ပြသထားသည်။

အိမ်သုံးပစ္စည်းကိရိယာများပြသမှုတွင် ယောဒေသသုံး ဝါးမြစ် ဟင်းရည်သောက်ဇွန်း၊ ပြောင်းဖူးဖက်ရိုက် တင်းပုတ်များနှင့် အခြားပစ္စည်းများကို ပြသထားသည်။ ပြတိုက်ငယ်အတွင်းဝင်လိုက်သည်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ သင်္ကေတများကို အလွယ်တကူသိရှိနိုင်သလို အခြားဗဟုသုတများပါရရှိစေသည်။ လက်ရှိကာလတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံးမှ ပြတိုက်ငယ်မှာ စိတ်ဝင်စားစရာဖြစ်နေ၍ လွတ်လပ်စွာကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **တိမ်တမန်**

မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေး

တောင်ဥက္ကလာပ စက်တင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၄) ရပ်ကွက် မေတ္တာလမ်းရှိ အထည်ချုပ်စက်ရုံရှေ့နှင့် (၄)ရပ်ကွက် သုမင်္ဂလာလမ်းရှိ နန္ဒာဝန်ဈေးရှေ့တို့တွင် စက်တင်ဘာလ ပထမပတ်က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးခြင်းတို့ကို တောင်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြရာ စက်ရုံဝန်ထမ်းများနှင့် ပြည်သူ ၇၀၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး

စပါးရိတ်သိမ်းခြွေလှေ့စက်များ တောင်သူများသို့ ပေးအပ်

သန်လျင် စက်တင်ဘာ ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ကျေးလက်နေတောင်သူများ ခေတ်မီစက်ကိရိယာများကို အသုံးပြု၍ သီးနှံထွက်ကုန်များ အရည်အသွေးမြင့် ထုတ်လုပ်နိုင်ရန် တောင်သူများအား စပါးရိတ်သိမ်းခြွေလှေ့စက်များ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ပထမပတ်က သန်လျင်မြို့ရှိ အမှတ်(၁၈) စက်မှုလယ်ယာထွန်စက်စခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စက်မှုလယ်ယာ ဦးစီးဌာနမှ ဖွဲ့စည်းပေးသောလယ်ယာဝန်ဆောင်မှုအသင်းများဖြစ်သည့် တောင်သူ့ဇွဲမာန်ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှုအသင်း(ခရမ်း)၊ လယ်ယာ့အားမာန် ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှုအသင်း (သန်လျင်)တို့မှ တောင်သူဦးကြီးများ ဝယ်ယူထားသော စပါးရိတ်သိမ်းခြွေလှေ့စက်များကို စက်မှုလယ်ယာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးသောင်းထိုက်က လွှဲပြောင်းပေးအပ်ခဲ့သည်။ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် တောင်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ဌာနစနစ်ဖြင့် နှစ်နှစ် သုံးရစ်ခွဲ၍ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ထွန်စက်များကို အရစ်ကျ ရောင်းချပေးခဲ့သည်။ **သန်းဝင်း(သန်လျင်)**

ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာ လျှပ်စစ်မီးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

ရမည်းသင်း စက်တင်ဘာ ၇

ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် သစ်သားတိုင် ၁၀၅ တိုင်အစား ၉ မီတာကွန်ကရစ်ဓာတ်တိုင်များ အစားထိုး လဲလှယ်ခြင်း၊ ရှုပ်ထွေး Service ဝါယာကြိုးများ ရှင်းလင်းတပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ထရန်စဖော်မာ ဓာတ်အားလိုင်း ဝန်အားမျှတပ်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် လိုင်းဝန်ထမ်းများ စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးမှုကြောင့် စံပြသိမ်ကုန်းကျေးရွာနေ လျှပ်စစ်မီးသုံးစွဲသူများအနေဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာဖြင့် ဓာတ်အားအပြည့်အဝသုံးစွဲနိုင်မည်ဖြစ်သည်။

တင်ဦး (ရမည်းသင်း)

Ever Clean Travel & Tour

ပုဂံ(ရှမ်းတော်လေးဆူ)-ပုပ္ပါး	(၃ည ၄ရက်)	Oct-4-20, Nov-10-24
မြဝတီ-မဲဆောက်	(၃ည ၄ရက်)	Oct-4, Nov-10-24
မန္တလေး-မြင်းခြံ-ကျွင်	(၃ည ၄ရက်)	Oct-4-20, Nov-2,10
ငပလီကမ်းခြေ	(၃ည ၄ရက်)	Oct-4, Nov-10
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော	(၄ည ၅ရက်)	Oct-4, Nov-2-10-24
ကလော (Trekking)	(၄ည ၅ရက်)	Oct-4, Nov-2-10-24
လွိုင်ကော်-ပန်ပက်-ဒီမောဆို-ထီးစဲခါးရေတံခွန်	(၄ည ၅ရက်)	Oct-4, Nov-2-10-24
ထားဝယ်-(ရွှေကိုရှင်)-မောင်းမကန်ကမ်းခြေ	(၄ည ၅ရက်)	Oct-4, Nov-10
မော်လမြိုင်-ကျိုက္ကမီ-စက်စဲ	(နေ့ချင်းပြန်)	Sep-16,30
မော်လမြိုင်-ဝင်းကျိုက်-စိမ်းတုံတင်	(နေ့ချင်းပြန်)	Sep-16,30
ဘားအံ-ဂူ(၅)ဂူ-ချယ်ရီကျိုက်	(နေ့ချင်းပြန်)	Sep-16,30
တောင်ငူ-သံတောင်ကြီး-ဗိုက္ကုဆင်စခန်း	(နေ့ချင်းပြန်)	Sep-16,30
တောင်နိုင်ကြီးရေတံခွန်-ကျိုက်ထီးယိုး-စိမ်းတုံတင်	(နေ့ချင်းပြန်)	Sep-,16,30

09-33886666, 09-795185522

အမည်မှန်

ဆားလင်းကြီးမြို့နယ်၊ ကျားတက်၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ (ဘ) ဦးကျော်ခိုင်၏သမီး မတင်ဇာခိုင်၏ အမည်မှန်မှာ မသဥ္ဇာခိုင် ဖြစ်ပါကြောင်း။ **မသဥ္ဇာခိုင်**

ဖခင်အမည်မှန်

ဆားလင်းကြီး၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်နောင်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း[၅/ဆလက(နိုင်)၀၄၇၉၈၂] ဖြစ်ပါကြောင်း။ **ဦးထွန်းဝင်း**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ခင်မွန်အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်မင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ကျော်[၅/ဆလက(နိုင်)၀၅၃၅၆၂] ဖြစ်ပါကြောင်း။ **ဦးခင်မောင်ကျော်**

သာသနာရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး (ငြိမ်း) ဦးမောင်မောင်မြင့်ဦးစီးသော

နာလန္ဒာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

အိန္ဒိယ/နီပေါလ်နိုင်ငံတို့ရှိ သံဝေဇနီယ၊ အဝိဇဟိတလေးဌာနတို့သို့ ဘုရားဖူးပို့ဆောင်ပေးလျက်ရှိပါသည်။ အသက်သာဆုံးဈေးနှုန်း၊ အကောင်းဆုံးသောဝန်ဆောင်မှုတို့ဖြင့် ဘုရားဖူးများစိတ်အေးချမ်းသာစွာဖြင့် သွားရောက် ဖူးမြော်နိုင်ရန် စီစဉ်ထားပါသည်။ ဘုရားဖူးခရီးသည်များမှ စိတ်ချမ်းသာစွာဘုရားဖူးနိုင်ရန် သက်မှတ်ထားသောရက်များအား ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ မိသားစုသီးသန့် ခရီးစဉ်များနှင့် (၁၄)ညအိပ်(၁၅)ရက်ခရီး နှင့် (၇)ညအိပ်(၈)ရက်ခရီး စဉ်များကို ပို့ဆောင်ပေးပါသည်။ (၁၆)ဦးလျှင်(၁)ဦးအခမဲ့ ပေးပါသည်။ ခရီးစဉ်တလျှောက်ဝန်ဆောင်မှုများမှာ စေတ်မြို့ဖြစ်ပါသည်။ *Hot Line ph no: 09421082257*

အမှတ်—(၂၂၃) မြေညီထပ်၊ ဗိုလ်တထောင်ဈေးလမ်း(ယခင်အီသင်လမ်း)၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း—၀၉၄၂၁၀၈၂၂၅၇၊ ၀၉၇၃၁၃၈၅၀၃၊ ၀၉၄၂၁၀၈၂၂၅၈၊ ၀၉၅၀၆၂၁၀၈၂၂ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုတောင်းလွှာ

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် **ဦးဆန်းဝင်းနှင့် ဒေါ်ဝင်းမာ** တို့၏ "**ဇွဲထက်စိန်ရွှေရတနာဆိုင်၊ ဆိုင်အမှတ်(၆)**" ကို **တောင်ကြီးမြို့၌** ၃-၉-၂၀၁၇ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောက်နောင်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဆိုင်ခွဲပေါင်းများစွာ ဖွင့်လှစ်နိုင်ပါစေကြောင်း-

➤ **အလုပ်အမှုဆောင်အဖွဲ့ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ ဆုမွန်ကောင်းတောင်းခြွေအပ်ပါသည်။**

ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုတောင်းလွှာ

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် **ဦးဆန်းဝင်းနှင့် ဒေါ်ဝင်းမာ** တို့၏ "**ဇွဲထက်စိန်ရွှေရတနာဆိုင်၊ ဆိုင်အမှတ်(၆)**" ကို **တောင်ကြီးမြို့၌** ၃-၉-၂၀၁၇ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောက်နောင်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဆိုင်ခွဲပေါင်းများစွာ ဖွင့်လှစ်နိုင်ပါစေကြောင်း-

➤ **အလုပ်အမှုဆောင်အဖွဲ့ ရှမ်းပြည်နယ် ရွှေလုပ်ငန်းရှင်များအသင်း(တောင်ကြီးမြို့)မှ ဆုမွန်ကောင်းတောင်းခြွေအပ်ပါသည်။**

ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုတောင်းလွှာ

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် **ဦးဆန်းဝင်းနှင့် ဒေါ်ဝင်းမာ** တို့၏ "**ဇွဲထက်စိန်ရွှေရတနာဆိုင်၊ ဆိုင်အမှတ်(၆)**" ကို **တောင်ကြီးမြို့၌** ၃-၉-၂၀၁၇ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောက်နောင်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဆိုင်ခွဲပေါင်းများစွာ ဖွင့်လှစ်နိုင်ပါစေကြောင်း-

➤ **ဦးထုံးရွှေဆိုင်မိသားစု၊ ဦးကျော်ဝင်း၊ ဦးကျော်မြင့် တို့မှ ဆုမွန်ကောင်းတောင်းခြွေအပ်ပါသည်။**

ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုတောင်းလွှာ

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် **ဦးဆန်းဝင်းနှင့် ဒေါ်ဝင်းမာ** တို့၏ "**ဇွဲထက်စိန်ရွှေရတနာဆိုင်၊ ဆိုင်အမှတ်(၆)**" ကို **တောင်ကြီးမြို့၌** ၃-၉-၂၀၁၇ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း -

➤ **ဘသန်း ရွှေသန့်စင်လုပ်ငန်းမိသားစု(ရန်ကုန်မြို့)မှ ဆုမွန်ကောင်းတောင်းခြွေအပ်ပါသည်။**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အထက-၁၊ ဒသမတန်း (A)တွင် ပညာသင်ကြားနေသော မအဥ္ဇလီဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းရွှေ[၉/တကန(နိုင်)၀၁၀၅၅၂] ဖြစ်ပါကြောင်း။ **ဦးသိန်းရွှေ**

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် – ၂၁၊ နည်းဥပဒေ – ၂၂)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၄၄ နှင့် ဆက်သွယ်သည့်

၂၀၁၇ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၉၀

ဦးမင်းနိုင်	နှင့်	ဒေါ်သန်းသန်းအေး
ဒီကရီအနိုင်ရသူ		တရားရှုံး

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ၊ က) ရပ်ကွက်၊ ရတနာမဥ္ဇူလမ်း၊ အမှတ်-၁၆၃ တွင် နေထိုင်သူ တရားရှုံး ဒေါ်သန်းသန်းအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၄၄ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင်ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် (၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သောင်းလွင်)
ဒုတိယခရိုင်တရားသူကြီး(၁၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဦးဇော်မောင်အုန်းမြိုင်

(၁) ၂၀၁၆ခုနှစ်၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေကို ဘာသာပြန်ဆိုခြင်း (မြန်မာအင်္ဂလိပ်)

(၂) General Knowledge of Arbitration (အင်္ဂလိပ်) ထွက်ပြီ

ဖြန့်ချိရေး – မြို့မစာအုပ်တိုက် 09-420083688

စက်သုံးဆီဆိုင်အမြန်ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၀) ရပ်ကွက်၊ ပဲခူးမြစ်လမ်းနှင့် အဝေးပြေးလမ်းရှိ အကျယ်အဝန်း ပေ (၇၅×၁၆၀) ရှိ စက်သုံးဆီဆိုင် အမြန်ရောင်းလိုသည်။ ညှိနှိုင်းဈေး သိန်း ၇၅၀၀/-။

ဆက်သွယ်ရန်
09 761999711, 09 43180028, 09 445820381

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၁) ဒသမတန်း(B)မှ မထက်မြတ်နိုး [၁၄/ဘကလ(နိုင်)၃၂၁၅၃၈]နှင့် ဘိုကလေးမြို့နယ် ကျောင်းချောင်းကျေးရွာ(လခွဲ)(၂)မှ မစုမြတ်နိုး၊ အဌမတန်း(A) တို့၏ ဖခင်အမည်မှန်မှာ ဦးမြထွန်းအောင်(ခ) ဦးမြတ်ထွန်းအောင် [၁၄/ဘကလ(နိုင်)၁၈၈၄၅၈] ဖြစ်ပါသည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ မာန်ပြေလမ်း (၂၀) အနောက်အမှတ်(၁၄)နေ ဦးနုဝင်း- (ဒေါ်စမ်းစမ်းသော်)တို့၏သား မောင်မင်းသီဟကျော် [၁၂/သကတ(နိုင်)၁၉၅၆၇၅]သည် ဖခင်နှင့် အစ်ကိုအစ်မများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ခွင့်မလွှတ်နိုင်သည့် ကိစ္စမျိုးပြုလုပ်ပြီး မိမိသဘောအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ (နောက်နောင်ငင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။) (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးနုဝင်း[၁၂/သကတ(နိုင်)၀၃၁၆၇၇]

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်-၂၁/C၊ ဧရိယာ-၀.၂၃၃ ဧကရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇) ရပ်ကွက်၊ ပျော်ဘွယ်လမ်း အမှတ်-၁၇ ဟုခေါ်တွင်သော မြေပိုင်မြေကွက်အနက်မှ တရားဝင်တိုင်းတာခွဲစိတ်ခြင်းမရှိသေးသည့် မြောက်ဘက်ခြမ်း ဧရိယာ - အလျား မျက်နှာစာ ၄၈'/၅၁'၊ အနံ - ၈၅'/၇၈' ခန့်ရှိ မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ခင်ခင်အေး (၁၂/လမန (နိုင်) ၀၆၃၅၅၁)၊ ဒေါ်စန်းစန်းအောင် (၁၂/လမန (နိုင်) ၀၅၈၅၂၇) ဗိုလ်မှူးတင်အောင် (ငြိမ်း) (၁၂/လမန (နိုင်) ၀၅၀၆၇၁)၊ ဦးအောင်မင်း (၁၂/လမန (နိုင်) ၀၅၀၆၅၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှ ၈ ရက်(၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

ဆင်းကြူနီး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅ အခန်း- ၂၈၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂ ၀၉-၇၉၇၉၈၅၃၉၃၉

ကြော်ငြာ

ပညာရည်ချွန်ဆုချီးမြှင့်ရန်ဖိတ်ကြားခြင်း

၂၀၁၆-၂၀၁၇ စာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့သော "တန်"အမျိုးအနွယ်ဝင် မိသားစုများ၏ သား/သမီးများအား ဆုချီးမြှင့်မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

လျှောက်လွှာစတင် ထုတ်ပေးမည့်ရက် -	၁၅-၉-၂၀၁၇ရက်မှ ၃၀-၉-၂၀၁၇ရက်ထိ နံနက်၉း၀၀နာရီမှ ၁၁း၀၀နာရီထိ မွန်းလွဲ ၃း၀၀နာရီမှ ၅း၀၀နာရီထိ
လျှောက်လွှာ ထုတ်ပေးမည့်နေရာ -	အမှတ်(၅၇/ ၅၉) လသာလမ်း(အောက်လမ်း) အိန်းချွမ်းတောင်ဘုရားကျောင်း။ Ph-01-371412,09-263634200

ဆရာဒွေး နှင့် သမီး- ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသားသင်
Ph: 01-375970, 0951 72096, 09254541441

ဖခင်အမည်မှန်

ဇလွန်မြို့၊ အထက(၁)ဒသမတန်းမှ မောင်ခန့်ကိုကိုကျော်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ကျော် [၁၄/ဇလန(နိုင်)၀၈၉၀၅၉] ဖြစ်ပါသည်။

ဦးခင်မောင်ကျော်

ဖခင်အမည်မှန်

ဇလွန်မြို့နယ်၊ မြစ်ဝကျေးရွာ၊ အထက(ခွဲ)ဒသမတန်းမှ မောင်ထက်လင်းအောင်နှင့် ဦးထူးကျွန်း အလက(ခွဲ)၊ အဌမတန်းမှ မကြယ်စင်မိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း[၁၄/ဇလန(နိုင်)၀၀၁၅၇၄]ဖြစ်ပါသည်။

ဦးထွန်းထွန်းဝင်း

ပွဲတော်အုပ်
ဆန်ဆိုင်

Kan Tun Thit Trading

1. Sale Promoter F(3) P
2. Sales Executive F(3) P

Ph:09-258886868

အမည်ပြောင်း

ဦးဝင်းသန်း၏ သမီး ရန်ကုန်မြို့၊ အထက ကျောက်တံတား တက္ကသိုလ်ဝင်တန်း(B)မှ မချစ်မြတ်နိုး[၁၀/မလမ (နိုင်) ၂၄၄၈၄၀] အားမချယ်ရီရှင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

မချယ်ရီရှင်းသန့်

အမည်ပြောင်း

တောင်ငူမြို့၊ အထက(၁)၊ ပဥ္စမတန်း (B)မှ (ဘ)ဦးဝင်းကိုကိုဦး၏ သား မောင်ပြည့်ဖြိုးဦးအား မောင်ပိုင်သူရထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ပိုင်ရထွန်း

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

Alpha Power Engineering Co., Ltd. Managing Director **ဦးသက်စံ** ၏ (၈-၉-၂၀၁၇) ရက်နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာခြင်းနှင့် ပြည့်စုံပြီး ချစ်သောမိသားစု၊ ဝန်ထမ်းများနှင့်အတူ ကုမ္ပဏီ၏အကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်၍ လိုအင်ဆန္ဒမှန်သမျှ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Alpha Power Engineering Co., Ltd. မှ ဝန်ထမ်းများ

T.V (ရန်ကုန်)

ကားမောင်း-စက်ပြင်သင်တန်း

09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
09-260111942, 09420066955
09-440051112, 01-8011402, 01-8011403
09-440051113, 01-2332340

SMALL CHIT-CHAT

ထုတ်ပြီ

GOLDEN EDEN
SLEEP SOLUTIONS

"Singapore နိုင်ငံမှ ... Quality ..."

Imported from Singapore
Fb - GoldenEdenSleepSolutions
Ph - 01203671 / 01205756

Home

အမှတ် F(2~8) ... ရန်ကုန်မြို့
အမှတ် (E-11A) ... ရန်ကုန်မြို့
☎ 09-79 700 70 70
☎ 09-79 700 70 80

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊ (နှင်းဆီကုန်းတိုးဘွားရိပ်သာရှေ့)၊ မေဟန်းမြို့နယ်။

Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းစန်းမ

အဆင့်မြင့် **Laminate Flooring** ကြမ်းခင်းပြားများနှင့် 100% ...

Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381

Ph: 09-5425251, 09-73225484

Ph: 09-5076661, 09-5076662, 09-5076663

Ph: 09-5091526, 09-5091527

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING





TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

ကြေးမုံ

THE CENTRAL

WHERE THE FINEST MEETS

LIMITED LAKEVIEW UNITS REMAINING

At the **Corner of Kabar Aye Pagoda Road and Kanbe Road,**
The Central is designed to be a world-class mixed-use development with Yangon's first retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.

ကမ္ဘာ့အေးဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်
The Central သည် ရန်ကုန်၏ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း၊ စားသောက်ဆိုင်များ၊ အဆင့်မြင့်လူနေအိမ်များ၊ ပြီးပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ၊ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့ ၏ သက်ဝင်စိုလန်းခြင်း၊ ခိုင်မာတည်တံ့ခြင်းနှင့် စည်းလုံးခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။

ENQUIRY HOTLINE
+959 777 773 770

PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

www.thecentral.com.mm

INFORMATION CENTER ADDRESS
160 Meters from the Corner of Kabar Aye Pagoda Road and Kanbe Road (Across from MIC Office)

BAYER

EMP

Supradyn®

No.1 Brand in Europe

Coenzyme Q10 ပါဝင်တဲ့ Supradyn New Formula

ဂျာမနီနိုင်ငံ၏ ကမ္ဘာ့ထိပ်တန်း ဆေးဝါးကုမ္ပဏီ Bayer မှ ထုတ်လုပ်သည့် International brand ဖြစ်သော Supradyn

စွမ်းအင်ပြည့်တင်း စူပရာဒင်း အားဆေး

"UWS University UK MBA အကြောင်းဆွေးနွေးပွဲ"

"Free Seminar"

Speaker : Mr.Kevin Johns Putra (Chief Operating Officer), UWS University, UK
Date : 17-SEPT-2017 (Sunday)
Time : 1:00 PM – 3:00 PM
Venue : River Samon Institute of Management, 6th Floor (ပန်းခြံတာဝါ၊ စမ်းချောင်းမြို့နယ်)

ကြိုတင်စာရင်းပေးသွင်းရန်
09-73094060
09-420725566

We make you Smarter..!

RIVER SAMON
No.(8), Room(406, 506, 606), 4th Floor, 5th Floor, 6th Floor, Pan Chan Tower, Sanchaung Township, Yangon, Myanmar.
Website: www.rsic-edu.com, E-Mail: info@riversamon.com

ငှားရန်/ရောင်းရန်

စံပယ်ဖြူကွန်ဒို (အသစ်) လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်း၊ (၁၂)ထပ် (အပေါ်ဆုံးထပ်) ရှေ့မျက်နှာစာထောင့်ခန်း (ပေ၁၇၅၀) ပြည့်စုံ၊ လှပ၊ အလင်းကောင်း

ဖုန်း-၀၉- ၅၁၇၇၂၂၄၊ ၀၉- ၅၀၁၆၈၇၀

စက်ချုပ်ပညာတတ်သားတော
ဘွဲ့တစ်ခုရသလို တန်ဖိုးရှိပါတယ်
အေးမွန်ရတနာ
အမျိုးသမီးစက်ချုပ်သင်တန်း
ဒေါ်ခင်ဝင်းရီ (B.A, B.Ed.)
၃၉(ဂ)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်။ (အဆောင်ရှိသည်)
ဖုံး ➢ ၀၁-၅၇၉၈၂၅၊ ၀၉-၅၁၀၄၆၈၇၊ ၀၉-၅၀၉၃၄၉၁၊ ၀၉-၄၂၀၀၀၆၈၀၉

JES Driver Academy

အထူးယာဉ်မောင်းသင်တန်း

လူရှိများသောနည်းစနစ်များဖြင့်သင်ကြားပေးမည့်ယာဉ်မောင်း အထူးသင်တန်းကို (၂၁ - ၉ - ၂၀၁၇) ကြာသပတေးနေ့တွင် ဖွင့်လှစ်ပါမည်။ လူဦးရေကန့် သတ်ထားပါသည်။

(စ) လိုင်စင်ရသည်အထိ ဆောင်ရွက်ပေးမည်။ (အမောင်းသင် လိုင်စင်လက်ဝယ်ရှိသူများ အမြန်လိုင်စင်ရမည်။)တက်ရောက် လိုသူများအောက်ပါဖုန်းနံပါတ်များတွင်စုံစမ်းနိုင်ပါသည်။

09 797815723, 09 32173735, 09 428581144
09 263145979, 09 767272088, 09 780636377
www.facebook.com/jesdriveracademy

အမြန်ရောင်းမည်

ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ ၁၆/B ရပ်ကွက်၊ ပေ (၄၀×၆၀) မြေပိုပါ၊ ဘေလီတံတားမှ ကားဖြင့် ၁၅ မိနစ်၊ လမ်းမကြီး ဂုတ်ခြံ၊ မြေဖို့ပြီး ဆောက်ရန်အသင့် ၊ ၆၉၉ သိန်း (ညှိနှိုင်း)

2013 Toyota Hilux (Single-Cab) 2WD ၊ ဘယ်မောင်းကား၊ အလွန်သန့်၊ ကီလို ၁သောင်းကျော်၊ ပစ္စည်းစုံ ဆင်ပြီး၊ 2.5L Diesel, 5-Speed Manual, 1 G, ရန်ကုန်လိုင်စင်၊ ပိုင်ရှင် အမည်ပေါက်၊ သိန်း ၂၆၀(ညှိနှိုင်း)

ဆက်သွယ်ရန်- ၀၉-၇၈၇၂၆၀၆၂၀၊ ၀၉-၉၇၂၉၅၉၅၁၈

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း၊
များရှိမြေကွက်များကို
ဈေးကောင်းပေး၀ယ်သည်။
09-500 5916
09-510 1862

ကန့်ကွက်နိုင်ပါသည်

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် (၁၉၈/က)၊ မြေကွက်တည်နေရာအမှတ်(၁၉၈/က)၊ သုတ(၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် အမည်ပေါက် ဦးကျင်(အေစီ-၀၄၃၃၂၀) နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျင်(ဖခင်) ကွယ်လွန်ပြီး၊ ဒေါ်တင်စိန်(မိခင်)ပါ ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ် ၄၆၂၆/၇-၈-၂၀၁၄ဖြင့်ရရှိသူ ဦးစန်းမြင့်[၁၂/ဥကတ(နိုင်)၀၃၅၉၀၁]၊ ဦးစိန်မြင့်[၁၂/ဥကတ(နိုင်)၀၃၅၈၉၈]တို့၏ GP ဒေါ်သန်းသန်းဝင်းမှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၊ ကျမ်းသစ္စာပေးသူ အရာရှိ ဒေါ်နှင်းဝင့်ဝင့်ဖြူ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသော ကျမ်းကျိန်လွှာ ၅-၀၀၄/၂-၅-၂၀၁၇၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်နှင့် ဦးစန်းမြင့်+၁ထံမှ ကိုယ်စားလှယ်လွှဲစာရရှိသူ GP ဒေါ်သန်းသန်းဝင်းမှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ၎င်းပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၆-၁၅၅၄/၂၃-၆-၂၀၁၇ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားမြေကွက်တွင် ၁ထပ်ပျဉ်ထောင်အိမ်တွင် လူနေထိုင်ခြင်းမရှိဘဲ သော့ပိတ်ထားကြောင်း စိစစ်တွေ့ရှိရကြောင်းတင်ပြ၍ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ဓနုဖြူ... မြေကွက်အမှတ်–၂၉၊ ဦးပိုင်အမှတ်–၅၊ မြေဧရိယာ (၀.၁၂) ဧကရှိမြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ထပ်မံရှင်းလင်းကြေညာခြင်း

[illegible]

တာဝန်လွှဲအပ်ချက်အရ
ဦးစိန်ဝင်း (ဥပဒေဘွဲ့) | ဦးသန်းဇော်-LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ
(စဉ်– ၂၅၆၃) | (စဉ်–၁၂၇၃)
ရုံး–ရွှေပြည်သာမြို့နယ်တရားရုံးရှေ့ (ရှေ့နေများနားနေခန်း)
ဖုန်း–၀၉ ၀၅၅၂၂၆၀

ကန့်ကွက်နိုင်ကြောင်းအသိပေးကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁၀-PHASE 2) လူနေရပ်ကွက်အမှတ် (တက္ကသိုလ်ရိပ်မွန်အိမ်ရာ)၊ ကံ့ကော်လမ်း၊ မြေကွက်အမှတ်(၁၃) ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ (၆၁×၆၀)၊ ဧရိယာ (၀. ၀၈၄ဧက)၊ စတုရန်းပေ (၃၆၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ယင်းမြေကွက်တန်ဖိုးတစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄) ရက်အတွင်း ယင်းမြေ ကွက် ၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်သော အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက ယင်းမြေကွက်အရောင်းအဝယ် ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညွန့်ညွန့်သန်း(တရားလွှတ်တော်ရှေ့နေ-စဉ်-၇၈၁၉)
အမှတ်-၃၂၀၊ ရာဇာဓိရာဇ်လမ်း၊ (၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉ ၄၀၁၅၂၆၈၈၀၊ ၀၉ ၉၇၂၁၇၅၀၈၁၊ ၀၉ ၂၆၀၉၈၃၃၃၁

UNIQUE STAR Travels & Tours Co.,Ltd

Bangkok (5D)	Sep 9, 23, Oct 3, 4	(399 $)	Saigon-Danang-Bana Hill (7D)	Oct 7	(799 $)
Phuket (4D)	Sep 23, Oct 3, 4	(599 $)	Hanoi-Halong (4D)	Sep 16, Oct 3	(350 $)
Singapore (4D)	Sep 4, 23, Oct 5, 21	(599 $)	Munei-Dalat (5D)	Sep 15, Oct 4, 21	(350 $)
S'pore-Langawi (7D)	Oct 5	(999 $)	Vietnam-Cambodia (6D)	Sep 8, Oct 3	(599 $)
Bali-S'pore (6D)	Sep 22, Oct 5	(999 $)	Cambodia (4D)	Sep 8, Oct 4	(399 $)
Bali - Borobudur (6D)	Sep 22, Oct 4	(899 $)	Bali- (5D)	Sep 22, Oct 5, 20	(699 $)

70/A,Kabaaye Pagoda Rd,Bahan Tsp,Ygn: 09 788 82 82 82 , 09 788 83 83 83 , 09 540 1568 , 09 540 1569
Mdy: Ph: 09 760 85 85 85, 09 766 85 85 85, 09 514 8079, Facebook : Unique Star Travels and Tours

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည်
License No(661)
သာကီနွယ်
Hot Line - 01-200952
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
(၁၅)ရက်ခရီး - (၁၃)သိန်းကျပ်အစား (၁၁.၉)သိန်းကျပ်စရိတ်ငြိမ်း
(၈)ရက်ခရီး - (၁၁)သိန်းကျပ်အစား (၉.၉) သိန်းကျပ်စရိတ်ငြိမ်း
ဝန်ဆောင်မှုအပြည့်ရေနှုန်းအသက်သာဆုံး မြန်မာကျပ်ငွေဖြင့်သာပေးချေနိုင်ခြင်း ဟိုတယ်(၃)ညအိပ် ညမောင်းခရီးစဉ်(လုံးဝ)မပါ၊ အပိုငွေကြေးထပ်ကောက်ခြင်းမရှိ အပတ်စဉ်စနေနေ့ တိုင်းထွက်ရှိသည်။
- ထွက်ခွာမည့်ရက်များ (၈)ရက်ခရီး Hotel Package - ၁၅သိန်း
Oct - 1,7,14,28 /Nov - 4,11,18,25/ Dec - 2,9,16,24
Jan - 7,20,27 / Feb - 4,10,18,24 / Mar - 4,10,18,24
(၁၀)ဦး (၁)ဦးအခမဲ့

မြေကွက်ကျယ်ရောင်းမည်
တောင်ဒဂုံမြို့နယ်၊ မြယမုံစမ်းရိပ်မြိုင်၊ အဆင့်မြင့်အိမ်ရာ (Sony)အတွင်းရှိ (100'×74')ပါမစ်မြေကွက်ကျယ် ရောင်းမည်။ Ph: 09-5174219, 09-444450256

မိခင်အမည်မှန်

ဖျာပုံမြို့၊ အထက(ဒေါ်ငြိမ်း)၊ တက္ကသိုလ်ဝင်တန်း(ဃ)မှ မအိမွန်၏ မိခင်အမည်မှန်မှာ မမာမာကြည် [၁၄/အမတ(နိုင်) ဝ၀၆၅၉ဝ] ဖြစ်ပါကြောင်း။

မမာမာကြည်

ကိုကျော်နိုင် CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

CHERRY OO
30th ANNIVERSARY
ချယ်ရီဦး ရဲ့ မွေးနေ့ကတော့ ၁၉၈၇ခုနှစ်၊ စက်တင်ဘာလ၊ ၁ဝရက်နေ့ ဖြစ်ပါတယ်
ချယ်ရီဦးရဲ့ မွေးသက္ကရာဇ် (ခုနှစ်၊ လ၊ ရက်) နှင့် တူညီသူတိုင်းအတွက်
တစ်မျိုးတူညီပါက 20% Discounts
နှစ်မျိုးတူညီပါက 30% Discounts
သုံးမျိုးတူညီပါက 50% Discounts
မှတ်ပုံတင်မိတ္တူ ယူဆောင်လာပါရန် (တစ်ဆောင်လျှင် နာရီတစ်လုံးသာ)
၁.၉.၂၀၁၇ မှ ၃၀.၉.၂၀၁၇ အတွင်း ဝယ်ယူသူတိုင်းအတွက် 10% Discounts
Ph: 09 73022248, 09 451522228
https://www.facebook.com/cherryoowatchgallery

"သတိပေးတားမြစ်ချက်"

"Myanmar Japan Thilawa Development Limited"

MJTD
Myanmar Japan Thilawa Development Limited

M.A.,H.G.P.,D.B.L.

CAUTIONARY NOTICE

Myanmar Japan Thilawa Development Limited, a Developer company of Thilawa Special Economic Zone, located at Corner of Thilawa Development Road and Dagon-Thilawa Road, Thilawa SEZ, Yangon Region, is the Owner of the following logo:-

MJTD
Myanmar Japan Thilawa Development Limited

Reg. No. 7856/2017

Fraudulent imitation or unauthorised use of the said logo will be dealt with according to law.

Win Mu Tin, M.A., H.G.P., D.B.L
for **Myanmar Japan Thilawa Development Limited**
P. O. Box 60, Yangon
E-mail: makhinkyi.law@mptmail.net.mm

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၄၁၈) နေ ဒေါ်ခူစော(ခ)အေးညွန့် [၁၂/အလန(နိုင်)ဝ၂ဝဝ၆၉]၏ သားဖြစ်သူ စောဒူးဂေး [၁၂/အလန(နိုင်)ဝ၄၅၉၄၉]သည် မိဘများစိတ်ဆင်းရဲအောင် ပြုမူလုပ်ဆောင်ကာ ၎င်း၏သဘောဆန္ဒအတိုင်း နေအိမ်မှထွက်သွားပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ခူစော(ခ)အေးညွန့် [၁၂/အလန(နိုင်)ဝ၂ဝဝ၆၉]

အများသိစေရန်ကြေညာချက်

BFI EDUCATION SERVICES

SKT COLLEGE MISA ACADEMY BISA ACADEMY

၂၀၁၇ ခုနှစ် အမေရိကန်နိုင်ငံတွင်ကျင်းပခဲ့သော

အပြည်ပြည်ဆိုင်ရာပညာရေးစွမ်းရည်ပြိုင်ပွဲ Genius Olympiad 2017-USA

တွင်ထူးချွန်ဆုများဆွတ်ခူးရရှိခဲ့ကြသော မြန်မာနိုင်ငံရှိ BFI Education Services Co.,Ltd.မှ
ဖွင့်လှစ်ထားသောကျောင်းများမှကျောင်းသူ၊ကျောင်းသားများ

ရွှေတံဆိပ်ဆုရှင်များ

Wei Ting Li
Anirudh Mishra
William Tioe

ငွေတံဆိပ်ဆုရှင်များ

Yun Wai Wai Oo
Nan Myat Mon Kyaw

ဂုဏ်ထူးဆောင်ဆုရှင်များ

May Phoo Mon
Wint War War Aung
Zin Min Khant
Swan Yay Pyae
Zar Ni San

Congratulations!
ဂုဏ်ယူဝမ်းမြောက်ကြောင်းကြော်ငြာခြင်း

Korea International Youth Olympiad(KIYO) 4I 2017-South Korea

ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာလူငယ်ပညာရေးစွမ်းရည်ပြိုင်ပွဲ

ရွှေတံဆိပ်ဆုရှင်များ (Grand Prize)

Suz Myat Mon Khin Phone Wai

www.bfi-edu.com /bfieducation

235, Shu Khinn Thar Myo Pat Rd, Thaketa Tsp, Yangon.Ph: (01) 450396-7, (01) 9410010-20, (09) 424451186

FULLY LIGHT TRAVELS & TOURS CO., LTD.
福利来旅游股份有限公司
ရန်ကုန်-တိုင်ပေ-တိုင်ကျုံး-ကောင်းရှုံ-တိုင်ပေ-ရီလန်-ရန်ကုန်
ထိုင်ဝမ် ခရီးစဉ်
4~9 Oct
1290 USD per person
Book Now!
B-801, 8th Floor, Dagon Center (1), Myaynigone, Sanchaung Tsp., Yangon.
Tel : (95-1) 503815, 516932, 516964, 516985, 09 33377784 Fax : 503815
Email : fullylight@gmail.com Website : www.fullylight.com
09 421013085
09 333 777 82

ASIA KING
+ချောင်းသာ 12000
+ငွေဆောင် 15000
+ကျိုက်ထီးရိုး 10000
09-778585912, 09-43114301

ကားသန့်ငှား
CAR RENTAL
09-43117680, 09-5059821

Royal Gandamar Travels & Tours
01-397484, 09-31006777, 09-5127969, 09-33353275, 09-250892626, 09-8305533

ဝက်ခြံ၊ တင်းတိပ်အထူးပျောက်ကင်း၍ အသားအရေဖြူစင်ချောမွတ်စေပါသည်။

မြန်မာ့ရိုးရာအသားဖြူရည်
1309 PC0020

NANYENG INTERNATIONAL COLLEGE
(Batch 34) Oct 8th မှစမည်
PASAS (Singapore) မှ အသိအမှတ်ပြု
Professional Certificate in Business Management (3 Modules)
(Module 1) Cert in Human Capital Management
Dr. ဒေါ်ညွှန့်မြင့် Ph.D (HRM, Delhi University), M.Com, YIE (9:00 am to 12:00 pm)
(Module 2) Cert in Leadership: Leading Transformational Change
Dr. ဒေါ်ဝင်းသီတာ Ph.D (1:00 pm to 4:00 pm)
(Module 3) Cert in Integrated Marketing Communications & Brand Sustainability
Asst. Prof. ဦးဇင်မင်းဘိုမ်း (ဆရာ Kevin) M.Sc (UK)., Ph.D(Thesis) (4:00 pm to 7:00 pm)
Sunday Only (6 Weeks)
NIC မှ Competence Certificate
Ph : 09-420118100, 09-250640429

ဧရာဝတီ ဧည့်ရိပ်မွန်
Car Parking
SB-9/10
Ph 01 2301090
09 73193030 10000 / 12000
09 73212233 20000 / 22000
Wifi Free 25000 / 27000
Facebook (ဧရာဝတီဧည့်ရိပ်မွန်)

Golden Valley Inn (GVI)
Car Parking ရှိ
17(A),
PH : 01-524 173
09 - 253 000 201
09 - 253 000 202
Wifi Free
Discount - 10000
(With Breakfast) 27000
(With Breakfast) 35000
Foreigner (With Breakfast) $40
Facebook (Golden Valley Inn) Promotion

ခစုံမြို့သစ်
09-6809893
09-5120620

ပါကောဦးထွန်းမိသားစု

Hot Line 09-500 4036

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

